# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၈၂)


## မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချနေမှုအား ထိန်းချုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ


*ပြည်တွင်းသတင်း* စာ ၇


## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၃-၂၀၂၀) ရက်နေ့ ည (၁၀:၃၀) နာရီ


စာ ၁၅




အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၄/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

# အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ပုံစံဖြင့် ပြုလုပ်သော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၄/၂၀၂၀) သို့ တက်ရောက်သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ပြုလုပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ခေတ်ခွဲကဏ္ဍအသီးသီးမှ ဝန်ထမ်းများအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ Video Conferencing ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်


*စာမျက်နှာ ၄ ကော်လံ ၁* ❁




ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) BPI တွင် လက်သန့်ဆေးရည်များ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ–နေလင်း

# BPI က ဈေးကွက်တွင် လိုအပ်လျက်ရှိသည့် လက်သန့်ဆေးရည်နှင့် အရက်ပြန်ဆေးဘူးများ တိုးမြှင့်ထုတ်လုပ်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ(အင်းစိန်) BPI က COVID-19 ရောဂါ ကာကွယ်ရေးအတွက် ဈေးကွက်တွင် လိုအပ်လျက်ရှိသည့် လက်သန့်ဆေးရည်နှင့် အရက်ပြန်ဆေးဘူးများကို ယခင်ကထက် ပိုမိုတိုးမြှင့် ထုတ်လုပ်လျက်ရှိကြောင်း အဆိုပါ ဆေးဝါးစက်ရုံ (အင်းစိန်) မှ သိရသည်။

"အခုက ပုံမှန်ထက်ကို နှစ်ဆလောက် ပိုထုတ်နေပါတယ်။ အင်းစိန် BPI ဆေးဝါးစက်ရုံရှေ့မှာရှိတဲ့ ဆေးအရောင်းဆိုင်ကနေ အရက်ပြန်ဆို လိုသလောက် ရောင်းပေးနေပါတယ်။ လက်သန့်ဆေးကတော့ တစ်ဦးတစ်ယောက်တည်းက အများကြီးဝယ်နေတာရှိတော့ လူတစ်ဦးကို တစ်ဘူးနှုန်းနဲ့ ရောင်းပေးနေပါတယ်။ စက်ရုံရောင်းဈေးအတိုင်း ရောင်းချပေးနေပါတယ်။ ဈေးတင်ရောင်းတာ မရှိပါဘူး။ အရက်ပြန်ကတော့ တော်တော်လေး ရောင်းပေးရပါတယ်"ဟု ဆေးဝါးစက်ရုံ(အင်းစိန်) BPI မှ စက်ရုံမှူး ဒေါက်တာခင်ပြုံးလွင်က ပြောသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) BPI မှ ထုတ်လုပ်လျက်ရှိသော အရက်ပြန်နှင့် လက်သန့်ဆေးရည်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်း GMP guide line အတိုင်း ထုတ်လုပ်လျက်ရှိပြီး သုံးစွဲသူများအနေဖြင့် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်း ဈေးကွက်အတွင်း


*စာမျက်နှာ ၃ ကော်လံ ၁* ❑





မြန်မာ့အလင်း

# အကျပ်အတည်း၊ အမှောင်နှင့် အလင်း

ယနေ့အချိန်သည် မရှောင်လွှဲနိုင်သော ကပ်ရောဂါကို နိုင်ငံသားတို့ ဝိုင်းဝန်းပူးပေါင်း ကာကွယ်တွန်းလှန်နေရသည့် ကာလဖြစ်သည်။ သဘာဝတရားက လူတို့ကို ခွဲခြားဆက်ဆံမှုမပြု။ ယခု ကိုဗစ် ၁၉ ဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်လာသည့်အခါ ဗိုင်းရပ်စ် ကူးစက်မှုက ဆင်းရဲချမ်းသာမရွေးခဲ့။ အားလုံးတန်းတူညီမျှ အန္တရာယ်ရှိသည်ချည်း ဖြစ်၏။

ယခုပင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ် ၁၉ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုများ စာရင်းများတွင် လူမျိုးအစုံစုံ၊ လူတန်းစားအသီးသီးကို တွေ့နေရသည်။ ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊ နိုင်ငံရေးခေါင်းဆောင်၊ အစိုးရထိပ်ပိုင်းက တာဝန်ရှိသူ၊ နိုင်ငံတကာအဖွဲ့အစည်းကြီး၏ ထိပ်တန်းဝန်ထမ်း၊ နန်းတွင်းတော်ဝင် မိသားစုဝင် စသည်တို့မှသည် လက်လုပ်လက်စား အလုပ်သမားအထိ ပါဝင်၏။ အသက်ကြီးသူ၊ ငယ်သူ၊ ကျားမ မဟူ ကူးစက်နိုင်သည်ပဲဖြစ်၏။ ဗိုင်းရပ်စ်ပိုးက လူ မရွေး။ ရောဂါပိုးရှိနေသူနှင့် နီးနီးစပ်စပ်နေလျှင်၊ အကာအကွယ်မရှိလျှင်၊ လက်မဆေးလျှင် မည်သူ့ကိုမဆို ကူးစက်သွားနိုင်သည်သာ ဖြစ်၏။

ထိုဗိုင်းရပ်စ်ရောဂါပိုး ပေါ်ပေါက်လာသည့်အခါ လူမှုအဖွဲ့အစည်းတွင်းက လူတို့၏ သဘာဝ၊ စိတ်နေစိတ်ထား၊ အသိပညာ၊ ကိုယ်ကျိုးစီးပွား စသည့် အထွေထွေအနေအထားပေါ် မူတည်၍ တုံ့ပြန်မှုအမျိုးမျိုးကိုလည်း တွေ့ရ၏။ ဤသည်ကလည်း လောကသဘာဝ၊ လူ့သဘာဝပဲဖြစ်၏။ အကောင်းအဆိုးဒွန်တွဲ ရှိနေတတ်သည့် လောက။

အတွေ့အကြုံများပေါ် မူတည်ကာ သဘောထားမှတ်ချက်ပေးနေသည့် နိုင်ငံတကာပညာရှင်တို့က ယခုကပ်ရောဂါသည် ကူးစက်မှုနှုန်း မြန်ဆန်သည်၊ အန္တရာယ်များသည်မှန်သော်လည်း မကြာလှသော အချိန်တွင် ကောင်းစွာထိန်းချုပ်နိုင်မည်ဟု ယုံကြည်ထားကြ၏။ ထို့အတွက် အပြင်းအထန်လည်း ကြိုးစားနေကြ၏။ ကုသရန်အတွက် ရော၊ ကာကွယ်ဆေးကိုရော နေ့ရောညပါ အလုပ်လုပ်နေကြ၏။ ထပ်မံမပြန့်ပွားရေးအတွက်လည်း လူတစ်ဦးချင်းစီ၏ အမူအကျင့်မှအစ ဥပဒေ စည်းမျဉ်းစည်းကမ်းတို့အထိ အားလုံးကို ထုတ်ပြန်နေ၏။ အလွယ်တကူကြီးမဟုတ်သော်လည်း တစ်ချိန်တွင် အားလုံးကို ကျော်ဖြတ်သွားနိုင်မည်ပဲဖြစ်သည်ဟု ကောင်းစွာ မျှော်လင့်ထားကြ၏။ အမြဲတမ်း အဆိုးချည်းမဟုတ်။

ဗိုင်းရပ်စ်ရောဂါပိုး ဂယက်ထသည့်အခါ အချို့သောစီးပွားရေးသမားတို့က လောဘဖြင့် အကျိုးမြတ်ပိုရရန် ပြင်ဆင်ကြ၊ ရောင်းချကြသကဲ့သို့ အများအပြားသောသူတို့က ဒုက္ခရောက်နေကြသည့် လူတို့ကြားတွင် အမြတ်မယူဘဲ ရောင်းချပေးရန်၊ တတ်နိုင်သူတို့က ဝေငှအလှူလုပ်ရန် စီစဉ်နေကြ၏။ မဟုတ်မမှန် သတင်းများကို လုပ်ကြံဖန်တီးပြီး လူအများ ချောက်ချားအောင်၊ စိတ်ရှုပ်ထွေးအောင် ထုတ်လုပ်နေကြသူတို့ ရှိသော်လည်း အများစုက သတင်းအမှန်များကို ရှာဖွေစုဆောင်းကာ ဖြန့်ဝေလျက်ရှိကြ၏။ အချို့သူတို့က ရောဂါပြဿနာ ကြိုးစားဖြေရှင်းနေကြသူများကို အပြစ်တင်ရင်း၊ ဩဇာပေးရင်း ဒူးနှန့်နေကြသော်လည်း များစွာသောသူတို့က လက်ငင်းအနေအထားပေါ် အပြုသဘောဖြင့် ဝေဖန်အကြံပြုရင်း၊ အားပေးရင်း တတ်နိုင်သမျှ ဝင်ရောက်ကူညီနေကြ၏။ အနိမ့်ဆုံးအားဖြင့် လက်တွေ့ဆောင်ရွက်နေကြသူများကို အားပေးချီးကျူးနေကြ၏။ အချို့သော သူတို့က မိမိတို့ ကိုယ်ကျိုးသက်သက်ကို ရေတိုကြည့်၍ သတင်းမှန်မပေး ပုန်းရှောင်ရန်ကြိုးစားကြသော်လည်း အချို့သူတို့က ရောဂါပိုးရှိသူကို ကားမောင်းပို့မိခဲ့သောကြောင့် မိသားစုကိုထားရစ်ကာ ယာယီထိန်းချုပ်စခန်းသို့ ကိုယ့်ကိုယ်ကိုယ် လာရောက်အပ်နှံ၍ စခန်းတွင်းသို့ ဝင်၏။ အချို့သူတို့က လူတို့ ဒုက္ခရောက်နေကြသည်ကို ဝမ်းမြောက်နေကြသည့်နှယ် ရှိကြသော်လည်း အများစုကမူ လုပ်အားဖြင့်ဖြစ်စေ၊ ငွေကြေးဖြင့်ဖြစ်စေ၊ နည်းမျိုးစုံဖြင့် မည်သို့ကူညီရမည် ဆိုသည်ကို စိတ်အားထက်သန်နေကြ၏။

အချို့သူတို့က တာဝန်ရှောင်ရန် နည်းလမ်းစုံရှာကာ မဆိုင်သလိုနေကြသူများရှိသော်လည်း တာဝန်ရှိသည်ထက် ပိုမိုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းတို့ကလည်း အများအပြားရှိနေသည်သာ ဖြစ်ပေသည်။

လောကသဘာဝအတိုင်း ဆိုးကောင်းဒွန်တွဲနေသည်တို့ကြားမှာ ရှိနေရသည်မှန်သော်လည်း အသေအချာစေ့ငုကြည့်လျှင် ယနေ့ မြန်မာပြည်တွင်းက ကူညီနေကြသည့် ပရဟိတသမားများ၊ ပင်ပန်းတကြီး တာဝန်ယူနေကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ စိတ်ဓာတ်ရေးရာအရ အားပေးနေသော ပြည်သူလူထု၊ သတင်းသမားများက သတင်းမှန်ရယူဖြန့်ဝေကြ၊ အနုပညာသမားများက အနုပညာဖြင့် လူထုကို ပညာပေးကြ၊ ကဗျာသမားက ကဗျာဖြင့်၊ သီချင်းသမားက သီချင်းဖြင့်၊ ကာတွန်းသမားက ကာတွန်းဖြင့်၊ သံဃာတော်များက ရပ်ထဲရွာထဲလှည့်ကာ ပရိတ်တရားတော်များ ရွတ်ဖတ်ကြ၊ ငွေကြေးတတ်နိုင်သူများက အလှူလုပ်ရန် ဟန်တပြင်ပြင် စသည်ဖြင့် ပြည်သူလူထု၏ ပါဝင်မှုအမျိုးမျိုးက ယနေ့တွေ့ရှိနေရသည့် အခြေအနေအကျပ်အတည်းများထဲမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဆိုခြင်းကို ဖော်ပြနေသည်ဟူ၍ ယုံကြည်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးတို့မှ COVID-19 အသိပညာပေးလုပ်ငန်းများအား ပူးပေါင်း၍ တိုင်းအဆင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှူးရုံးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဦးစီးဌာနများနှင့်ပူးပေါင်းကာ တိုင်းဒေသကြီးအဆင့် COVID–19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်အတိုင်း အသိပေး ပန်ကြားချက်များအား မြို့နယ်များအတွင်း အသံချဲ့စက်များ အသုံးပြု၍ ကြေညာခြင်း၊ ပိုစတာများကို ထင်သာမြင်သာရှိသော လမ်းဆုံလမ်းခွ လူသူအသွားအလာများသော နေရာဒေသအလိုက် ချိတ်ဆွဲပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၇ ရက်မှ စတင်ကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

“အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရယ်၊ ကျန်းမာရေးဌာနရယ် ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်းက မြို့နယ်၊ ရပ်ကွက်၊ လမ်းအလိုက် မော်တော်ယာဉ်၊ အနေးယာဉ်နဲ့ အသံချဲ့စက်တွေတပ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အတိုင်း COVID–19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး နည်းလမ်းတွေကို ရပ်ကွက်နေပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်၊ ပြည်သူတွေ ပူးပေါင်းပါဝင်လာအောင်၊ ကျန်းမာရေးဌာနတွေကို ထောက်ပံ့ကူညီနိုင်အောင်၊ ဥပဒေကိုလည်း တိတိကျကျ လိုက်နာအောင်၊ လက်ကမ်းစာစောင်နဲ့ ကြော်ငြာတွေ ဖြန့်ဝေပေးပါတယ်။ အသံချဲ့စက်နဲ့လည်း ကြေညာပေးတယ်။ ဒီရောဂါ ကပ်ဘေးက လွတ်မြောက်အောင်လို့ လိုက်နာ၊ ကာကွယ်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဘယ်လိုကာကွယ်ကြမလဲ၊ ကာကွယ်နိုင်မယ့် နည်းလမ်းပါအတိုင်း လုပ်ဆောင်ကာကွယ်နိုင်ကြဖို့ နေ့စဉ် အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါ COVID–19 ရောဂါ ကာကွယ်ရေးအတွက် ပြည်သူလူထုက နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေကြရန်၊ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောရန်၊ နှာချေ၊ ချောင်းဆိုးရာ၌ လိုက်နာရမည့်အချက်များ လိုက်နာရန်၊ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ အသုံးပြုနည်းများ၊ ကျေးရွာရပ်ကွက် ဈေးအတွင်း မိသားစုများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စိတ်ချယုံကြည်ရသည့် သတင်းအရင်းအမြစ်မှ ထုတ်ပြန် ကြေညာချက်များကိုသာ လိုက်နာရန်၊ ပြည်ပမှဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများ လိုက်နာရမည့် အချက်များကို လိုက်နာရန်၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်များကို လက်ကမ်းစာစောင်၊ ဗီနိုင်းကြော်ငြာဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာပေးခြင်းတို့ တိုင်းဒေသကြီးအဆင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ–မျိုးကြီး**



## မော်လိုက်မြို့ မြို့မဈေးကြီးအတွင်း ပိုးသတ်ဆေးရည်များ ပက်ဖျန်း

**မော်လိုက် မတ် ၂၉** – မော်လိုက်မြို့၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်/မြို့နယ် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၉ ရက် နံနက်ပိုင်းတွင် မြို့မဈေးကြီးအတွင်း ရေဆေးခြင်း၊ ပိုးသတ်ဆေးရည်များ ပက်ဖျန်းခြင်းနှင့် ရေမြောင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မြို့မဈေးကြီးအတွင်း ရေဆေးသန့်ရှင်းများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးရည်ပက်ဖျန်းခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်းနှင့် တာဝန်ရှိသူများက COVID–19 ရောဂါ မဖြစ်ပွားစေရေးအတွက် ဈေးသူဈေးသားများအား အသိပညာပေးဟောပြောခြင်းနှင့် လက်ဆေးဘေစင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများရှိ ဝန်ထမ်းများ COVID -19 ရောဂါအတွက် ဆောင်ရွက်နေမှုကို Video Conferencing ဖြင့် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများရှိ ဝန်ထမ်းများ COVID –19 ရောဂါအတွက် ဆောင်ရွက်နေမှုကို Video Conferencing ဖြင့် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ညွှန်ကြားရေးမှူးများ၏ COVID–19 ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို သိရှိလမ်းညွှန်မှုပြုနိုင်ရန်အတွက် နေအိမ်များမှ အင်တာနက်ကွန်ရက် Video Conferencing ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ဒေသအသီးသီးတွင် အသိပညာပေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်မှ အမျိုးသားအဆင့် ဗဟိုကော်မတီဖွဲ့စည်း၍ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် ပြည်ပမှ ပြန်လည်ရောက်ရှိသူများအား သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) တွင် ဆောင်ရွက်ရခြင်းအကြောင်းရင်းကို သဘောပေါက်နားလည်ပြီး ပူးပေါင်းပါဝင်စေရေးအတွက် ယခုကဲ့သို့ပင် သက်ဆိုင်ရာဌာနအသီးသီးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူ (IDP)များအား စခန်းများတွင် COVID –19 ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ကွင်းဆင်းဆောင်ရွက်နေကြသည့် ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးအတွက် ၎င်းတို့ကိုယ်တိုင် မကြာခဏလက်ဆေးခြင်း အလေ့အကျင့်ရှိစေရေး၊ လုံလောက်သော Mask နှင့် လက်သန့်ဆေးရည်များ ရရှိရေး တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက အနီးကပ်ကြီးကြပ် ပံ့ပိုးပေးစေလိုကြောင်းနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ IDP စခန်းများတွင် စီမံချက်ပါလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရာ၌ အချိန်ကာလသတ်မှတ်လျာထားမှုနှင့်အတူ လိုအပ်မည့် ပစ္စည်းကိရိယာ၊ ကုန်ကျစရိတ်တို့ကို တွက်ချက်ထားသော ဆောင်ရွက်နေသည့် အစီအစဉ်များကို တင်ပြကြရန် ၊ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်နှင့် ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လူအင်အားအနည်းဆုံးဖြင့် အထိရောက်ဆုံးလုပ်ရှားမှုဖြစ်စေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ နည်းပညာရပ်ဆိုင်ရာပံ့ပိုးမှု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမျိုးသားအဆင့်ဗဟိုကော်မတီက ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကာ လမ်းညွှန်မှုများ ပေးနေမှုအခြေအနေနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လိုက်ပါဆောင်ရွက်ရန်များ၊ ယခင်ကပင် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နေသည့် ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့် စနစ်တကျဆက်လက်ပူးပေါင်း ဆောင်ရွက်ရန်တို့ကို လိုအပ်ချက်အလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဦးစီးမှူးများက ပြည်သူလူထုအကြား ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ထုတ်ပြန်ပြီးဖြစ်သော ဥပဒေများကို လေးစားလိုက်နာရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို သိရှိစေရန် အသိပညာပေးခြင်းလုပ်ငန်းနှင့် IDP စခန်းများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းနှင့် ထောက်ပံ့မှုအခြေအနေများကို တင်ပြကြသည်။

### ပြန်လည်ရှင်းလင်း

ယင်းနောက် နေရပ်စွန့်ခွာသူ IDP များနှင့် ပြည်ပမှ ပြန်လာသူများရှိသော နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာ၌ မြေပြင်အခြေအနေအရ တွေ့ရှိရသည့် လိုအပ်ချက်များ၊ အဆုံးအဖြတ်ပေးရန်နှင့် ဖြည့်ဆည်းပေးရမည့်အချက်များကို မိမိတို့ နေအိမ်များမှ အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် မြေပြင်အခြေအနေအရ ဝန်ကြီးဌာနက ဖြည့်ဆည်းပေးနိုင်သည်ကို အမြန်ဆုံးဖြည့်ဆည်းပေးသကဲ့သို့ ဆက်လက်တင်ပြ ဆုံးဖြတ်ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း အမြန်ဆုံးဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အသိပညာပေးလုပ်ငန်းအပြင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်တွင် အဓိကကျသည့် နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းကို သက်ဆိုင်ရာဦးစီးဌာနများရှိ ကျွမ်းကျင်သူများက ဆက်စပ်ဝန်ကြီးဌာနများရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❏ *ရှေ့ဖုံးမှ*

ပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချပေးလျက်ရှိကြောင်း ဆေးဝါးစက်ရုံ (အင်းစိန်) BPI စက်ရုံမှူးထံမှ သိရသည်။

စက်ရုံမှူး ဒေါက်တာခင်ပြုံးလွင်က “BPI ဆေးဝါးစက်ရုံအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမှာစာအတိုင်း ဆေးဝါးတွေကို ထုတ်လုပ်ပေးနေပါတယ်။ ပဋိဇီဝဆေးတွေကိုလည်း တောက်လျှောက် ထုတ်ပေးနေပါတယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်လာတဲ့ အချိန်မှာ ကျွန်မတို့ BPI ဆေးဝါးစက်ရုံ ဝန်ထမ်းတွေအနေနဲ့ နေ့၊ ည အဆိုင်းတွေတိုးပြီး ထုတ်လုပ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိလည်း မူလထုတ်လုပ်မှုထက်ပိုပြီး ဆေးဝါးတွေကို ထုတ်လုပ်လျက်ရှိပါတယ်။ ဆေးဝါးလိုအပ်ချက်ကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) BPI မှ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်း ဆေးရည်၊ ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေးများ၊ စုစုပေါင်း ဆေးအမျိုးအစား ၁၈၀ ကျော်ကို ထုတ်လုပ်ပေးလျက်ရှိပြီး လက်သန့်ဆေးရည်ကို 50mL၊ 500mL၊ 4 Liters ဘူးများဖြင့် ထုတ်လုပ်လျက်ရှိပြီး အရက်ပြန်ဆေးဘူးများကို 100 mL၊ 500mL ဘူးများဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ COVID–19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်သည့် အရက်ပြန်နှင့် လက်သန့်ဆေးရည်များ ဈေးကွက်အတွင်း ပစ္စည်းပြတ်သည်အထိ ဝယ်ယူမှုများခဲ့ကြောင်း ဈေးကွက်အတွင်းက သိရသည်။ **မင်းသစ်(MNA)**

---

## နောင်တရား၊ တီကျစ် အထက ကျောင်းများ၌ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သီးသန့်ခွဲကာ စောင့်ကြပ်ကြည့်ရှုမှုများပြုလုပ်

**နောင်တရား မတ် ၂၉**

COVID–19 ရောဂါ သံသယရှိသည့် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား ၁၄ ရက်အတွင်း အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြည့်ခြင်းကို နောင်တရား၊ တီကျစ် အ.ထ.က ကျောင်းများ၌ နေရာထိုင်ခင်းများ စီစဉ်၍ ဌာနဆိုင်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်ထိ နောင်တရား အထက ကျောင်း၌ ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်သူ မတ် ၂၉ ရက်အထိ ၃၇ ဦးရှိပြီး COVID–19 ရောဂါကာကွယ် စောင့်ရှောက်ရန်နှင့် ကျန်းမာရေး အခြေအနေအား ၁၄ ရက် စောင့်ကြည့်လျက်ရှိသည်။ တီကျစ် အ.ထ.က ကျောင်းတွင်လည်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာ



သူများ၏ ကျန်းမာရေးအခြေအနေများကို ၁၄ ရက် စောင့်ကြည့်လျက်ရှိပြီး မတ် ၂၉ ရက်အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၆ ဦးရှိရာ ပြည်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိသည်။ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာနများသို့ အသိပေးရန်လိုအပ်ပြီး ရပ်ကွက်အတွင်းနှင့် ကျေးရွာများတွင်လည်း အသံချဲ့စက်များဖြင့် COVID–19 ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် ပိုမိုလိုအပ်ပြီး မိမိမှစ၍ ကာကွယ်မှသာ ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည်ဖြစ်သည်။ နောင်တရား၊ တီကျစ် အ.ထ.က ကျောင်းများတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်သူများထံမှ စောင့်ကြည့်လူနာများ မတွေ့ရှိသေးကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

❁ ရှေ့ဖုံးမှ

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ခြင်းအားဖြင့် လုပ်ငန်းလိုအပ်ချက်များကို တိုက်ရိုက်သိရှိကာ အချိန်နှင့်တစ်ပြေးညီ သိရှိဖြည့်ဆည်းနိုင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အတုယူလုပ်ဆောင်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့်လည်း ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ခြင်းနှင့် ပုံမှန်ဆက်သွယ်ခြင်းတို့ဖြင့် လိုအပ်ချက်များကို မေးမြန်းခြင်း၊ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်ပါက ဗဟိုအဆင့်သို့တင်ပြတောင်းခံခြင်းများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ ဆေးရုံကြီးများမှ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းဆိုင်ရာ အကြံပြုချက်များ ပွင့်ပွင့်လင်းလင်းပေးအပ်စေလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့်အညီ လုပ်ငန်းနည်းဗျူဟာများ၊ လုပ်ငန်းစဉ်များကို မွမ်းမံပြောင်းလဲ ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကွင်းဆင်းကြီးပမ်း ဆောင်ရွက်

ကုသရေးဆိုင်ရာ၊ ဆေးရုံပိုင်းဆိုင်ရာများကို သက်ဆိုင်ရာ ဆေးရုံတာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများက လိုအပ်သလို ဆုံးဖြတ်ချက်ချဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ်သည်များကို ချက်ချင်းတင်ပြ တောင်းခံရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ဝယ်ယူဖြန့်ဖြူးကဏ္ဍမှလည်း မှာယူထားရှိသည်နှင့် လှူဒါန်းရရှိသည့် ဆေးနှင့်ဆေးပစ္စည်းများကို လိုအပ်သည့်နေရာသို့ ချက်ချင်းအမြန်ဆုံးဖြန့်ဝေပေးရန်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ရောဂါပြန့်ပွားကူးစက်မှုကို ထိန်းချုပ်ရန်မှာ သတ်မှတ်နေရာအဆောက်အဦတွင် ထားရှိ အသွားအလာကန့်သတ်ခြင်း၊ အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ်တကျ တင်းကျပ်စွာ လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်ခြင်း ခံယူသူဦးရေ၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို နေ့စဉ်သတင်းပေးပို့ရန် ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာများရရှိရန် ကွင်းဆင်းကြိုးပမ်း ဆောင်ရွက်သည့် ဝန်ထမ်းများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ ရှစ်ဦးနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေထောက်လှမ်းခဲ့ရာ ၄၇၀ ကျော်ကို တွေ့ရှိခဲ့ပြီး ၎င်းတို့တွင် ရောဂါကူးစက် ခံထားရခြင်း ရှိ၊ မရှိနှင့် ရှိခဲ့ပါက ၎င်းတို့မှတစ်ဆင့် ထပ်မံကူးစက်ပြန့်ပွားခြင်း မရှိစေရေးအတွက် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

> **"ယခုအချိန်တွင် ရောဂါပြန့်ပွားကူးစက်မှုကို ထိန်းချုပ်ရန်မှာ သတ်မှတ်နေရာအဆောက်အဦတွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း နှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ်တကျ တင်းကျပ်စွာ လုပ်ဆောင်ခြင်းဖြစ်"**

### ဝိုင်းဝန်းပူးပေါင်းကူညီ

ယခုအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် ကြီးမားသည့် လုပ်ငန်းတာဝန်နှင့် ဖိအားများအကြား ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် သဘောထားမတိုက်ဆိုင်မှုများ၊ နားလည်မှုလွဲခြင်းများရှိပါကလည်း အားလုံးသည် ပြည်သူများတွင် ရောဂါဖြစ်ပွား ပျံ့နှံ့မှုမရှိစေရေး၊ အသက်သေဆုံးမှု မရှိစေရေးနှင့် ပြည်သူများ အကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တိုင်ပင်ညှိနှိုင်း ဆွေးနွေးကာ ဆောင်ရွက်သွားစေလိုပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသူများကို အသွားအလာကန့်သတ်ထားရှိသည့် မြို့နယ်အလိုက်စာရင်းနှင့် မြေပုံများ ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီ စောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) တွင် ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဌာနများအပြင် ရပ်ရွာနေပြည်သူများက ပါဝင်ပူးပေါင်းကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင်အရေးကဲ့သို့ သဘောထားလာမည်ဖြစ်ပြီး လုပ်ငန်းပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊ ဗဟိုအဆင့် တာဝန်ရှိသူများကိုလည်း နိုင်ငံခြားမှ ပြန်လည်ရောက်ရှိသူများ များပြားနေသည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် လုပ်ငန်းအားဖြည့်ဆောင်ရွက်ရန် စေလွှတ်ထားရှိပါကြောင်း ပြောကြားသည်။

### အထွေထွေကိစ္စရပ်များ ဆွေးနွေး

ယနေ့ပြုလုပ်သော အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အသွားအလာကန့်သတ်ခြင်း ခံယူနေသူ အရေအတွက်နှင့် အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ခြင်း ခံယူနေသူ အမျိုးသားတစ်ဦးသည် သတ်မှတ်စည်းကမ်းများအား လိုက်နာမှုမရှိဘဲ အခြားသူများကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တရားစွဲဆိုထားရှိမှု၊ COVID–19 ရောဂါနှင့် ပတ်သက်၍ ယခုလက်ရှိတွင် ပြည်သူများက ၂၄ နာရီ ဖုန်းဖြင့် ဆက်သွယ်နိုင်ရန် လုပ်ဆောင်ထားရှိရာမှ Call Center တစ်ခုထားရှိ၍ ပြည်သူများ၏ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားနိုင်ရန်အတွက် သက်ဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ ထပ်မံတွေ့ရှိလာနိုင်သည့် COVID–19 လူနာများအတွက် Designated Hospital များ ထပ်တိုးဆောင်ရွက်ရန် အစီအစဉ်၊ လိုအပ်သည့် လူနာခုတင်၊ အထူးကြပ်မတ်ကုသမှုပစ္စည်းများ ဖြည့်ဆည်းရန်ကိစ္စ၊ အခြားအထွေထွေ လုပ်ငန်းလိုအပ်ချက်များ၊ COVID–19 ရောဂါ ရှာဖွေစစ်ဆေးရေးအတွက် US FDA မှ အသိအမှတ်ပြု Rapid Diagnosis Test Kit များ အသုံးပြုနိုင်ရန်အတွက် မှာယူရေးကိစ္စ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင်သာမက ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) တွင်လည်း COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်မည့်ကိစ္စ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက်များ အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ဖြန့်ဝေထားရှိမှု၊ မှာယူထားရှိမှုနှင့် ထပ်မံရောက်ရှိလာမည့်အခြေအနေနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

### တာဝန်ရှိသူများ တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး၊ ကုသရေး၊ ဝယ်ယူဖြန့်ဖြူးရေး၊ ဝန်ထမ်းရေးရာ၊ ဓာတ်ခွဲ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ eHealth၊ ပြည်တွင်းပြည်ပ ဆက်ဆံရေး၊ စီမံခန့်ခွဲရေး စသည့် ကဏ္ဍအသီးသီး၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မြန်မာ့ထွက်ကုန်သီးနှံ ကုလားပဲများ ရောင်းအားမြင့်တက်လာ

**မန္တလေး မတ် ၂၉**

ယခုကာလအတွင်း ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် ပြည်တွင်း၌ စားသုံးရန် ဝယ်ယူမှု များပြားလာသည့် မြန်မာ့ထွက်ကုန် သီးနှံကုလားပဲများ ဈေးကွက်အတွင်း ရောင်းအား သိသာစွာ မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ကုလားပဲကို တောင်သူများအနေဖြင့် ပြည်တွင်းစားသုံးကုန်အတွက်သာ အဓိက စိုက်ပျိုးကြခြင်းဖြစ်ပြီး ပေါ်ဦးပေါ်ဖျား ဇန်နဝါရီလအတွင်းက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ကုလားပဲခြမ်းမှာ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ နှုန်းဖြင့် လည်းကောင်း၊ အဖွင့်ဈေးစခဲ့ပြီး လှိုင်လှိုင်ပေါ်ထွက်သည့် ယခုချိန်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ကုလားပဲခြမ်းမှာလည်း လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ နှုန်းဖြင့် လည်းကောင်း အရောင်းသွက်လျက်ရှိသည့်အပြင် စားသုံးသူ များပြားသည့်အတွက် ကုလားပဲခွဲစက်များလည်း လည်ပတ်မှု ကောင်းမွန်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီကုလားပဲက ပြည်တွင်းမှာ မြန်မာလူမျိုးတိုင်း စားသုံးတဲ့ပဲတစ်မျိုး ဖြစ်တယ်။ မန္တလေးရဲ့ ဓလေ့အရပြောရရင် သံဃာတော်တွေကို ဆွမ်းလောင်း၊ ဆွမ်းကပ်တဲ့အခါမှာ မပါမဖြစ်လှူဒါန်းကြတယ်။ ဒါ့အပြင် မြန်မာ့ရိုးရာ အစားအစာတွေမှာလည်း ထည့်သွင်းသုံးစွဲမှုများတယ်။ ဒီရက်ပိုင်းမှာတော့ COVID–19 ရောဂါကြောင့် ပြည်သူတွေက နေ့ဖို့ညစာစားသုံးဖို့ ဝယ်ယူမှုတွေ များလာတဲ့အတွက် ရောင်းအားတွေ တက်လာပေမယ့် ဈေးနှုန်းတွေကတော့ မတက်ပါဘူး။ ဒါ့အပြင် မန္တလေးမြို့မှာရှိတဲ့ ကုလားပဲခွဲစက်တွေရဲ့ တစ်ဝက်ကျော်မှာလည်း စက်ရပ်နားမှုမရှိဘဲ လည်ပတ်နိုင်လာတယ်။ ဒါကြောင့် ဒီပဲခွဲစက်တွေမှာ မှီခိုလုပ်ကိုင်နေကြတဲ့ လုပ်သားတွေအတွက်လည်း အလုပ်အကိုင်တွေ အဆင်ပြေသွားကြပါတယ်"ဟု ၎င်းက ပြောသည်။



မန္တလေးမြို့ရှိ ပဲပွဲရုံတစ်ရုံ

ယခုကာလအတွင်း COVID–19 ရောဂါကူးစက်မှု မရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်သည့် မဟာအောင်မြေမြို့နယ်မှ ဒေါ်ဝါဝါအောင်က "ဒီရောဂါအတွက် အကောင်းဆုံးကာကွယ်ခြင်းဟာ အိမ်ပြင်ကိုမထွက်ဘဲ နေထိုင်ခြင်းဖြစ်တယ်လို့ သိထားတဲ့အတိုင်း ကျွန်မတို့မိသားစုတွေ အိမ်ထဲမှာပဲနေပြီး ကြိုတင်ဝယ်ထားတဲ့ ကုလားပဲကို နှပ်ပြီးစားသလို အသီးအရွက်၊ ငါးခြောက်တွေနဲ့လည်း ရောပြီး တစ်နေ့တစ်မျိုးမရိုးရအောင် ချက်စားနေကြတယ်။ ကုလားပဲက ဈေးနှုန်းလည်း သက်သာပြီး ခွန်အားလည်း ဖြစ်စေတယ်။ ဒါကြောင့် ဒီကာလမှာ ကုလားပဲစားပြီး ကျန်းမာရေးသတိနဲ့ အားရှိအောင် နေထိုင်တတ်ဖို့ လိုပါတယ်" ဟု ပြောသည်။

မြန်မာ့ထွက်ကုန် သီးနှံကုလားပဲကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံး စိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေး ပဲဈေးကွက်သို့ အဆိုပါကုလားပဲများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ ညောင်ဦးမြို့၊ တံတားဦး(လေကြောင်း မိုးလေဝသ)၊ မကွေးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ရွှေဘိုခရိုင်တွင် အသုံးပြုရန် COVID- 19 ရောဂါ ကာကွယ်၊ ကုသရေးအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**မုံရွာ မတ် ၂၉**

ရွှေဘိုမြို့နယ်အတွင်း COVID – 19 ရောဂါ ကာကွယ်၊ ကုသရေးအတွက် အလှူငွေများနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရွှေဘိုမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ရွှေဘိုခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ကုသရေးအတွက် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီးက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြပြီး အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၃၅၄ သိန်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ တန်ဖိုးငွေကျပ်သိန်း ၅၀၀ တို့ကို လက်ခံရယူခဲ့ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲက ကျောင်းမြောင်းမြို့နယ်အတွင်းရှိ ကျောင်းမြောင်း-စဉ့်ကူး ရော၀တီမြစ်ကူး ရတနာသိင်္ခ တံတား ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး၊ စစ်ဆေးရေး ဂိတ်တွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ဆေးဝါးများနှင့် အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကာ ကျောင်းမြောင်း တိုက်နယ်ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**



ရွှေဘိုခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ COVID – 19 ရောဂါ ကာကွယ်၊ ကုသရေးအတွက် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# မြို့နယ်များ၌ အလှူရှင်များမှ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပစ္စည်းများကို မတ်၂၉ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ မြို့နယ် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီသို့ အလှူရှင်များကလာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ လှူဒါန်းမှုတွင် မန္တလေးမြို့ ဦးဝင်းဦး+ ဒေါ်မေကြည် စန်းသော်တာ ကုမ္ပဏီက ငွေကျပ် ၁၀၉၂၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံ (PPE) ၃၉ စုံ၊ မန္တလေးမြို့ ကျင်းလုံမြန်မာ စက်ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ် ၁၁၇၆၀၀ တန်ဖိုးရှိ ဆေးဖျန်းပုံး ခုနစ်ပုံးကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ကော်မတီအတွင်းရေးမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သန့်လွင်ထွန်းတို့က လက်ခံရယူခဲ့သည်။ **စိုးကျော်သူထွေး (မတ္တရာ)**

**တံတားဦး**

တံတားဦးမြို့နယ်၌ COVID–19 ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် တံတားဦးမြို့ ဘုရားကြီးကုန်း ပရဟိတကျောင်းက သာမိုမီတာ ၁၀ ခု၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ လက်သန့်ဆေးရည် ခုနစ်ဘူး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၈ သိန်း၊ လွှစဉ်တန်းရပ် ဦးစိုးနိုင် (ဒု/ညွှန်မှူး-ငြိမ်း) + ဒေါ်မြင့်မြင့်ဌေး (ခိုင်သဇင်အထည်ဆိုင်) မိသားစုမှ အလှူငွေကျပ် ၁၀ သိန်း၊ တစီးရှင်ရပ် ဒေါက်တာဦးကျော်တင် + ဒေါ်ဆွေဆွေရည် မိသားစုက ငွေကျပ် ခုနစ်သိန်း၊ တံတားဦးမြို့ မေတ္တာရေစင် ပရဟိတအဖွဲ့က ငွေကျပ် ငါးသိန်း၊ သာဂေါင်ရပ် ဦးစိုးနိုင်ထွန်း+ ဒေါ်ခိုင်မျိုးစီမိသားစုက ငွေကျပ် သုံးသိန်း၊ ၁၉၉၉–၂၀၀၀ ပညာသင်နှစ်ကျောင်းသားဟောင်းများက ဘွတ်ဖိနပ် ၁၅ ရန်၊ လက်သန့်ဆေးရည် နှစ်ဘူး၊ နှာခေါင်းစည်း နှစ်ဘူး၊ မျက်မှန် ၂၀ ခု စုစုပေါင်းတန်ဖိုးငွေကျပ် သုံးသိန်း၊ ဦးညွှန့်သန်း + ဒေါ်နွယ်နီဝင်း မိသားစုက Bleching Powder တစ်ပုံး၊ မြို့နယ် ဆေးရုံဆရာဝန်ကြီး ဒေါက်တာဦးမြင့်ဦး+ ဒေါက်တာ ဂျီဆိုင်းတောင် မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **ရဲတင့် (ပြန်/ဆက်)**



မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုရန် အသက်ရှူစက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ ဓာတ်ပုံ – အေကေလင်း

**တောင်သာ**

တောင်သာမြို့နယ်တွင် COVID–19 ရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးသန့်ဆွေနှင့် ဇနီး ဒေါ်ခင်ခင်လှ မိသားစုက သာမိုမီတာ ၅၂ ခု၊ နှာခေါင်းစည်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် မွေးကင်းစကလေးငယ်များ အသားဝါရောဂါအတွက် (ဓာတ်ကင်စက်) တစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူခဲ့ကြောင်းသိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

**ရန်ကုန်**

COVID–19 ရောဂါ ကာကွယ်၊ ကုသရေးတွင် အသုံးပြုရန်အတွက် Triangle Links Engineering ကုမ္ပဏီဝန်ထမ်းမိသားစုများက မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ အသက်ရှူစက်တစ်လုံး လှူဒါန်းပွဲကို မတ် ၂၉ ရက်က ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသက်ရှူစက်ကို ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထင်လင်းနှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းပေးအပ်ရာ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာ ဝင်းသန္တာဖြူနှင့် ဆေးရုံတာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့သည်။ **အာကာစိုး**

**စစ်ကိုင်း**

စစ်ကိုင်းမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် ဒုဥက္ကဋ္ဌ ဒေါ်သီတာခိုင်တို့က COVID–19 ရောဂါ ကာကွယ်၊ ကုသရေးအတွက် အသုံးပြုရန် အလှူငွေကျပ် ငါးသိန်းကို စစ်ကိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သော်တာထက် (ဦးစီးအရာရှိ) ထံ မတ် ၂၉ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

စစ်ကိုင်းခရိုင်အတွင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာသော်တာထက် ဦးဆောင်ကာ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပူးပေါင်း၍ စစ်ကိုင်းမြို့ ဝင်ပေါက်များတွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ကိုယ်အပူချိန် တိုင်းတာခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# COVID-19 ရောဂါ ကာကွယ်သည့်အနေဖြင့် ပြင်ဦးလွင် မြို့မဈေးကြီးကို နေ့စဉ် ညနေ ၃ နာရီတွင် ပိတ်မည်

**ပြင်ဦးလွင် မတ် ၂၉**

လတ်တလော ဖြစ်ပွားနေသည့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိစေရေးနှင့် ကာကွယ်သည့်အနေဖြင့် ပြင်ဦးလွင်မြို့စည်ပင်သာယာမြို့မဈေးကြီးအား နေ့စဉ် ညနေ ၃ နာရီတွင် ပိတ်သိမ်းသွားမည်ဖြစ်ပြီး ရောဂါကာကွယ်ရေး ပိုးသတ်ဆေးများ ပက်ဖျန်းသွားမည်ဖြစ်ကြောင်း ဈေးကော်မတီအဖွဲ့ထံမှ သိရသည်။

"ဒီလို ညနေ ၃ နာရီမှာ ဈေးပိတ်တာတွေ၊ ပိုးသတ်ဆေး ဖျန်းတာတွေကို သက်ဆိုင်ရာဌာနတွေက တရားဝင်ညွှန်ကြားချက် မရှိပေမယ့် ဈေးကော်မတီနဲ့ဈေးသူဈေးသားတွေစုပေါင်း အစည်းအဝေးထိုင်ဆုံးဖြတ်ခဲ့ကြပြီး လုပ်သင့်လုပ်ထိုက်တယ်ထင်ကြလို့ အားလုံးသဘောတူညီမှုတွေနဲ့ လုပ်ခဲ့ကြတာပါ" ဟု ဈေးကော်မတီဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် COVID–19 ရောဂါကြောင့် ပြင်ဦးလွင်မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်သိမ်းခဲ့ပြီး ပါဆယ်စနစ်ဖြင့်သာ ရောင်းချနေချိန်တွင် ပြင်ဦးလွင်မြို့မ ဈေးကြီးအတွင်းရှိ စားသောက်ဆိုင်များသည် ဖွင့်မြဲအတိုင်း ရောင်းချနေခြင်းကြောင့် လာရောက်စားသောက်နေကြသူ ပိုမိုများပြားလာရကာ စားသောက်ဆိုင်များကိုလည်း ပါဆယ်စနစ်ဖြင့်သာ ရောင်းချပေးသွားရတော့မည်ဖြစ်ကြောင်း ဈေးကော်မတီမှ တာဝန်ရှိသူ တစ်ဦးက ဆက်လက်ပြောသည်။

ပြင်ဦးလွင် မြို့မဈေးကြီးဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများတွေ့ဆုံအစည်းအဝေးပွဲကို မတ် ၂၈ ရက်က ပြုလုပ်ခဲ့ပြီး နေ့စဉ် ညနေ ၃ နာရီ ဈေးပိတ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ စားသောက်ဆိုင်များ၌ ပါဆယ်စနစ်ဖြင့်သာ ရောင်းချခြင်းတို့ကို မတ် ၂၉ ရက်မှစတင် အကောင်အထည်ဖော်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# သီပေါမြို့၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး ကျန်းမာရေးလုပ်ငန်းများ လက်တွေ့ကျင့်သုံး အသက် ၇၀ ကျော် ဘိုးဘွားများ စာရင်းကောက်ယူ

**သီပေါ မတ် ၂၉**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ ကျန်းမာရေးအသိ ပိုမိုလိုက်နာစေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မြို့နယ်ကျန်းမာရေးဌာန၊ ကြက်ခြေနီမောင်မယ်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအသင်းများ ပူးပေါင်း၍ လူစည်ကားရာနေရာတို့၌ ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာ နန္ဒဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် ကြက်ခြေနီမောင်မယ်များ၊ လူမှုရေးပရဟိတအသင်းများနှင့် ဒေသခံများ ပူးပေါင်းကာ ရောဂါကူးစက်လွယ်ကူသည့် အသက် (၇၀) အထက် ပင်ကိုရောဂါအခံရှိသော မြို့ပေါ် ၁၁ ရပ်ကွက်၊ ပတ်ဝန်းကျင်ကျေးရွာများမှ အဘိုးအဘွားစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းကောက်ယူလျက်ရှိသည်။

သီပေါမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ စားဝတ်နေရေး အခက်အခဲမရှိစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ် စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အခက်အခဲမရှိစေရေးအတွက် ဈေးများကို ပိတ်သိမ်းသွားမည်မဟုတ်ဘဲ နေ့စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

သီပေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူ့ဆေးရုံနှင့် ဈေးများတို့တွင် အဝင်၊ အထွက်နေရာများ၌ ပိုးသတ်ဆေးပါသော ဆပ်ပြာရည်နှင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အပူချိန်တိုင်းတာခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လူစုလူဝေးရှောင်ရှားနိုင်ရေးနှင့် အခြေခံစားသောက်ကုန်များ လုံလောက်စွာရရှိနိုင်ရေး စီစဉ်ထား

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လူအများစီးဆင်းသွားလာမှုနှင့် လူစုလူဝေးဖြစ်မှု ရှောင်ရှားနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး အခြေခံလူတန်းစားများကို COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့မှု အခြေအနေပေါ်မူတည်၍ အခြေခံစားသောက်ကုန်များ လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက် ပေးသွားရန်စီစဉ်ထားကြောင်း မတ် ၂၈ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ မန္တလေးတိုင်း ဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

"အကယ်၍ ရောဂါပိုးကူးစက်ပျံ့နှံ့မှုအရ လုပ်ငန်းများရပ်ဆိုင်းထားရတဲ့ ကာလရောက်ရှိခဲ့သော် အစိုးရအနေနဲ့ အခြေခံဆင်းရဲတဲ့လူတန်းစားကို အခမဲ့ထောက်ပံ့ခြင်း သို့မဟုတ် တစ်ဝက်ဈေးနဲ့သာ ရောင်းချခြင်းတွေကို အခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေကို ထောက်ပံ့နိုင်ရေးကိစ္စ အရေးကြီးပါတယ်၊ ကုန်စည်တွေ စီးဆင်းမှုကို မကန့်သတ်ပါဘူး။ ဈေးတွေမှာလည်း စားသောက်ကုန်တွေ၊ ဆေးဝါးပစ္စည်းတွေကိုသာ ဖွင့်လှစ်ရောင်းချစေပြီးတော့ လူအများစုဝေးတာမျိုးလျှော့ချနိုင်မှာဖြစ်တယ်" ဟု ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ပြောကြားသည်။



ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

မန္တလေးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ပိုးတွေ့ရှိသူ တစ်ဦးရှိလာသည့်အတွက် လိုအပ်သည့် ထိန်းချုပ်မှုများ၊ ကာကွယ်မှုများ လုပ်ဆောင်နေပြီး လူစုလူဝေးမဖြစ်စေရန် စားသောက်ဆိုင်များတွင် ပါဆယ်ဖြင့်သာ ရောင်းချပေးရန်၊ အပန်းဖြေစခန်းများ အားလုံးကိုလည်း ဧပြီ ၃၀ ရက်အထိ ယာယီပိတ်ထားရန်၊ အဝေးပြေး ခရီးသည်တင်ယာဉ်များတွင် ခရီးသည်အရေအတွက် တစ်ဝက်လျှော့၍ တင်ဆောင်ကြရန် ညွှန်ကြားချက်များထုတ်ပြန်ထားပြီး အခြေအနေပေါ်မူတည်၍ လိုအပ်သည့် ညွှန်ကြားချက်များကိုလည်း ထပ်မံထုတ်ပြန် သွားမည်ဖြစ်ကြောင်း သိရသည်။ **ထိပ်ထားနိုင် (ပြန်/ဆက်)**

# မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ် ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money(MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID-19)ကူးစက် ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်း ဖြင့်လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ဝါးခယ်မတွင် ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်လူနာများ သီးခြားထားရှိရန် စီစဉ်ထား

**ဝါးခယ်မ မတ် ၂၉**

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးအတွက် ဝါးခယ်မမြို့နယ်တွင် မြို့နယ်အဆင့် ကာကွယ်ရေးလုပ်ငန်းများအား အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဝါးခယ်မ မြို့နယ်အတွင်း စောင့်ကြည့်ရမည့်သူများ သီးခြားထားရှိရန်အတွက် မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက် သုံးထပ်ကျောင်းဆောင်အတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ခုတင်နေရာများ စနစ်တကျထားရှိစေခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် လိုအပ်သော အစီအမံများကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလွင်နှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ဆောင်ရွက်ထားရှိကြောင်း သိရသည်။



အဆိုပါ မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက်ကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်၏ စုရပ်အဖြစ်လည်းကောင်း၊ အခြားသော ကျေးရွာအုပ်စုများအား ၎င်းတို့၏ တိုက်နယ်အလိုက် စုစုပေါင်း တိုက်နယ် ၁၃ ခုတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလွင်၏ ပြောပြချက်အရ သိရသည်။

ဆက်လက်ပြီး ဒေသခံပြည်သူများ အသိပညာရရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများအတွင်း ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ရှားရမည့် အချက်များ၊ လိုက်နာသင့်သည့်အချက်များကို နေ့/ည လိုက်လံနှိုးဆော်လျက်ရှိကြောင်းနှင့် ဝါးခယ်မ မြို့မဈေးအတွင်း သားစိမ်း ငါးစိမ်းရောင်းချရာ နေရာများအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိမှ ဦးဆောင်ပြီး ဝန်ထမ်းများဖြင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး ဖျန်းခြင်းတို့ကို နေ့စဉ်ဈေးပိတ်သိမ်းချိန်၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

၎င်းအပြင် မရမ်းချောင်လမ်းဆုံ၌ ခရီးသွား ပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေး စစ်ဆေးပေးခြင်းကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# ရမည်းသင်း၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများဖျန်း

**ရမည်းသင်း မတ် ၂၉**

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ် စောင့်ကြပ်ကြည့်ရှုကုသရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မတ် ၂၉ ရက် နံနက် ၉ နာရီက COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမည့် ရမည်းသင်းမြို့ သာသနာ့ဗိမာန်၊ မိုးကုတ်ဝိပဿနာရိပ်သာနှင့် နည်းပညာတက္ကသိုလ် (ရမည်းသင်း) သင်ဝတီဆောင်များကို COVID-19 ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ပိုးသတ်ဆေးရည်ဖျန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးရည်များကို မြို့နယ်အတွင်းရှိ လူစည်ကားသည့်နေရာများနှင့် ဌာနဆိုင်ရာရုံးများတွင် ဆက်လက်ဖျန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ရမည်းသင်း)**

❏ *ကျောဖုံးမှ*

ပြန်ဖွင့်တဲ့အချိန်မှာ အသင့်ဖြစ်အောင်လို့ လုပ်ဆောင်နေတာ ဖြစ်ပါတယ်" ဟု ဇာဗိတထောင် ဆင်ထိန်းသိမ်းရေးစခန်းတာဝန်ခံ ဒေါ်မီမီကိုက ပြောသည်။

ဇာဗိတထောင် ဆင်ထိန်းသိမ်းရေးစခန်းကို လတ်တလောဖြစ်ပေါ်လျက်ရှိသော COVID-19 ရောဂါ ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် လူစုလူဝေးများ မရှိစေရေး မတ် ၂၅ ရက်မှစတင်ကာ ခေတ္တပိတ်ထား စဉ်ကာလတွင်သံဖရိန်တပ်နားနေတဲများကို အသစ်ထပ်မံ တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ဆင်ထိန်းသိမ်းရေးစခန်း ပြန်လည်ဖွင့်လှစ်ချိန်တွင် ဧည့်သည်များ အနားယူအပန်းဖြေနိုင်ရေး စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

◆ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်မှုတွင် မကွေးခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်သော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်အဆင့် လုပ်ငန်းကော်မတီ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်/မြို့နယ်အဆင့် လုပ်ငန်းကော်မတီ၊ ဌာနများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက မြဝတီမြို့ကိုဖြတ်၍ ပြည်ပမှ ပြန်လည်ရောက်ရှိ လာသူများအား မကွေးမြို့ ကွန်ပျူတာတက္ကသိုလ် စုရပ်ဆောင်တွင် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးလျက်မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာအေးက COVID-19 ရောဂါနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းပြောကြားကာ တစ်ဦးချင်း၏ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းအဖြစ်ထားရှိသည့် TTC ကျောင်းရှိ စောင့်ကြည့်ခံများ အတွက်အသုံးပြုနိုင်ရန် ခြံစောင် ၅၀၊ မျက်နှာသုတ်ပဝါ ၃၀၊ ဆပ်ပြာခဲ ၃၀၊ ဖုဂျီဆပ်ပြာ ၄၀၊ T shirt ၄၀၊ ဘီး ၄၀၊ လက်သည်းညှပ် ၄၀၊ မှန် ၂၀၊ သွားတိုက်တံ ၂၀၊ ဖော့ဖိနပ် ၂၀ စသည့် အသုံးအဆောင်တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ တာဝန်ရှိသူများထံသို့ လှူဒါန်းပေးအပ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များအား မကွေးမြို့ပေါ်ရပ်ကွက်များ၊ အောင်မေတ္တာ ရပ်ကွက် (A) (B)(C) ရပ်ကွက်အတွင်းရှိ ပြည်သူများသို့ ကားဖြင့် လိုက်လံအသိပညာပေးပြောကြားခြင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီနှင့် ရောင်စုံမေတ္တာလူမှုကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းကာ မော်တော်ယာဉ်ဂိတ်၊ ကားကြီးကွင်းနှင့် မော်တော်ယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်ခြေနီ၊ မီးသတ်နှင့် ကျန်းမာရေးစောင့်ရှောက်ရေး အသင်းအဖွဲ့များက COVID-19 ရောဂါ ပြန့်ပွားမှုမရှိစေရေး အသိပညာပေးခြင်း လုပ်ငန်းများ ပူပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရသူများအား ကျန်းမာရေးဆေးစစ်မှုများ ဆောင်ရွက်ပေးစဉ်။

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချနေမှုအား ထိန်းချုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

## ဈေးကွက်အတွင်း ကုန်ပစ္စည်း ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ထားရှိသည့်အတွက် စိတ်ပူပင်ရန် မလိုအပ်

နေပြည်တော် မတ် ၂၉

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(နေပြည်တော်)နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ရန်ကုန်)တို့ Video Conferences စနစ်ဖြင့် ချိတ်ဆက်ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချနေမှုအား ထိန်းချုပ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်၍ နယ်စပ်ကုန်သွယ်မှုနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု ပုံမှန်စီးဆင်းမှုမရှိသည့်အပေါ် အခွင့်ကောင်းယူပြီး ပုဂ္ဂိုလ်အချို့က ဈေးနှုန်းမြင့်တင်ရောင်းချမှုများပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 စတင်ဖြစ်ပွားချိန်ကတည်းက ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများနှင့် ပတ်သက်သည့်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

အချို့အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် လုပ်နိုင်သည်များကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့်အပြင် လှူနိုင်သည်များကိုလည်း လှူဒါန်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုနှင့်ရောင်းဝယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ကူညီထောက်ပံ့မှုများပေးပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအချိန်တွင် COVID-19 ကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမတည်ငြိမ်မှုများ ရှိလာပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူများ၏ စားဝတ်နေရေးကို အဓိကဖြည့်ဆည်းပေးနေသည့် ဈေးများနှင့် လက်လီရောင်းချသူများကို တွေ့ဆုံပြီး ၎င်းတို့၏ လိုအပ်ချက်နှင့် အခက်အခဲများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ပို့ဆောင်လျက်ရှိ

မိမိတို့နိုင်ငံသည် ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲစသည့် အခြေခံစားသောက်ကုန်များကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချနေသည့် နိုင်ငံဖြစ်သည့်အတွက် ပြည်တွင်းအတွက်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပို့ဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် ဆီဖူလုံမှု ရှိစေရန်အတွက်လည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်း၊ ဈေးကွက်အတွင်း ကုန်ပစ္စည်း ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ထားရှိသည့်အတွက် စိတ်ပူပင်ရန် မလိုအပ်ပါကြောင်း။

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးလုပ်ငန်းကော်မတီကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အရ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ရန်ကုန်မြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ Help Desk ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဈေးနှုန်းတည်ငြိမ်ရေး

ယခုအချိန်တွင် ဈေးကွက်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများအား ဈေးကစားမှုများကြောင့် ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် အပ်နှင်းထားသည့် ဥပဒေနှင့်အညီ ဈေးကစားသူများအား အချိန်မီလိုအပ်သည့် အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ အရေးကြီးကုန်ပစ္စည်းအဖြစ် သတ်မှတ်နိုင်ရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် အသင်းအဖွဲ့အလိုက် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်နေမှုအခြေအနေ၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အခြေအနေ၊ အသင်းအလိုက်၊ အဖွဲ့အစည်းအလိုက်ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဈေးနှုန်းတည်ငြိမ်ရေးနှင့် အရေးကြီးကုန်ပစ္စည်းအဖြစ် သတ်မှတ်ရေး၊ အသင်းအဖွဲ့အလိုက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အကောက်ခွန် ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ဈေးနှုန်းတည်ငြိမ်ရေးနှင့် အရေးကြီးကုန်ပစ္စည်းအဖြစ် သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဌာနအလိုက် လုပ်ငန်းများ ချောမွေ့အောင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# COVID-19 ရောဂါပိုးတွေ့ရှိသူ ဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ရှိ နေရာသုံးခုကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း မတ် ၂၉**

COVID-19 ရောဂါပိုး တွေ့ရှိလူနာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ အသက် ၆၀ အရွယ် (ဒေါ်လမ်းညွှန်) အမျိုးသမီး၏ မတ် ၁၆ ရက် ခရီးစဉ်တွင်ပါဝင်ခဲ့သည့် စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော်၊ ပါရမီရပ်ကွက်ရှိ ထမင်းဆိုင်၊ ရွာထောင်ရပ်ကွက်ရှိ ငွေထည်လုပ်ငန်းတစ်ခုတို့ကို ယနေ့နံနက် ၉ နာရီက စတင်၍ ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာသော်တာထက်တို့ ပါဝင်သည့် စစ်ကိုင်းမြို့နယ် ကြက်ခြေနီလူငယ်များက ပိုးသတ်ဆေးဖျန်းပေးခြင်း၊ သတ်မှတ်အချိန်စောင့်၍ ရေစိုဝတ်ဖြင့် တိုက်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်**
**(မန္တလေး)**

# ရန်ကုန်လေဆိပ်၌ အပြည်ပြည်ဆိုင်ရာခရီးသည်တင် လေယာဉ်များ ဆိုက်ရောက်ခွင့်ရပ်ဆိုင်းမည်

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့၏ ထုတ်ပြန်ချက်များအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မြန်မာနိုင်ငံအတွင်းရှိ လေဆိပ်များတွင် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်များ ဆိုက်ရောက်ခွင့်ကို မတ် ၃၀ ရက် မြန်မာစံတော်ချိန် ၂၃ နာရီ ၅၉ မိနစ်မှ စတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

**လေကြောင်းခရီးစဉ်များအားလုံး ဆိုင်းငံ့**

ကူးစက်မြန် COVID-19 ရောဂါပြန့်ပွားမှု ကာကွယ်ရေးစီမံချက်အနေဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ထုတ်ပြန်ချက်များအရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယခင် ဆင်းသက်ပျံသန်းခွင့်ပြုထားသော နိုင်ငံတကာလေကြောင်းခရီးစဉ်များအားလုံးကို ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီဆိုင်းငံ့ချက်သည် ကယ်ဆယ်ရေးလေယာဉ်များ၊ ကုန်တင်လေယာဉ်များ၊ ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးလေယာဉ်များနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထူးခွင့်ပြုမည့် လေယာဉ်များ မပါဝင်ကြောင်း သိရသည်။ သို့သော် လေယာဉ်များအနေဖြင့် ညရပ်နားမှုရှိခဲ့ပါက လေယာဉ်ပေါ်တွင် လိုက်ပါလာသော လေယာဉ်အမှုထမ်း၊ ဝန်ထမ်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ သီးသန့်စောင့်ကြပ်ကြည့်ရှုမှုကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်များ ဆိုက်ရောက်ခွင့် ရပ်ဆိုင်းခြင်းကို ဧပြီ ၁၃ ရက်အထိ သတ်မှတ်ထားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲလျက်ရှိသော Yangon Aerodrome Co., Ltd ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၀)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၁-၂၀၂၀ ရက်စွဲပါ အမိန့် အမှတ်(၃/၂၀၂၀)ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မရှင်အသစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ တိုင်တန်းချက်ပေါင်း ၃၇၇ စောင် လက်ခံရရှိခဲ့ပြီး၊ ယခင် တိုင်တန်းချက် လက်ကျန် ၃၁၆ စောင် ရှိသဖြင့် စုစုပေါင်း ၆၉၃ စောင်ကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၁၄ ကြိမ် ကျင်းပ၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့မှု | - | ၆၉ မှု |
| (ခ) | တိုင်တန်းသူများထံ အကြံပြုပြန်ကြားခြင်း | - | ၄၃ မှု |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | - | ၃ မှု |
| (ဃ) | မှတ်တမ်းထားရှိခြင်း | - | ၂၀၇ မှု |
| (င) | လက်ကျန် | - | ၃၇၁ မှု |

၃။ အရေးယူဆောင်ရွက်ရန် မလိုအပ်သော တိုင်တန်းချက် ၂၀၇ စောင်သည် ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများနှင့် တိုင်တန်းချက် အင်္ဂါရပ်နှင့် မညီညွတ်သောအမှုများ၊ ကော်မရှင်မှ ယခင် ဖြေရှင်းဆောင်ရွက်ပေးပြီးသော အမှုများဖြစ်သဖြင့် စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားပါသည်။

၄။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးသို့ အကြောင်းကြားစာပေးပို့ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ဌာနအဖွဲ့အစည်းအသီးသီးမှ ပြန်ကြားချက် (၉၇) စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့အကြောင်းကြားပြီး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၇ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၁ စောင် |
| (ခ) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၄ စောင် |
| (ဂ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၈၉ စောင် |
| (ဃ) | ၂၀၂၀ပြည့်နှစ်အတွင်း တိုင်တန်းချက်အပေါ်ပြန်ကြားချက် | - | ၃ စောင် |

၅။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်းပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက်တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း ပြည်ပ အမြန်အချောပို့စနစ်ဖြင့်ဖြစ်စေ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာပေးပို့လိုပါက ဖက်စ်နံပါတ် ၀၁-၆၅၄၆၇၈ သို့ လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm လိပ်စာများသို့ လည်းကောင်း ပေးပို့တိုင်ကြားနိုင်ပါသည်။

၆။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်တကွ မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်းဖြစ်စဉ်ကို ရှင်းလင်းပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည်ဖြစ်ပြီး လိုအပ်ပါက ဖြစ်စဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်း မိတ္တူများ၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည့် အထောက်အထားများကိုပါ ပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်**

## ဝန်းသိုမြို့၌ ပြည်ပနိုင်ငံများမှရောက်ရှိလာသူ ၃၀ အား ၁၄ ရက် သီးခြားနေထိုင်ရန် စောင့်ကြည့်မှုများပြုလုပ်



**ဝန်းသို မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ထိန်းချုပ်၊ ကုသနိုင်စေရေးတွက် ပြည်ပနိုင်ငံများမှ မြို့နယ်သို့ ပြန်လည်ရောက်ရှိလာသူများအား Quarantine ၁၄ ရက် သီးခြားနေထိုင် စောင့်ကြည့်နိုင်ရန် ယနေ့နံနက် ၉ နာရီတွင် အ.ထ.က(ခွဲ) တပ်နယ်မြေနှင့် အ.ထ.က- နမ်းခမ်းကျောင်းတို့၌ ပို့ဆောင်ထားရှိကြောင်း မြို့နယ် ဆရာဝန်ကြီး ဒေါက်တာတင့်လွင်ထံမှ သိရသည်။

အဆိုပါ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိ လာသူများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များက နေအိမ်များသို့ သွားရောက်ခေါ်ယူ၍ အ.ထ.က(ခွဲ) တပ်နယ်မြေတွင် ၁၃ ဦး၊ အ.ထ.က - နမ်းခမ်းကျောင်းတွင် ၁၇ ဦး ပို့ဆောင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှုနှင့် လုံခြုံရေးစနစ်တကျရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကာ လက်ရှိအချိန်ထိ ဝန်းသိုမြို့နယ်တွင် COVID-19 ရောဂါ သံသယလူနာ မတွေ့ရှိသေးကြောင်း သိရသည်။

ဝန်းသိုမြို့နယ်၌ COVID-19 ရောဂါ ကြိုတင် ကာကွယ်နိုင်ရေးအတွက် လူစုလူဝေးရှိသည့် နေရာများနှင့် အများပြည်သူသွားလာနေသည့် လမ်းများတွင် ကျန်းမာရေးအသိပညာပေး စတစ်ကာများကပ်ထားခြင်း၊ ပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများကို ဖြန့်ဝေပေးခြင်း၊ လက်ဆေးကန်နှင့် ဆပ်ပြာများ ထားရှိခြင်း၊ လူစုလူဝေးဖြစ်နိုင်သည့် အလှူမင်္ဂလာပွဲများ ကျင်းပခွင့်မပြုခြင်း၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များတွင် ဆိုင်ထိုင်ရောင်းချခြင်းမပြုခြင်း၊ မြို့အဝင်၊ အထွက်များနှင့် ရထားဘူတာမှ ခရီးသွားညေ့်သည်များအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးပေးခြင်းစသည့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်ထံမှ သိရသည်။

**မွေးကြူဇင်**

## COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပန်းဘဲတန်းမြို့နယ်တွင် ရေဖျန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၂၉**

COVID - 19 ရောဂါကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ ဗိုလ်ဆွန်ပက်လမ်းနှင့် လမ်း(၃၀)အထက်ဘလောက်တို့တွင် ယနေ့မွန်းလွဲ ၂ နာရီမှစတင်၍ ရေဖျန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



ပန်းဘဲတန်းမြို့နယ် (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ရွှေက "COVID - 19 ရောဂါပိုးကို ကာကွယ်တဲ့အနေနဲ့ ရေဖျန်းတယ်၊ ဆေးဖျန်းတယ်။ COVID-19 ရောဂါနဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးမှူးရုံး (မြို့နယ်)က ညွှန်ကြားတဲ့အတိုင်း ဆက်လက်လုပ်ဆောင်နေပါတယ်။ ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး သံသယလူနာတွေ့ခဲ့ရင် ကူညီဆောင်ရွက်ပေးဖို့အတွက် အဖွဲ့ဖွဲ့ထားတယ်။ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်နေပါတယ်" ဟု ပြောသည်။

ယနေ့ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဗိုလ်ဆွန်ပက်လမ်း၊ ၂၉ လမ်း၊ လမ်း ၃၀ နှင့် ရွှေဘုံသာလမ်းတို့တွင် လုပ်ဆောင်သွားကြောင်း သိရသည်။

ပန်းဘဲတန်းမြို့နယ် ရပ်မိရပ်ဖ ဦးမောင်မောင်က "ဒီကနေ့ (၈) ရပ်ကွက်မှာရှိတဲ့ လူကြီးလူငယ်နှင့် စုပေါင်းအလှူရှင်တွေပေါင်းပြီး ရေဖျန်းတယ်၊ ပိုးသတ်ဆေးဖျန်းတယ်။ အရင်ရက်တွေက (၅)ရပ်ကွက်နဲ့ (၃) ရပ်ကွက်မှာ ဖျန်းပြီးပြီ။ အချို့မြို့နယ်တွေမှာလည်း စည်ပင်သာယာရေးကော်မတီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ မြို့နယ်အလိုက် တာဝန်ရှိသူတွေ ပိုးသတ်ဆေးဖျန်းတာ တွေ့ရတယ်။ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်နေပါတယ်"ဟုပြောသည်။

ပိုးသတ်ဆေး ဖျန်းခြင်းများ ဆောင်ရွက်ရာတွင် လူသွားလမ်းများ၊ လှေကားများ၊ အခြေခံပညာကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဝတ်ပြုကျောင်းဆောင်များကိုပါ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆေးဖျန်းရာတွင် ပါဝင်ဆောင်ရွက်သူ ပန်းဘဲတန်းမြို့နယ် (၁၁) ရပ်ကွက်ရာအိမ်မှူး ဦးဝင်းအောင်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းများကို မတ်လ တတိယအပတ်မှ စတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သတင်း- ညွှန့်ကိုကို**
**ဓာတ်ပုံ- ဖိုးထောင်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မတ် ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# ဖျာပုံမြို့၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်




COVID–19 ရောဂါ ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖျာပုံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက ငွေကျပ် ၁၅၅ သိန်းနှင့် PPE ဝတ်စုံ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။

**ဖျာပုံ မတ် ၂၉**

ဖျာပုံမြို့နယ်၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် ကော်မတီဝင်များ၊ လုပ်ငန်းရှင်များ တွေ့ဆုံပြီး COVID–19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ကုသရေး လုပ်ငန်းဆောင်ရွက်ချက်များကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ဖျာပုံမြို့နှင့် ဒေးဒရဲမြို့နယ်များတွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် PPE ဝတ်စုံများ၊ မျက်မှန်၊ လက်အိတ်၊ ဖိနပ်၊ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာများ လုံလောက်စွာရရှိနိုင်ရေးကို မြို့နယ်ရှိ လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ COVID–19 ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်ပမှ ရောက်ရှိလာသူများကို ထိန်းချုပ်နိုင်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က COVID–19 ရောဂါ ကြိုတင်ပြင်ဆင်မှုနှင့် ကုသရေးလုပ်ငန်းများသည် ဖျာပုံမြို့၌ အတိုင်းအတာတစ်ခုရောက်ရှိနေပြီဖြစ်၍ ဆက်လက်ပြီး ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအဖွဲ့က အားကောင်းကောင်းဖြင့် အပြန်အလှန် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပြီးနောက် ဖျာပုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှက COVID–19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် COVID–19 ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသည့်နေရာများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဖျာပုံမြို့နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဧရာဝတီသားဟော့ဆောက်လုပ်ရေးကုမ္ပဏီနှင့် စေတနာရှင်များက အလှူငွေကျပ် စုစုပေါင်း ၁၅၅ သိန်းနှင့် PPE ဝတ်စုံ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးအထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

**အောင်ဝင်းနိုင် (ဖျာပုံ)**

## COVID-19 ရောဂါ ပျံ့နှံ့မှုမဖြစ်ပွားစေရေး ဝါးခယ်မမြို့မဈေး၌ ဆေးဖျန်းခြင်းဆောင်ရွက်

**ဝါးခယ်မ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့မဈေးအတွင်း ဆေးဖြန်းခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးအထောက်အကူပြုအဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်းပြီး မြို့မဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြသည်။

“နေ့စဉ် ဈေးရောင်း၊ ဈေးဝယ်တွေနဲ့ လူထူထပ်တဲ့နေရာဖြစ်တဲ့အတွက် အခုလို ဆေးဖျန်းခြင်း ဆောင်ရွက်တာဖြစ်တယ်။ သားငါးရောင်းချတဲ့နေရာအပါအဝင်တစ်ဈေးလုံးဆေးဖျန်းတာပါ”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးက ပြောသည်။

“ကျွန်တော်တို့ လူမှုရေးအဖွဲ့အစည်းတွေအနေနဲ့ တတ်နိုင်သမျှ မြို့နယ်အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့နယ်အတွင်း အခု မြို့မဈေးဆေးဖျန်းတာအပါအဝင် ဌာနဆိုင်ရာရုံးတွေ၊ အဝေးပြေးကားကွင်း၊ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အဦတွေ၊ လှေကျင်းဈေးလေး၊ သင်္ဘောဆိပ်တွေကို ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်”ဟု “ ဘက်စုံစုပေါင်းကွန်ရက် ဝါးခယ်မ”မှ ဦးဆောင်သူ ဦးကျော်စိုးနိုင်က ပြောသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

## ဝန်းသိုမြို့နယ် သက္ကယ်ကျင်းကျေးရွာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီး

**ဝန်းသို မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယနှစ်စက်ဝန်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက္ကယ်ကျင်းကျေးရွာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



သက္ကယ်ကျင်း ကျေးရွာသည် မိုးရာသီတွင် ကလေးများ ကျောင်းသွား၊ ကျောင်းပြန်နှင့် သက်ကြီးရွယ်အိုများ သွားလာရ အဆင်မပြေဖြစ်နေကြောင်း၊ ယခု မိုးရာသီတွင် လမ်းများ ပြီးစီးပြီဖြစ်သည့်အတွက် အားလုံးအဆင်ပြေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များတွင် ကွန်ကရစ်လမ်းခင်းရန်အတွက် ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးရွှေကန်က ပြောသည်။

သက္ကယ်ကျင်းကျေးရွာ လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းမှာ အလျားပေ ၁၁၀၀၊ အနံ ၁၀ ပေ၊ အမြင့် ၆ လက်မအထိ ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းပခုံးသား မြေဖို့ခြင်းလုပ်ငန်း အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းထောက်ပံ့ငွေကျပ်သန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၁ ဒသမ ၇ သိန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## အဝေးပြေးယာဉ်အမျိုးအစားအလိုက် ခရီးသည် ထက်ဝက်လျှော့ချတင်ဆောင်၍ လက်မှတ်ခကို သတ်မှတ်ဈေး၏ နှစ်ဆနှုန်းဖြင့် ရောင်းချသွားမည်



**မန္တလေး မတ် ၂၉**

COVID – 19 ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့မှ ထွက်ခွာသည့် ခရီးသည်ယာဉ်အသင်းများ၊ ဝင်ရောက်လာသည့် ယာဉ်အသင်းများအားလုံးကို အဝေးပြေးယာဉ်အမျိုးအစားအလိုက် ခရီးသည်ကို ပုံမှန်ထက် တစ်ဝက်သာ သယ်ယူပို့ဆောင်ပြီး လက်မှတ်ကို နှစ်ဆဈေးဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

“COVID – 19 ကိစ္စကို အဓိကဦးတည်ပြီး အလုပ်လုပ်နေတာဖြစ်တယ်။ အခု ကျွန်တော်တို့ယာဉ်ကို လူဦးရေတစ်ဝက်လျှော့ချတာက ခုံတွေကို ခြားပြီးတော့ ခရီးသည်တွေကို လိုက်ပါစေချင်တဲ့ ရည်ရွယ်ချက်နဲ့ အမှန်တကယ် မဖြစ်မနေသွားရမယ်ဆိုတဲ့ လူတွေသွားလိုရာ သွားလို့ရအောင်လည်း စီစဉ်ထားတဲ့ သဘောပါ။ ခရီးသွား လျော့နည်းလာပြီးတော့ ကူးစက်မှုနှုန်းလျှော့ချတဲ့ သဘောပါ။ ဒါကလည်း တစ်လတည်းပါပဲ။ ဧပြီ ၃၀ရက်အထိပဲ သတ်မှတ်ထားတာဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ( အဝေးပြေးယာဉ်) ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

လူစုလူဝေးပြုလုပ်ခြင်း၊ လူစုလူဝေးဖြင့် ခရီးသွားလာခြင်းကို ကန့်သတ်ထိန်းချုပ်ရန် လိုအပ်လာသောကြောင့် မတ် ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သော COVID – 19 ရောဂါ ကူးစက်ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ မတ် ၂၈ ရက်မှစ၍ ဧပြီ ၃၀ ရက်အထိ အဆိုပါအစီအစဉ်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်တင်ယာဉ်များနှင့် မြို့တွင်းတွင် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များကို ပြောင်းလဲမှုမရှိဘဲ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်းနှင့် မန္တလေးမြို့တွင် ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကွင်း၊ ပြည်ကြီးမြတ်ရှင်ကားကွင်း၊ ဒေါနဘွားကားကွင်း၊ မဟာအောင်မြေကားကွင်းနှင့် သီရိမန္တလာကားကွင်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ ခရီးသည်များ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**



# ရခိုင်ပြည်နယ် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မတ် ၂၉**

ရခိုင်ပြည်နယ်၌ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားမှ ပြန်လည် ဝင်ရောက်လာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်သွားနိုင်ရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သည့် ပစ္စည်းကိရိယာများကို လိုအပ်သည်ထက် ပိုမိုအောင် ပြုစုထားရန် လိုအပ်ကြောင်းနှင့် ပြန်လည်ဝင်ရောက်လာသူများကိုလည်း မိမိတို့နေအိမ်များတွင် စောင့်ကြပ်ကြည့်ရှုခြင်းကို အထူးအလေးပေးဆောင်ရွက်ပြီး ပြည်သူများ ပူးပေါင်းပါဝင်လာအောင်လည်း စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်ကော်မတီ အတွင်းရေးမှူး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်ကော်မတီဝင်များက COVID–19ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားသင့်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချမည်

**ရန်ကုန် မတ် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သည် ညီနောင်အသင်းများဖြစ်ကြသော မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများပူးပေါင်းကာ စက်မှုဇုန်များတွင် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ပြည်သူများထံ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် COVID–19 ရောဂါကြောင့် အများပြည်သူဝယ်ယူ စားသုံးနေသည့် အခြေခံစားသောက်ကုန်များ ဈေးကွက်အတွင်း ပြတ်လပ်ခြင်းမရှိစေရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရန်အတွက် ညှိနှိုင်းထိန်းသိမ်းရန်ရည်ရွယ်ခြင်းဖြစ်ပြီး ဒေသတွင်း ဖွင့်လှစ်ရောင်းချနေသည့်အိမ်ဆိုင်များ၊ လက်လီ၊ လက်ကားလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

အဓိက စားသောက်ကုန်များဖြစ်သော ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို မတ် ၃၀ ရက်တွင် ရွှေပြည်သာစက်မှုဇုန် (၁)၊ (၂)၊ (၃)၊ (၄) တို့တွင်လည်းကောင်း၊ မတ် ၃၁ ရက်တွင် ရွှေလင်ဗန်းစက်မှုဇုန်၌ လည်းကောင်း၊ ဧပြီ ၁ တွင် တောင်ဒဂုံစက်မှုဇုန် (၁)၌ လည်းကောင်း၊ ဧပြီ ၂ တွင် ဒဂုံဆိပ်ကမ်းစက်မှုဇုန်၌ လည်းကောင်း၊ ဧပြီ ၃ တွင် လှိုင်သာယာစက်မှုဇုန် (၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ (၇) တို့တွင် လည်းကောင်း ညနေ ၄ နာရီမှ စတင်ကာ သက်ဆိုင်ရာ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံးများရှေ့၌ ရောင်းချပေးမည်ဖြစ်ကြောင်း ကုန်သည်/စက်မှု အသင်းချုပ်၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မိုင်းယောင်း၌ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိုင်းယောင်း မတ် ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး အဝေးပြေးယာဉ်များအား ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း မြို့နယ်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းထံမှ သိရသည်။



မိုင်းယောင်းမြို့နယ်တွင် COVID–19 နှင့်ပတ်သက်ပြီး ကော်မတီဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် မြို့ပေါ်ရပ်ကွက်များတွင် သုံးကြိမ်၊ ကျေးရွာများတွင် နှစ်ကြိမ်နှုန်းဖြင့် နေ့စဉ်လုပ်ဆောင်နေပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ရပ်ကွက်/ ကျေးရွာများအတွင်း ကွင်းဆင်း စာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်း အသိပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မိုးလုံလေလုံအားကစားရုံ၊ အ.ထ.က ကျောင်းနှင့် ကျေးရွာရှိ အ.မ.က ကျောင်းတို့တွင် အသွားအလာ ကန့်သတ်နေရာများအဖြစ် အသုံးပြုနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ကျေးရွာအုပ်စု တစ်အုပ်စုလျှင် ဌာနဆိုင်ရာ အကြီးအကဲနှစ်ဦးပါဝင်သောအဖွဲ့မှ နေအိမ်ကန့်သတ်စောင့်ကြည့်ခြင်းကို မတ် ၂၉ ရက်အထိ ၂၂၂ ဦး စာရင်းကောက်ယူနိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်တွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားလာခြင်း မရှိစေရေးအတွက် မြို့အဝင် မုန်းလိုက်တံတားတွင် ထွေ/အုပ်၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ မွေး/ကု၊ လဝက၊ စည်ပင်၊ မီးသတ်၊ ကြက်ခြေနီပါဝင်သော မြို့နယ်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကော်မတီနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် တံတားပေါ်ဖြတ်သန်းသွားလာသူများအား အပူချိန်တိုင်း စက်သုံးလုံးဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

*○ ကျော်ဖုံးမှ*

လူရွေးပွဲများကျင်းပပြီး ပထမဆုရသည့် ဘုန်းမြင့်ကျော်(ခ)မောင်မောင်နှင့် ဒုတိယဆုရသည့် ကိုထက်တို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မောင်မောင်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် Pool 9 Ball ပြိုင်ပွဲမှ ရွှေနှစ်ခု ရယူပေးခဲ့သူဖြစ်ပြီး စနူကာပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ခြင်းဖြစ်သည်။ အာရှဘိလိယက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦး ချန်ပီယံကာကွယ်ရမည့်ပြိုင်ပွဲဖြစ်ပြီး ၂၀၁၉ ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီးကစားသမားများကို ကျော်ဖြတ်ကာ ချန်ပီယံဆုရယူနိုင်ခဲ့သည်။

မြန်မာဘိလိယက်နှင့် စနူကာကစားသမားများသည် COVID–19 ရောဂါကြောင့် လေ့ကျင့်မှုရပ်နားထားသည်။

**ညီမြတ်သော်တာ**

*✻ ကျော်ဖုံးမှ*

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်တွင် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံ ယူ–၁၉ အမျိုးသားပြိုင်ပွဲ၊ အာဆီယံ ယူ–၁၆ အမျိုးသားပြိုင်ပွဲနှင့် အာဆီယံ ယူ–၁၈ အမျိုးသမီးပြိုင်ပွဲတို့ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံအားလုံးတွင် COVID–19 ရောဂါ ဖြစ်ပွားနေသောကြောင့် ပြိုင်ပွဲများကျင်းပရန် မဖြစ်နိုင်သလို အသင်းများလေ့ကျင့်ရာတွင်လည်း အဆင်မပြေနိုင်သောကြောင့် ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲအားလုံးတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လေ့ကျင့်မှုရပ်နားထားရသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲလေးခုကို နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲလေးခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနက် မြန်မာ ယူ–၁၆ နှင့် ယူ–၁၈ အမျိုးသားအသင်းတို့မှာ လေ့ကျင့်မှုပြုလုပ်နေပြီး ပြည်တွင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လေ့ကျင့်မှုပင် ရပ်နားထားသည်။ ထို့ပြင် အမျိုးသမီးလက်ရွေးစင်အသင်းများမှာလည်း လေ့ကျင့်မှုပြုလုပ်ရန် စီစဉ်နေသည့်ကာလတွင် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဗယ်ဗာဒီကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၄၅၀ အထိ ပေးချေရဖွယ်ရှိ**

မန်ယူအသင်းသည် ၎င်းတို့အနေဖြင့် အသက် ၂၁ နှစ်အရွယ် ဥရုဂွေးကွင်းလယ်ကစားသမား ဗယ်ဗာဒီကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၄၅၀ အထိ ရီးရဲမက်ဒရစ်အသင်းကို ပေးချေရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရှာကွီရီကို ရောင်းထုတ်ရန် ပြင်ဆင်**

လီဗာပူးအသင်းသည် ဆွစ်ဇာလန်တောင်ပံကစားသမား ရှာကွီရီကို ရောင်းထုတ်ရန် ပြင်ဆင်နေကြောင်း၊ အဆိုပါ အသက် ၂၈ နှစ်အရွယ် ကစားသမားကို ဆီဗီလာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာဂဲလ်ဟီကို ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်**

အဲဗာတန်အသင်းသည် လိုင်လီအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဂါဘရီရယ် မာဂဲလ်ဟီ (၂၂နှစ်) ကို ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကော်စတာကို ရီးမား ခေါ်ယူလို**

ရီးမားအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ချယ်လ်ဆီးတိုက်စစ်ကစားသမားဟောင်း ဒီယေဂို ကော်စတာ (၃၁နှစ်) ကို ခေါ်ယူလိုနေကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**ဆိုလာကို အာဆင်နယ် ခေါ်ယူလို**

အာဆင်နယ်အသင်းသည် ဗလင်စီယာအသင်းမှ စပိန်ကွင်းလယ်ကစားသမား ကားလို့စ် ဆိုလာ (၂၃နှစ်) ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အာဆင်နယ်၌ ၎င်း၏အနာဂတ်သည် မသေချာကြောင်း မူစတာဖီပြော**

အာဆင်နယ်ခံစစ်ကစားသမား မူစတာဖီ (၂၇နှစ်) သည် အာဆင်နယ်အသင်း၌ ၎င်း၏ အနာဂတ်သည် မသေချာကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**စကစ်ကို ရေရှည်စာချုပ်သစ်ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေး**

စပါးအသင်းသည် အင်္ဂလန်ကွင်းလယ်ကစားသမား အိုလီဗာ စကစ် (၁၉နှစ်) ကို ရေရှည်စာချုပ်သစ်ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နာမည်ကြီးအသင်းများ မီလာမက်၏ ခြေစွမ်းကို စောင့်ကြည့်လျက်ရှိ**

ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် စာချုပ်ဖျက်သိမ်းကြေး ပေါင် ၇ ဒသမ ၃ သန်းသာရှိသော အက်စ်ပန်ညို အသင်းမှ စပိန်လူငယ်ကွင်းလယ်ကစားသမား နီကို မီလာမက် (၁၈နှစ်) ၏ ခြေစွမ်းကို စောင့်ကြည့်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကားရီးယပ်စ်ကို ခေါ်ယူရန် ဆန္ဒရှိ**

ဝက်စ်ဟမ်း၊ စပို့တင်း လစ္စဘွန်းနှင့် အန်ဒါလက်ချ်အသင်းတို့သည် ဘတ်ရှီးတပ်စ်အသင်းသို့ အငှားချထားသော လီဗာပူးအသင်းမှ ဂျာမန်ဂိုးသမား ကားရီးယပ်စ် (၂၆နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# သထုံမြို့၌ ငွေစက္ကူအတုပြုလုပ်သုံးစွဲသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိ

**သထုံ မတ် ၂၉**

မွန်ပြည်နယ် သထုံမြို့ ဒူးရင်းဆိပ်ကျေးရွာအုပ်စု ကြာပန်းကျေးရွာ ရွှေသံလွင် တိုးဂိတ်အနီး၌ မတ် ၂၈ ရက် ည ၁၁ နာရီခန့်က ငွေစက္ကူအတု ပြုလုပ်သုံးစွဲသူ အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ် ကြာပန်းကျေးရွာ ရွှေသံလွင် တိုးဂိတ်အနီး၌ သထုံဘက်မှ-ဘားအံဘက်သို့ မောင်းနှင်လာသော KYN 4B/---- မတ်တူးအမျိုးအစားယာဉ်ကို တားဆီးစစ်ဆေးရာ ဒဂုံအရှေ့မြို့နယ်နေသူ ယာဉ်မောင်း ထွန်းထွန်းဝင်း မောင်းနှင်၍ ယာဉ်ပေါ်တွင် ဘိုဘိုဝင်းတို့နှစ်ဦးအား ရှာဖွေရာ ထွန်းထွန်းဝင်းထံမှ ၁၀၀၀ ကျပ်တန် ငွေစက္ကူနှစ်ရွက်အား စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းတို့ကိုစစ်မေးရာ မတ်တူးမော်တော်ယာဉ်အား သထုံမြို့နေ ဦးလင်းထိုက်ထံမှ ငွေစက္ကူအတု ၁၈ သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ထွန်းထွန်းဝင်း၊ ဘိုဘိုဝင်းနှင့် ဦးလင်းထိုက်တို့ထံမှ စုစုပေါင်း ၁၀၀၀ ကျပ်တန် ငွေစက္ကူအတု ၁၇၉၆ ရွက်ကို သိမ်းဆည်းရမိ ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ငွေစက္ကူ ၁၀၀၀ ကျပ်တန်အတုများ ပြုလုပ်သုံးစွဲသူ ထွန်းထွန်းဝင်းနှင့် ဘိုဘိုဝင်းတို့နှစ်ဦးကို သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ တိုင်တန်းချက်ဖြင့် သုဝဏ္ဏဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**



ထွန်းထွန်းဝင်းနှင့် ဘိုဘိုဝင်းတို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ဖောင်းပြင်မြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် နံနက် ၆ နာရီခွဲက ဖောင်းပြင်မြို့နယ် ဖောင်းပြင် - ပင်လည်ဘူးသွားကားလမ်း မှန်တောင်ကိုင်းသစ်တောကြိုးဝိုင်းအနီးတွင် မောက်ရုံ မောင်းနှင်လာသော ဆိုင်ကယ်နှင့် မင်းဝေ မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ မင်းဝေ၏ ဆိုင်ကယ်ရှေ့ခွကြားရှိ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၅၅ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၃၀ . ၃ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |
| ၈:၃၅ | - | " မူးယစ်ဆိုက ဆန့်ကျင်ကြစကားဝိုင်း" |
| ၉:၅၀ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ " "Gods of Stepps" (Kazahstan) |
| ၁၀:၃၅ | - | စိုက်ပျိုးရေးရာ အဖြေရှာ "အောင်မြင်တဲ့ စပျစ်စိုက်ပျိုးရေး" |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၄၅ | - | People Talk "ဂရုစိုက်ကာကွယ် Covid -19 အန္တရာယ်" |
| ၁၈:၃၀ | - | "ဥပဒေရေးရာအဖြာဖြာ" |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | " ၂၀၁၈ခုနှစ်၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်း" (ပထမပိုင်း) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ထောင်ရေး ပညတ်ချက်များ" (အပိုင်း- ၂) |
| | - | တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်စဉ် ဖောက်ခွဲရေးပစ္စည်းဖြစ်သည့် ဒီတိုနေတာများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ မတ် ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၀၆၉ စီး၊ သွင်းကုန်အစီး ၁၉၆၀၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၆၄ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၈၉၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၄၀ သန်း၊ စုစုပေါင်း တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉ ဒသမ ၁၃ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၉/၆) ပန်စုံကျေးရွာအနီး၌ တိုယိုတာ ခရောင်းယာဉ်တစ်စီးနှင့် နစ်ဆန်း အေဒီဗင်ယာဉ်တစ်စီးကို မသင်္ကာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာမှ မိုင်တိုင်အမှတ်(၁၉၈/၂) ဝိန်းဆာကျေးရွာ အနီးအတွင်း ခရစ်ယာန် ဘုရားကျောင်းအနီး၌ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါ ယာဉ်နှစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖောက်ခွဲဖျက်ဆီးရေးသုံး ပစ္စည်းများဖြစ်သော Electric Detonator + Wire (5.0 m) ဝိုင်ယာကြိုးတွဲလျက် (Shock Tube Detonator) (12700) U၊ Electric Detonator + Wire (3.5m) ဝိုင်ယာကြိုးတွဲလျက် (Shock Tube Detonator) (21100) U၊ Electric Detonator (41000) U နှင့် ပစ္စည်းသယ်ဆောင်လာသောယာဉ်နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၈၉၀ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေကျင်မြို့နယ်၌ မီးလောင်မှုဖြစ်ကာ နေအိမ်သုံးလုံးဆုံးရှုံး

**ရွှေကျင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာတွင် မတ်၂၉ ရက်နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က ဒေါ်ခိုင် (၄၅ နှစ်)၏နေအိမ် မီးဖိုဆောင်မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ရာ နေအိမ်သုံးလုံးဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်ညီညီလွင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဒေါ်ခိုင်၏ နေအိမ်တစ်လုံး၊ ဒေါ်လှတင်ကြည်၏ နေအိမ်တစ်လုံးနှင့် ဦးမောင်မြင့်၏ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




Don’t Use Cell Phone While Driving

အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့


# တာမွေမြို့နယ်အတွင်း ခါးပိုက်နှိုက်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ် မျိုးမင်းဇော် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ တာမွေမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ်ဇော်မင်းထိုက်နှင့်အဖွဲ့သည် ဖေဖော်ဝါရီလ တတိယပတ်က တာမွေမြို့နယ်အတွင်းရှိ မှတ်တိုင်များနှင့် ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အရိုးကုန်းရပ်ကွက် ဗညားဒလလမ်းပေါ်ရှိ သီတာလမ်းကားမှတ်တိုင်၌ YBS-97 ယာဉ်ပေါ်မှဆင်းလာသည့် ခါးပိုက်နှိုက်သတင်းရရှိထားသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၀၄)ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ ရဲဝင်းအား ၎င်းလက်အတွင်းရှိ ဖုန်းတစ်လုံးနှင့်ပတ်သက်၍ စစ်မေးရာ အဆိုပါယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ဘေးလွယ်အိတ်အတွင်းမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ရဲဝင်း အား အခြားခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ခြင်းရှိ/မရှိ အသေးစိတ်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ တာမွေမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်တွင် လိုက်ပါစီးနင်း၍ ခရီးသွားပြည်သူများထံမှ လက်ကိုင်ဖုန်း ၁၀ လုံးကို ခါးပိုက်နှိုက်ယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း လက်ကိုင်ဖုန်း ၁၀ လုံးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခါးပိုက်နှိုက်မှုကျူးလွန်သူ ရဲဝင်းအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖုန်းပိုင်ရှင်များအနေဖြင့် တာမွေမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မတ္တရာမြို့တွင် ခရီးသည်တင်ယာဉ် သစ်ပင်ဝင်တိုက် သံဃာတစ်ပါးပျံလွန်တော်မူပြီး ၁၃ ဦးဒဏ်ရာရ

**မတ္တရာ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၅)ရပ်ကွက်တွင် ယနေ့နံနက် ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ကာ သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မတ္တရာမြို့နယ် ရေနံ့သာကျေးရွာနေသူ ယာဉ်မောင်း သက်နိုင်ဝင်း(၃၉ နှစ်) မောင်းနှင်သော ယာဉ်အမှတ် MDY-6Q/----- ဟိုက်အေ့ယာဉ်သည် အမှတ်(၅)ရပ်ကွက် တပင်ရွှေထီးလမ်း ၁၂ တပ်ဘုရားအနီးတွင် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဥူးခေမာစာရ သက်တော်(၄၉ နှစ်)နှင့် ဦးအေးညွန့်(၅၈ နှစ်)အပါအဝင် ၁၃ ဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ရာသို့ မတ္တရာမြို့မရဲစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်း(မတ္တရာ)နှင့် လူမှုကူညီရေးအသင်းတို့က သွားရောက်ကယ်ဆယ်ခဲ့ကြပြီး ဒဏ်ရာရရှိသူများအား မတ္တရာပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဥူးခေမာစာရမှာ ဆေးကုသမှုခံယူနေစဉ် ပျံလွန်တော်မူသွားခဲ့သည်။ အခြားဒဏ်ရာရရှိသူများအား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသစေခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ သက်ခိုင်ဝင်းအား မတ္တရာမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဘားအံ၌ လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ဘားအံ မတ် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ရွှေဖားစည်အိမ်ရာ (၂)စီမံကိန်းရှေ့ရှိ မြေဖို့ထားသည့်နေရာတွင် လုယက်မှုဖြစ်စဉ်တစ်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများအား ဘားအံမြို့မရဲစခန်းသို့ လာရောက်အမှုဖွင့် တိုင်တန်းချိန်မှ ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အမှတ်(၉)ရပ်ကွက် ပိတောက်လမ်းတွင်နေထိုင်သော ဦးရန်နိုင်ဝင်းသည် မတ် ၂၇ ရက် ည ၁၀ နာရီခန့်က အမျိုးသမီးတစ်ဦးနှင့် အခင်းဖြစ်နေရာတွင် စကားပြောနေစဉ် ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာသော လူငယ် ငါးဦးက ဝိုင်းဝန်းရိုက်နှက်ကာ ဦးရန်နိုင်ဝင်း၏ ဖုန်းနှစ်လုံး၊ ဆိုင်ကယ်တစ်စီးနှင့် ငွေစက္ကူရောရာ ကျပ် ၄၃၀၀၀၀ တို့ကို လုယူသွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ဦးရန်နိုင်ဝင်းမှာ ဒဏ်ရာများဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ရသည်။

ယင်းဖြစ်စဉ်ကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် အောင်မြတ်မိုးက အမှုစစ်အဖွဲ့များ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဘဲကြီး (ခ) အောင်ဖြိုးဝေ အသက်(၂၂ နှစ်)၊ ဖြိုးဝေယံ(ခ)ခေါင်းဖြူ (၂၀ နှစ်)၊ မဆုပြည့် (၁၉ နှစ်)၊ ထက်မြတ်ဦး၊ စောခိုင်ထွန်း(ခ)တနင်္လာ(ခ) ဝိုင်လွတ်(၁၉)နှစ်)၊ စောလှကလေးဖောင်တို့ကို ၎င်းတို့ လုယူသွားသော သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြောက်ကိုရီးယားက ဒုံးကျည်နှစ်စင်းပစ်လွှတ်စမ်းသပ်

**ဆိုးလ် မတ် ၂၉**
မြောက်ကိုရီးယားသည် တာလတ်ပစ်ဒုံးကျည်နှစ်စင်းကို ၎င်း၏အရှေ့ဘက်ကမ်းရိုးတန်းသို့ မတ် ၂၉ ရက်က ပစ်လွှတ်ခဲ့ကြောင်းနှင့် ယခုလအတွင်း ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်း လေးကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုလို မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် နျူကလီးယားလက်နက် မပြန့်ပွားရေး ကာလရှည်ကြာဆွေးနွေးပွဲ လုပ်နေချိန်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသည် မကြာသေးမီကလည်း မြောက်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး အကူအညီပေးရန် ကမ်းလှမ်းခဲ့သေးကြောင်း သိရသည်။

တောင်ကိုရီးယား ပူးတွဲကာကွယ်ရေးဦးစီးချုပ်က မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်နှစ်စင်းပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း၊ ပင်လယ်ဆိပ်ကမ်းမြို့ ဝမ်ဆန်မှ အရှေ့ဘက်ပင်လယ်ဟုခေါ်သည့် ဂျပန်ပင်လယ်ထဲသို့ ပစ်လွှတ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုကျိုကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မြောက်ကိုရီးယား၏ စမ်းသပ်ပစ်လွှတ်လိုက်သည့် ဒုံးကျည်သည် ဂျပန်ရေပိုင်နက်ထဲသို့ ကျခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်သော မြောက်ကိုရီးယားနိုင်ငံသည် တနင်္ဂနွေနေ့က ဒုံးကျည်ပစ်လွှတ်မှုအတွက် မည်သည့်ထုတ်ပြန်ချက်မျှ ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ **အေအက်ဖ်ပီ**



၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်က မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားစစ်မဲ့ဇုန်တွေ့ဆုံပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ကို တွေ့ရစဉ်။

# နယူးယောက်မြို့ကို အသွားအလာကန့်သတ်ရန်မလိုကြောင်း အမေရိကန်သမ္မတပြော

**ဝါရှင်တန် မတ် ၂၉**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် မြို့တော်နယူးယောက်ကို အသွားအလာကန့်သတ်ရန် မလိုအပ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၉ ရက်က ဖော်ပြလိုက်သည်။

ခရီးသွားလာရာတွင် လိုက်နာသင့်သည့် အကြံပြုချက်များကို ထုတ်ပြန်သင့်ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာပေါ်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် တိုင်ပင်ဆွေးနွေးပြီး ယခုလို သီးသန့်အသွားအလာ ကန့်သတ်ထိန်းချုပ်မှုများ မလိုအပ်ကြောင်း ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။





အမေရိကန်သမ္မတဒေါ်နယ်ထရမ့်

သမ္မတ၏တောင်းဆိုမှုကြောင့် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ခရီးသွားလာရာတွင် လိုက်နာသင့်သည့် အကြံပြုချက်များ ထုတ်ပြန်ခဲ့ကြောင်း သိရပြီး ဒေသခံပြည်သူများကို နောက်ထပ် ၁၄ ရက်အတွင်း မလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုရန် တိုက်တွန်းထားသည်။


ယခုရက်မတိုင်ခင် အစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နယူးယောက်မြို့တွင်း မြို့ပြင်များတွင် ရက်သတ္တပတ်နှစ်ပတ်ခန့် ခရီးသွားလာခွင့်တားမြစ်မှုများကိုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုအစိုးရက ဒေသခံများကို မလိုအပ်ဘဲ ညဘက်အပြင်ထွက်ခြင်းမပြုရန် တိုက်တွန်းနှိုးဆော်

**တိုကျို မတ် ၂၉**
တိုကျိုအစိုးရက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တားဆီးထိန်းချုပ်ရာတွင် ဒေသခံပြည်သူများကို အိမ်မှ အလုပ်လုပ်ရန်နှင့် မလိုအပ်ဘဲ ညဘက်ခရီးသွားလာခြင်း မပြုလုပ်ရန် နှိုးဆော် တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

ယခုလို နှိုးဆော်တိုက်တွန်းမှုများကို ဧပြီ ၁၂ ရက်အထိ လိုက်နာလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ တိုကျိုအစိုးရသည် အရေးကြီးပွဲလမ်းများကိုရွှေ့ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းများ ပြုလုပ်လျက်ရှိသည်။





တိုကျိုမြို့မြင်ကွင်းကို တွေ့ရစဉ်။

မြို့တော်ဝန် ယူရီကို ကိုကဲက လွန်ခဲ့သော ဗုဒ္ဓဟူးနေ့ကတည်းက ဒေသခံပြည်သူများကို ယခုလို နှိုးဆော်တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မလိုအပ်ဘဲ စနေ၊ တနင်္ဂနွေနေ့များတွင် အပြင်မထွက်ရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

တိုကျိုမြို့သည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ အဆိုးရွားဆုံးဖြစ်နေသည့်နေရာတစ်ခုဖြစ်ပြီး အဆမတန်ဖြစ်ပွားမှုကို တားဆီးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်အာဖရိကတွင် COVID-19 ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းများ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီး ဇွဲလိမာခီဇီက ပြောကြား

**ကိတ်တောင်း မတ် ၂၉**
တောင်အာဖရိကတွင် COVID–19 ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းများမြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီး ဇွဲလိမာခီဇီက ပြောကြားလိုက်သည်။

တောင်အာဖရိကနိုင်ငံတွင် COVID–19 အတည်ပြုလူနာပေါင်း ၁၁၈၇ ဦးရှိပြီး၊ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၇ ဦး တိုးလာကြောင်း၊ ကျန်းမာရေးဝန်ထမ်း ၁၃ ဦးလည်း COVID–19 ထပ်မံကူးစက်ခံထားရကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

အသက် ၇၀ အရွယ်ဆရာဝန်တစ်ဦးလည်း COVID–19 ကူးစက်ခံထားရသဖြင့် အလေးအနက်ထားစောင့်ကြည့်နေကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ COVID–19 ကူးစက်ခံရမှုနှုန်းမြင့်တက်လာသည့်အပေါ်စိုးရိမ်မိကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

COVID–19 လူနာနှင့်ထိတွေ့သည့် ကျန်းမာရေးဝန်ထမ်းတိုင်း မကူးစက်သူမရှိသလောက်ပါဟု ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားလိုက်သော်လည်း မည်သို့မည်ပုံ ကူးစက်ခံရသလဲဆိုသည်ကိုအသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

တောင်အာဖရိကတွင် COVID–19 ဖြစ်ပွားသော လူနာများမှာ အများအားဖြင့် ဥရောပ၊ အမေရိကန်ပြည်ထောင်စုနှင့် အရှေ့အလယ်ပိုင်းသို့ သွားရောက်ခဲ့သူများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# COVID-19 ကာကွယ်မှုအဖြစ် နှာခေါင်းစည်း ၂၅၀၀၀၀ ကုလက နယူးယောက်မြို့အတွက် လှူဒါန်း

**ဂျီနီဗာ မတ် ၂၉**
COVID–19 ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က နယူးယောက်မြို့ကို နှာခေါင်းစည်း ၂၅၀၀၀၀ ခန့်လှူဒါန်းခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၉ ရက်က ဖော်ပြလိုက်သည်။

ကုလသမဂ္ဂအနေဖြင့် နယူးယောက်မြို့ကို နှာခေါင်းစည်း ၂၅၀၀၀၀ လှူဒါန်းနိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ကယ်လီခရက်ဖ်နှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ဂူတာရက်စ်က ထုတ်ပြန်ကြေညာချက်တွင် ပြောကြားလိုက်သည်။

နယူးယောက်မြို့တွင် COVID–19 ကပ်ရောဂါကိုတိုက်ဖျက်ရာတွင် သတ္တိရှိရှိတာဝန်ထမ်းဆောင်နေသော ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များကို ထောက်ပံ့ပေးရသည့်အတွက် မိမိအနေဖြင့် ဝမ်းသာပါကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

အခုလိုမျိုး နယူးယောက်မြို့လို ကြီးကျယ်သည့်မြို့ကြီးနှင့် ဂုဏ်ယူစရာ ပြည်သူများကို ပြတ်ပြတ်သားသားလှူဒါန်းခဲ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ နယူးယောက်မြို့သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဌာနချုပ်ရှိရာမြို့ကြီးတစ်ခုဖြစ်ရုံမက ကမ္ဘာ့ဆက်သွယ်မှုဗဟိုအချက်အချာနေရာတစ်ခုအပြင်၊ ဆွေးနွေးငြင်းခုံရာ၊ ကုန်သွယ်ရေးလုပ်ဆောင်ရာ နိုင်ငံတကာမြို့တော်တစ်ခုလည်းဖြစ်သည်။

**ဆင်ဟွာ**

# အိုလံပစ်အားကစားပွဲရွှေ့ဆိုင်းမှုကြောင့် တိုကျိုမြို့ရှိဟိုတယ်များ လုပ်ငန်းထိခိုက်

**တိုကျို မတ် ၂၉**

၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲတော်ကို ရွှေ့ဆိုင်းလိုက်သည့်အတွက် ဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဂျပန်နိုင်ငံရှိဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် အော်ပရေတာအများစုတို့တွင် ကြိုတင်မှာယူမှုများ လျော့ကျခဲ့ပြီး ယခုနှစ်တွင် နစ်နာဆုံးရှုံးရမှုများကို အိုလံပစ်အားကစားပွဲက တဖြည်းဖြည်းပြန်လည် အဆင်ပြေလာနိုင်စေလိမ့်မည်ဟု မျှော်လင့်ထားခဲ့ရာ ယင်းမျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။


ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ပြည်တွင်း၌သာမက ပြည်ပခရီးသွားလုပ်ငန်းများပါ ကျဆင်းမှုဖြစ်ပေါ်ခဲ့သည့်အတွက် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများမှာလည်း ဝင်ငွေထက်ဝက်ခန့် လျော့ကျခဲ့ကြောင်း တိုကျိုဟိုတယ်နှင့် Ryokans Association မှ အထွေထွေအတွင်းရေးမှူး ရှုဂီမီစူဒိုက ပြောကြားခဲ့သည်။

ဟိုတယ်အခန်းများအားလုံး ကြိုတင်မှာကြားမှု ပယ်ဖျက်မှုများလုပ်ဆောင်ခဲ့ရာ လစ်လပ်သွားသောအခန်းများတွင် ဧည့်သည်အသစ်များကိုဖြည့်သွင်းရန် အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ကမ္ဘာတစ်ဝန်း အရှိန်မြင့်နေသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ တိုက်တွန်းတောင်းဆိုမှုကြောင့် ၂၀၂၀ အိုလံပစ်အားကစားပွဲတော်ကို တစ်နှစ်ရွှေ့ဆိုင်းကာ ကျင်းပမည့်နေ့ရက်ကို ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

ကျန်သည့်ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် ဂျပန်နိုင်ငံ၏ ဟိုတယ်လုပ်ငန်းမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဘွတ်ကင်များလျော့ကျကာ လုပ်ငန်းထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်ခရီးသွားလုပ်ငန်းအေဂျင်စီမှ စစ်တမ်းကောက်ယူမှုအရ သိရသည်။

**အေအက်ဖ်ပီ**



တိုကျိုမြို့၌ ညအချိန် နှာခေါင်းစည်းတပ်ဆင်သွားလာသူအချို့ကို တွေ့ရစဉ်။

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကိုတိုက်ဖျက်ရန် တရုတ်နိုင်ငံမှ ဆေးဘက်ကျွမ်းကျင်သူအဖွဲ့ လာအိုရောက်ရှိ

**ဗီယန်ကျင်း မတ် ၂၉**

လာအိုနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေးအကူအညီပေးရန် တရုတ်ဆေးဘက်ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ တစ်ဖွဲ့ ဗီယန်ကျင်းမြို့တော်သို့ မတ် ၂၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် လာအိုဒုတိယဝန်ကြီးချုပ် ဆွမ်ဒီ ဒေါင်ဒီနှင့် လာအို နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျီအန်ကျိုင်ဒေါင်တို့သည် ဗီယန်ကျင်းမြို့ ဝပ်တေးနိုင်ငံတကာလေဆိပ်၌ တရုတ်ဆေးဘက်ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ကိုယ်တိုင်သွားရောက် ကြိုဆိုခဲ့ကြသည်။



ကပ်ရောဂါဖြစ်ပွားမှုကြောင့် ခရီးသွားလာမှုကန့်သတ်ချက်ထုတ်ပြန်ထားသည့် လောင်ပရာဘန်မြို့တွင် ဒေသခံအချို့ကို တွေ့ရစဉ်။

တရုတ်ဆေးဘက်ကျွမ်းကျင်ပညာရှင်များအဖွဲ့၌ ကူးစက်ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဆိုင်ရာကျွမ်းကျင်သူပညာရှင်များ၊ ခွဲစိတ်ခွဲစစ်ဆေးကျွမ်းကျင်သူများ၊ အရေးပေါ်ကုသမှုဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည်။ ၎င်းတို့နှင့်အတူ ဆေးဝါးအထောက်အကူပြုပစ္စည်းများလည်း ပါလာကြောင်း သိရသည်။

လာအိုနိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ နှစ်ဦးကို စတင်တွေ့ရှိရကြောင်း အစိုးရက ကြေညာခဲ့ပြီး တရုတ်နိုင်ငံမှ အကူအညီပေးအပ်ရန် တောင်းဆိုခဲ့ရာနောက် ငါးရက်ထက်မနည်း အကြာတွင် အဆိုပါကျွမ်းကျင်သူအဖွဲ့ လာအိုနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ လာအိုနိုင်ငံ၌ မတ် ၂၈ ရက် ညနေပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာ ရှစ်ဦးရှိခဲ့သည်။

**ဆင်ဟွာ**

## တူရကီ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၆၁၄ ဦးရှိလာပြီး သေဆုံးသူ ၁၀၈ ဦးရှိလာ



တူရကီရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ပေါ်တွင် လူအနည်းငယ်သာ လိုက်ပါစီးနင်းမှုကို တွေ့ရစဉ်။

**အန်ကာရာ မတ် ၂၉**

တူရကီနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာ ၁၆ ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူအရေအတွက် ၁၀၈ ဦးဖြစ်လာခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တီကိုကာက မတ် ၂၈ ရက် ညပိုင်းက ပြောကြားခဲ့သည်။

### မြင့်တက်နေဆဲဖြစ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

### ကုသမှုဆောင်ရွက်

မတ် ၂၈ ရက်က ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၆၁၄ ဦး အထိရှိလာကြောင်း အတည်ပြုခဲ့ပြီး ၁၇၀၄ ဦးကို ကုသမှုဆောင်ရွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖြည့်စွက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူမရှိ

**ဒါကာ မတ် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့် နှစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာ ထပ်မံပေါ်ထွက်လာခြင်းမရှိခဲ့ကြောင်း သိရသည်။

ကပ်ရောဂါဖြစ်ပွားမှုဆိုင်ရာ အင်စတီကျုမှ ရောဂါထိန်းချုပ်ရေးနှင့် သုတေသန ညွှန်ကြားရေးမှူး ပါမောက္ခ မီရာဂျာဒီ ဆာဘရီနာ ဖလော်ရာက မတ် ၉ ရက်တွင် အွန်လိုင်းသတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း COVID-19 ထပ်မံကူးစက်ခံရသူမရှိကြောင်း ပြောကြားခဲ့သည်။

အလားတူပင် မတ် ၂၇ ရက်ကလည်း နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူမရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာအရေအတွက်မှာ ၄၈ ဦးရှိပြီး မတ် ၂၈ ရက်အထိ ယင်းအရေအတွက်၌ ရပ်တန့်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ငါးဦးအထိရှိခဲ့ပြီး ကျန်လူနာများမှာ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## တရုတ်အဝတ်အထည်စက်ရုံက ကမ္ဘောဒီးယားနိုင်ငံအတွက် နှာခေါင်းစည်းတစ်သန်း လှူဒါန်း

**နန်ကျင်း မတ် ၂၉**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တိုက်ဖျက်ရာတွင် ကမ္ဘောဒီးယားနိုင်ငံကို အကူအညီပေးသည့်အနေဖြင့် တရုတ်အဝတ်အထည်လုပ်ငန်းတစ်ခုဖြစ်သည့် ဟိုဒိုဂရုက နှာခေါင်းစည်းအခုရေတစ်သန်းကို ကမ္ဘောဒီးယားသို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ပထမအသုတ်အနေဖြင့် နှာခေါင်းစည်းအခုရေ နှစ်သိန်းကို ကမ္ဘောဒီးယားနိုင်ငံသို့ သင်္ဘောဖြင့်စတင်ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစူးပြည်နယ်ရှိ ဝူစီအခြေစိုက် အဝတ်အထည်ကုမ္ပဏီက ပြောကြားခဲ့သည်။

နှာခေါင်းစည်းများ လှူဒါန်းမှုသည် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ခင်မင်ရင်းနှီးကြောင်း ဖော်ပြမှုတစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားပြည်သူများနှင့် လေးနက်သည့်ချစ်ကြည်ရင်းနှီးမှုကို ပြသလိုက်ခြင်းဖြစ်ကြောင်း ဟိုဒိုဂရုဥက္ကဋ္ဌ ကျို့ဟာကျင်းက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မတ် ၂၉ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာတစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၁၀၃ ဦးဖြစ်လာခဲ့သည်။

**ဆင်ဟွာ**

# ကပ်ရောဂါကျရောက်ချိန် အမေရိကန်ရင်ဆိုင်နေရတဲ့ အသက်ရှူစက်ပြဿနာ

*ကလျာမိုးမြင့်*

**အမေရိကန်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ လူနာတွေအတွက် အသက်ရှူစက်(Ventilators) တွေ မြန်မြန်ထုတ်လုပ်ပေးဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျင်နရယ်မော်တော်ကားကုမ္ပဏီကို အမိန့်ပေးလိုက်တယ်လို့ သိရပါတယ်။**



အမေရိကန်၌ အသက်ရှူစက်အသုံးပြုနေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကိုတွေ့ရစဉ်။

## ဥပဒေအရ အမိန့်ပေးခွင့်ရှိ

ဒီလိုအမိန့်ပေးဖို့ရာအတွက် သမ္မတထရမ့်က ကိုရီးယားစစ်ပွဲခေတ်ကာကွယ်ရေးဆိုင်ရာ ထုတ်လုပ်ရေးဥပဒေတစ်ရပ်ကို အသုံးပြုလိုက်တာဖြစ်ပါတယ်။ အဲဒီဥပဒေအရဆိုရင် သမ္မတတစ်ဦးဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တဲ့ကုန်ပစ္စည်းတွေထုတ်လုပ်ဖို့ ကုမ္ပဏီတွေကို အမိန့်ပေးခွင့်ရှိပါတယ်။ ဂျင်နရယ်မော်တော် ကုမ္ပဏီဟာ သက်သက်မဲ့အချိန်ဖြုန်းနေတယ်။ အမေရိကန်ပြည်သူတွေရဲ့ အသက်ကိုကယ်ဖို့ လက်တွေ့လုပ်ဆောင်မှုလိုအပ်နေပြီလို့ သမ္မတထရမ့်က ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ၁၀၄၀၀၀ အထိရှိနေပြီး ကမ္ဘာ့ကူးစက်မှုအများဆုံးပမာဏဖြစ်နေပါတယ်။ သေဆုံးသူအရေအတွက် ၁၇၀၀ နီးပါးအထိရှိနေပြီး အီတလီနဲ့ တရုတ်နိုင်ငံရဲ့ သေဆုံးမှုပမာဏကို အမီလိုက်လာနေပါတယ်။ အစောပိုင်းမှာ သမ္မတထရမ့်က ကာကွယ်ရေးဆိုင်ရာ အမိန့်ထုတ်ပြန်ဖို့ တကယ်တမ်းတော့ မလိုအပ်လှဘူး။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီတွေဟာ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို တိုက်ဖျက်ရာမှာ ဝိုင်းဝန်းကူညီဖို့အတွက် ၎င်းတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို စေတနာအလျောက် တာဝန်သိစွာနဲ့ ပြောင်းလဲဖို့ လုပ်ဆောင်လာကြလို့ပဲလို့ ပြောကြားခဲ့ပါတယ်။

## ဈေးကြီးပေးဝယ်စေချင်

ဒါပေမယ့် မတ် ၂၇ ရက်မှာတော့ သမ္မတထရမ့်က ၎င်းရဲ့ထုတ်ပြန်ချက်တစ်စောင်မှာ ဗိုင်းရပ်စ်ဟာ ကူးစက်ဖြန့်ဝေတဲ့လုပ်ငန်းကို ပုံမှန်လုပ်ငန်းဆောင်တာတစ်ခုလို အလောတကြီးလုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။ အဲဒီနေ့အစောပိုင်းမှာ သမ္မတထရမ့်က ဂျင်နရယ်မော်တော်ကုမ္ပဏီဟာ အသက်ရှူစက်အလုံးရေ လေးသောင်းအထိ ပို့ပေးဖို့ကတိပေးထားရာကနေ အရေအတွက်လျှော့ချခဲ့ပြီး အလုံးရေ ၆၀၀၀ အထိသာ ပေးပို့ခဲ့တယ်။ ပြီးတော့ စက်တွေကို ဈေးကြီးကြီးပေးစေချင်နေတယ်လို့ တွစ်တာပေါ်မှာရေးသားဖော်ပြခဲ့ပါတယ်။

ဂျင်နရယ်မော်တော်ရဲ့ အမှုဆောင်ချုပ် မယ်ရီဘာရာကိုလည်း သမ္မတထရမ့်က ကုမ္ပဏီရဲ့ ထုတ်လုပ်ရေး ဦးဆောင်မှုကိစ္စတွေမှာလည်း သူဟာ အမြဲလိုလိုရှုပ်ထွေးနေတယ်လို့ ဝေဖန်လိုက်ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာ ဂျင်နရယ်မော်တော်ကုမ္ပဏီဟာ လာမယ့်ဧပြီလကစပြီး တစ်လ မှာ အသက်ရှူစက်အလုံးရေ အနည်းဆုံးတစ်သောင်းလောက်အထိ ထုတ်လုပ်သွားနိုင်တယ်လို့ ပြောကြားခဲ့ပါတယ်။

## ပူးပေါင်းလုပ်ဆောင်

ဂျင်နရယ်မော်တော်ကားကုမ္ပဏီဟာ လက်ရှိအခြေအနေအရ အင်ဒီယားနားပြည်နယ် ကိုကိုမိုမှာရှိတဲ့ ကားစက်ရုံမှာ အသက်ရှူစက်တွေ တပ်ဆင်ထုတ်လုပ်ဖို့အတွက် ဆီတယ်အခြေစိုက် ဆေးရုံသုံးစက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ Ventec Life Systems ကုမ္ပဏီနဲ့အတူ တွဲပြီးလုပ်ငန်းဆောင်ရွက်နေပါတယ်။ ဝါရန်နဲ့ မီချီဂန်မှာရှိတဲ့ ဂျင်နရယ်မော်တော်ရဲ့ စက်ရုံတွေကို ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတွေ ထုတ်လုပ်ဖို့ အသုံးပြုမှာဖြစ်တယ်လို့ အေပီသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

အခွန်ထမ်းသူတွေကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံပေးအပ်မယ့် ဥပဒေကို သမ္မတထရမ့်ရဲ့ အစိုးရအဖွဲ့အရာရှိတွေက နှောင့်ယှက်ဟန့်တားမှု မလုပ်ခင် လာမယ့်ဗုဒ္ဓဟူးနေ့မှာ ကုမ္ပဏီနှစ်ခုအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အိမ်ဖြူတော်က ကြေညာဖို့လုပ်ထားတာဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ပတ်သက်ပြီးတော့ ကျွန်ုပ်တို့အနေနဲ့ ငွေကြေးခေါင်းပုံဖြတ်ခံရတာမျိုး မလိုလားဘူးလို့ သမ္မတထရမ့်က ပြောကြားခဲ့ပါတယ်။

## ဝယ်လိုအားများနေတဲ့ အသက်ရှူစက်

အိုဟိုင်းယိုးပြည်နယ် လော့ဒ်စ်တောင်းမှာရှိတဲ့ ဂျင်နရယ်မော်တော်ရဲ့ စက်ရုံပိတ်သိမ်းထားရမှုနဲ့ ပတ်သက်ပြီး အတော်လေးစိတ်မကောင်းတဲ့အကြောင်းကိုတော့ သမ္မတထရမ့်က ထုတ်ပြောခဲ့ပါတယ်။ အဲဒီကားစက်ရုံကို ကုမ္ပဏီက ပြီးခဲ့တဲ့ နိုဝင်ဘာလက ရောင်းလိုက်တဲ့အတွက် ဝန်ထမ်းအလုပ်သမား ၁၄၀၀ လောက် အလုပ်လက်မဲ့ဖြစ်သွားခဲ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်လို့ခေါ်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါစတင်ဖြစ်ပွားတဲ့အချိန်ကစပြီး အသက်ရှူစက်တွေဟာ အတော်လေးဝယ်လိုအားများနေပါတယ်။ ရောဂါကူးစက်ခံရပြီးနောက် ရောဂါပြင်းထန်လာတဲ့အခြေအနေမှာ ဗိုင်းရပ်စ်ဟာ အဆုတ်ကိုတိုက်ခိုက်ဖျက်ဆီးတဲ့အတွက် လူနာတွေ အသက်ရှူအခက်အခဲဖြစ်ပေါ်ချိန် ဒီစက်က လူနာတွေအသက်ဆက်ရှူနိုင်ဖို့ ကူညီပေးပါတယ်။ နယူးအော်လန်ပြည်နယ်မှာ လာမယ့် ဧပြီ ၂ ရက်ကစပြီး အသက်ရှူစက်တွေ ပစ္စည်းပြတ်လပ်မှုဖြစ်နိုင်တယ်လို့ လူဝီစီယားနားအုပ်ချုပ်ရေးမှူးက ပြောခဲ့ပါတယ်။

## အတွင်းလူနာပေါင်းများစွာ

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေချိန်အတောအတွင်း အရေးပေါ်ကုသမှုခံယူနေရတဲ့ လူနာပေါင်းများစွာအတွက် အသက်ရှူစက်လိုအပ်နိုင်တယ်လို့ ဆေးဝါးကုသမှုအဖွဲ့အစည်းက ခန့်မှန်းတွက်ချက်ထားပါတယ်။ ရောဂါကူးစက်မှုအဆိုးဆုံးဖြစ်နေတဲ့ နယူးယောက်မှာ အသက်ရှူစက် အလုံးရေ ၃၀၀၀၀ လောက်လိုအပ်နေပေမယ့် ပြီးခဲ့တဲ့သောကြာနေ့မှာ သမ္မတထရမ့်က အဲဒီအရေအတွက်က သိပ်ကိုများလွန်းတယ်လို့ ထင်မိတယ်လို့ပြောခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့ ပြောဆိုမှုကို နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက အခြေခံအချက်အလက်တွေအပေါ်မူတည်ပြီး အမှန်တကယ်လိုအပ်တဲ့ အသက်ရှူစက်ကို တောင်းဆိုနေတာဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

## နယူးယောက်အခြေအနေ

နယူးယောက်ဟာ အမေရိကန်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုဗဟိုချက်မတစ်ခုအဖြစ် ဆက်လက်ရှိနေပြီး မတ် ၂၇ ရက် တစ်နေ့တည်းမှာတင် ထပ်မံကူးစက်ခံရသူ ၇၀၀၀ ကျော် ရှိလာခဲ့ပါတယ်။ သေဆုံးမှုပမာဏဟာ ဆိုရင်လည်း အခုဆိုရင် ၅၁၉ ဦးအထိ မြင့်တက်လာခဲ့ပါတယ်။ ယခုရက်သတ္တပတ်မှာ ဖလော်ရီဒါ၊ မေရီလန်း၊ တောင်ကာရိုလိုင်းနား၊ ရိုဒီကျွန်းနဲ့ တက္ကဆက်ပြည်နယ်တွေမှာ နယူးယောက်မြို့ကလာတဲ့ ခရီးသွားတွေအားလုံး ၁၄ ရက်ကြာ တစ်ကိုယ်ရေသီးသန့်နေထိုင်ပြီး အသွားအလာကန့်သတ်မှုလိုက်နာဆောင်ရွက်ဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

## သမ္မတရဲ့စီမံကိုင်တွယ်မှုအပေါ်ဝေဖန်

လာမယ့်နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲမှာ သမ္မတဒေါ်နယ်ထရမ့်ရဲ့ ဒီမိုကရက်တစ်စိန်ခေါ်သူတစ်ဦး ဖြစ်လာဖွယ်ရှိတဲ့ အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကတော့ သမ္မတထရမ့်ရဲ့ လုပ်ဆောင်ချက်တွေအပေါ် သဘောမကျဖြစ်လျက်ရှိပါတယ်။ သမ္မတထရမ့်ဟာ ကပ်ရောဂါကူးစက်မှုကို လျှော့တွက်နေပြီး သတိပေးစကားတွေကိုလည်း လတွေကြာတဲ့အထိ ဂရုမစိုက်ဘဲနေခဲ့တယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့သမိုင်းကြောင်းမှာ သမ္မတတစ်ဦးရဲ့ မအောင်မြင်တဲ့ ဦးဆောင်မှုတွေထဲကတစ်ခုပဲလို့ ၎င်းက ပြစ်တင်ဝေဖန်ခဲ့ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**

**"ရောဂါစတင်ဖြစ်ပွားတဲ့အချိန်ကစပြီး အသက်ရှူစက်တွေဟာ အတော်လေးဝယ်လိုအားများနေပါတယ်။ ရောဂါကူးစက်ခံရပြီးနောက် ရောဂါပြင်းထန်လာတဲ့အခြေအနေမှာ ဗိုင်းရပ်စ်ဟာ အဆုတ်ကို တိုက်ခိုက်ဖျက်ဆီးတဲ့အတွက် လူနာတွေအသက်ရှူအခက်အခဲဖြစ်ပေါ်ချိန် ဒီစက်က လူနာတွေအသက်ဆက်ရှူနိုင်ဖို့ ကူညီပေး"**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ရောဂါကူးစက်မှုကြောင့် နျူကလီးယားလက်နက်မပြန့်ပွားရေး ကုလသမဂ္ဂညီလာခံရွှေ့ဆိုင်း

**ဂျီနီဗာ မတ် ၂၉**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရှိန်မြင့်နေဆဲဖြစ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက် မပြန့်ပွားရေး ကုလသမဂ္ဂညီလာခံကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂကကြေညာခဲ့သည်။

နျူကလီးယားလက်နက် မပြန့်ပွားရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးအတွက် စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို မူလက ဧပြီ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ညီလာခံ၏သဘာပတိအဖြစ်ဆောင်ရွက်မည့် အာဂျင်တီးနား ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ညီလာခံရွှေ့ဆိုင်းရေးအဆိုပြုလွှာကို စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

၎င်း၏အဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံများက သဘောတူလိုက်ကြောင်း ကုလသမဂ္ဂက မတ် ၂၇ ရက်တွင်ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဝယ်လိုအားကျဆင်းမှုကြောင့် ဂျပန်ကားကုမ္ပဏီများထုတ်လုပ်မှု လျှော့ချ

**တိုကျို မတ် ၂၉**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် တိုယိုတာမော်တော်ကားကုမ္ပဏီက ထိုင်းနိုင်ငံရှိ ၎င်း၏စက်ရုံသုံးခုကို ယာယီရပ်ဆိုင်း လိုက်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် မော်တော်ကားသစ်များဝယ်လိုအား ကျဆင်းလာသည့်အတွက် စက်ရုံများယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှဒေသရှိ အကြီးဆုံးမော်တော်ကားဈေးကွက်ရှိသည့် ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့်လအတွင်း မော်တော်ကားရောင်းချရမှုမှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စက်ရုံများကို ၁၀ ရက်ကြာပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

တိုယိုတာ အပါအဝင် အခြားကားကုမ္ပဏီများကလည်း ထုတ်လုပ်မှုများကို ဆိုင်းငံ့ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂၉-၃-၂၀၂၀) ရက်နေ့၊ ညနေ(၆)နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၅)ဦးရှိပါသည်။

၃။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ဓာတ်ခွဲစစ်ဆေးမှုအဖြေများကိုလည်း ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၈)ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ(၃)ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁)ဦး၊ စုစုပေါင်း(၆)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပြီး ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ(၂)ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှု ရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၃-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၂၉-၃- ၂၀၂၀) ရက်နေ့၊ ည (၉:၀၀)နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ(၈၂)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁)တွင် ဖော်ပြထားရှိသော လူနာ (၂) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ)ရပြီး ကျန်လူနာ (၈၀) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း)တွေ့ရှိရပါသည်။

၂။ ဓာတ်ခွဲအတည်ပြုလူနာ (Case-09)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်တွင် နေထိုင်သော အသက်(၄၄) နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး (၂၃-၃-၂၀၂၀)ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်ခဲ့ကာ (၂၆-၃-၂၀၂၀) ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုသူမှာ (၂၆-၃-၂၀၂၀) ရက်နေ့တွင်ပင် ဖျားခြင်း၊ ချောင်းဆိုးခြင်း ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် ပြည်သူ့ဆေးရုံ၊ ပုလဲမြို့သစ်၌ (၂၆-၃-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာအဖြစ် ဆေးကုသမှုခံယူကာ ဓာတ်ခွဲနမူနာအား ပေးပို့ စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလူနာအား ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းကုသမှု ခံယူစေမည်ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာ (Case-10)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့် မြို့နယ်တွင် နေထိုင်သော အသက် (၄၅)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case-05) နှင့် အနီးကပ်ထိတွေ့ခဲ့သည့် ရာဇဝင်ရှိသည့်အတွက် (၂၈-၃-၂၀၂၀)ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံ၌ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ဆောင်ရွက်ထားရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူပြီး ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလူနာအား ဝေဘာဂီအထူးကုဆေးရုံကြီးတွင် သီးခြားထားရှိ၍ ဆေးကုသမှု ဆက်လက်ပေးသွားမည်ဖြစ်ပါသည်။

ဇယား -၁

COVID-19 ရောဂါအတွက် ဓါတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂၉-၃-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီ

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 09 | ၄၄ နှစ် | ကျား | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၂၆-၃-၂၀၂၀ | တွေ့ရှိ |
| 10 | ၄၅ နှစ် | ကျား | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး။ | ၂၈-၃-၂၀၂၀ | တွေ့ရှိ |

- ကျန်စောင့်ကြည့်လူနာ (၈၀) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

၄။ အဆိုပါ ဓာတ်ခွဲအတည်ပြု လူနာ(၂)ဦး၏ လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၅။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး စောင့်ကြည့်ရေးစခန်းများတွင် နေထိုင်ကြရသူများအား တွေ့ဆုံအားပေး

ရေတာရှည် မတ် ၂၉



ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာနန္ဒာ ညီဆွေနှင့် တာဝန်ရှိသူများသည် မတ် ၂၈ ရက် ညနေပိုင်းက ရေတာရှည်မြို့ တောင်ဘက်မြို့မဘောလုံးကွင်းအတွင်း ဖွင့်လှစ်ထားသည့် စောင့်ကြည့်ရေးစခန်းသို့ ရောက်ရှိကာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ကူးစက်ရောဂါထိန်းချုပ်ရေးအတွက် စောင့်ကြည့်ခံရသူများအား သီးသန့်ထားရှိပြီးဖြစ်သော်လည်း အခြားသူများ လာရောက်တွေ့ဆုံမှု မရှိစေရေးနှင့် အစားအသောက်နှင့် အခြားသော ပစ္စည်းများပေးအပ်ရာတွင် တစ်ခါသုံးပစ္စည်းများ အသုံးပြုရေးတို့ကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆွာမြို့ အထက၊ မြို့လှမြို့ အထက၊ ရေနီမြို့ အထကကျောင်းများတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

**သန်းလွင်**

# လပွတ္တာမြို့တွင် COVID- 19 စောင့်ကြည့်လူနာများ သီးသန့်ထားရှိရန် စီစဉ်ထား

လပွတ္တာ မတ် ၂၉

လပွတ္တာမြို့နယ်တွင် COVID -19 ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်စေရေးအတွက် မြို့နယ်အဆင့် ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

လပွတ္တာမြို့နယ်တွင် COVID -19 ရောဂါ စောင့်ကြည့်လူနာများ သီးသန့်ထားရှိရန်အတွက် လပွတ္တာမြို့ အ.ထ.က(၃)ကျောင်းတွင် သန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ ခုတင်များစနစ်တကျထားရှိစေခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် လိုအပ်သောအစီအမံများကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ဆောင်ရွက်ခဲ့ကြသည်။

COVID -19 ရောဂါ စောင့်ကြည့်ရမည့်သူများကို လပွတ္တာမြို့အတွင်းရှိ သကြားဘုရားကုန်း လယ်တီတရားပြရိပ်သာတွင် သီးခြားထားရှိရန်စီစဉ်ထားပြီး ဒေသခံပြည်သူများအား ရပ်ကွက်ကျေးရွာအတွင်း COVID -19 ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ လိုက်နာရမည့်အချက်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သေဆုံးတဲ့နှုန်းများတဲ့အုပ်စုကို ပြန်ကြည့်တဲ့အခါမှာကျတော့ အသက် ၇၀ ကျော်တယ် အမျိုးသားနဲ့ အမျိုးသမီးဆို အမျိုးသားက ပိုပြီးတော့များတယ်

ဒေါက်တာသန်းနိုင်စိုး

# COVID-19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မှတ်တမ်း- စန္ဒာမင်း (ပြန်/ဆက်)၊ ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)

**COVID-19 ရောဂါနဲ့ ပတ်သက်ပြီး ထိခိုက်လွယ်တဲ့လူတွေကို ရောဂါပိုးကူးစက်မှုကနေ ဘယ်လိုကာကွယ်မလဲ အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၄ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။**

**အဆိုပါဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ ရုပ်ရှင်ဒါရိုက်တာ ထူးပိုင်ဇော်ဦး၊ တေးသံရှင် တင်ဇာမော်၊ စာရေးဆရာ မိုးနီလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**




**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ ဒီအပိုင်းမှာတော့ COVID-19 နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ ထိခိုက်လွယ်တဲ့လူတွေကို ဘယ်လို ရောဂါပိုးကူးစက်မှုကနေ ကာကွယ်ရမလဲ၊ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆရာဦးသန်းနိုင်စိုးကပဲ စပြီးတော့ ရောဂါထိခိုက်လွယ်တဲ့လူတွေ ဘယ်သူတွေလဲ၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဘယ်လိုကာကွယ်ပေးနေသလဲဆိုတာ ဝန်ကြီးဌာနအဆင့်အနေနဲ့ နည်းနည်းပြောပြစေချင်တယ်။

**ဒေါက်တာသန်းနိုင်စိုး**

COVID-19 ကတော့ ထိခိုက်လွယ်တဲ့လူတွေနဲ့ ပတ်သက်ပြီး အရင်ဆုံးကတော့ ရောဂါရနိုင်တဲ့အပိုင်း ဖြစ်ပါတယ်။ Novel ဗိုင်းရပ်စ်ဟာ ဗိုင်းရပ်စ်မျိုးစိတ်အသစ်ဆိုတော့ ကမ္ဘာပေါ်မှာ မည်သူတစ်ဦးတစ်ယောက်ပေါ်မှာမှ ဒီဟာနဲ့ပတ်သက်တဲ့ ကိုယ်ခံအား Acquired Immunity လို့ ခေါ်တာပေါ့။ ဒီရောဂါရဖို့ကတော့ အားလုံးမှာ Chance ရှိတယ်။ မြန်မာနိုင်ငံကလူမို့လို့ မရတာလည်း မရှိပါဘူး။ ကျွန်တော်တို့ဆီက လူတွေလည်း အတူတူပါပဲ။ ကမ္ဘာ့နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့ အတူတူရဖို့ Chance ရှိတယ်။

ပြန်ကြည့်လိုက်တဲ့အခါ လူငယ်လူရွယ်တွေမှာဖြစ်ရင် ပြန်ပြီးတော့ ကောင်းတဲ့ဟာများတယ်။ နောက်ပြီးတော့ သေဆုံးတဲ့နှုန်းများတဲ့အုပ်စုကို ပြန်ကြည့်တဲ့အခါမှာကျတော့ အသက် ၇၀ ကျော်တယ်။ အမျိုးသားနဲ့ အမျိုးသမီးဆို အမျိုးသားက ပိုပြီးတော့များတယ်။ နောက်ပြီး Comorbid Condition လို့ ခေါ်တယ်။ နဂိုကတည်းက အဆုတ်သိပ်မကောင်းတာတို့။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဆေးလိပ်မသောက်ဖို့ ပြောတာပါ။ Chronic Smoker တွေ အဆုတ်မကောင်းတဲ့အခါကျတော့ ပိုပြီးတော့ ထိခိုက်တယ်။ နောက် ဆီးချိုရောဂါရှိမယ်။ နောက်တစ်ခါ သွေးတိုးရောဂါကြောင့် ကျောက်ကပ်တို့၊ ဘာတို့ ထိခိုက်နေတဲ့ဟာပေါ့။ Target Organ တွေ ထိထားတဲ့လူတွေ။ အဲဒီလူတွေက ဖြစ်လာတဲ့အခါကျရင် ဗိုင်းရပ်စ်ကြောင့် ရလာတဲ့ Stress ပေါ့။ ဗိုင်းရပ်စ်ကြောင့် အမျိုးမျိုးဖြစ်တယ်။ Direct ဗိုင်းရပ်စ်ကြောင့် အဆုတ်ထဲမှာ Injury ရသလို ခန္ဓာကိုယ်ရဲ့ Immune System က ဗိုင်းရပ်စ်ကို ပြန်ပြီးတုံ့ပြန်တဲ့ဟာတွေကြောင့် Injury တွေ ရတယ်။ နှလုံးတွေ၊ ဘာတွေ ရုတ်တရက်ရပ်သွားတယ်။ Most Vulnerable အုပ်စုကတော့ အသက်အရွယ်ကြီးမယ်၊ အမျိုးသားဖြစ်မယ်။ ဆီးချို၊ နှလုံး၊ သွေးတိုး၊ အဆုတ်နဲ့ ပတ်သက်တဲ့ ရောဂါတွေ၊ နာတာရှည် Chronic Smoker တွေ။ ဒီလူတွေကတော့ ပိုပြီးတော့ အန္တရာယ်ရှိပြီးတော့ ပိုသေဆုံးတာကို တွေ့ရပါတယ်။

> “နေမကောင်းတဲ့သူကိုပဲ ဂရုစိုက်ကြတယ်။ တစ်ခုခု ချောင်းဆိုးတို့၊ ဘာတို့ ဖြစ်မှလို့ ထင်ကြတယ်။ ဒါပေမယ့် လူကောင်းပကတိကနေပြီးတော့လည်း Carrier ဖြစ်သွားနိုင်တယ်ဆိုတာ သာမန်ပြည်သူတွေ မသိကြသေးဘူး။ လူကောင်းတွေအချင်းချင်းပဲ စကားပြောတယ်၊ ထိတယ်၊ တို့တယ်၊ ပွေ့တယ်၊ ဖက်တယ်၊ ရတယ်လို့ပဲ ထင်နေကြတယ်။ အမှန်က ဒီအချိန်မှာ ကူးသွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ များများ ပြောပေးရမယ်လို့ ထင်တယ်။ ပျံ့နှံ့မှုကို နည်းအောင်လုပ်ရပါမယ်”

**ဒေါက်တာခင်မောင်လွင်**

ဆရာထူးပိုင်ဇော်ဦးက သည်းထိတ်ရင်ဖို ဇာတ်ကားတွေ ရိုက်နေတာပါ။ ဒီနေရာမှာ သည်းထိတ်ရင်ဖိုက ပြည်သူလူထုအနေနဲ့ကျတော့ တကယ်ဖြစ်နေတာ။ ပိုးလာတော့မလား၊ မလာတော့ဘူးလားဆိုတဲ့ သည်းထိတ်ရင်ဖိုက ဇာတ်လမ်းထက် ပိုပြီးခံစားရတယ်။ ဒါပေမယ့်လို့ ဒီလို သည်းထိတ်ရင်ဖိုဖြစ်နေတဲ့ အနေအထားကနေပြီးတော့ လက်တွေ့ Action ဒီလိုပြောင်းလဲလိုက်ရင်တော့ အလုပ်တွေနဲ့ ကြောက်ရွံ့ထိတ်လန့်မှုလေးတွေ လျော့ပါးသွားနိုင်စရာတော့ ရှိပါတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ရော ပြောစရာရှိတာလေးတွေ နားထောင်ကြည့်ရအောင်။

**ဒါရိုက်တာ ထူးပိုင်ဇော်ဦး**

အဓိကကတော့ COVID-19 က စဖြစ်နေတာကတော့ ဒီဇင်ဘာလ ၂၀၁၉ ကတည်းကပေါ့။ ဒီနိုင်ငံမှာလည်း ပိုပြီးကျယ်ကျယ်ပြန့်ပြန့် စပြီး ပိုပြီးသတိထားမိတယ်။ Focus လုပ်ဖြစ်တာကတော့ ဒီလပိုင်းမှာ ဖြစ်ပါတယ်။ အဲဒီအချိန် မှာ ကိုယ်တိုင်က လူစုလူဝေးနဲ့လုပ်ရတဲ့ အလုပ်ကို လုပ်နေရတယ်။ ရုပ်ရှင်ရိုက်ကွင်းတွေဖြစ်တဲ့အတွက် ကျန်းမာရေးအဖွဲ့အစည်းတွေက တရားဝင်ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ကိုယ့်ဘက်ကလည်း တတ်နိုင်သလောက် လိုက်နာရတယ်။ ဘယ်လိုမျိုးလိုက်နာရသလဲဆိုတာကတော့ အဓိကကတော့ ရိုက်ကွင်းတွေမှာ ကျွန်တော်တို့ Hand Gel၊ အရက်ပြန် ထားပေးထားတယ်။ အခုရက်ပိုင်းဆို ပိုပြီး ကျွန်တော်တို့ နောက်ထပ် စနစ်တစ်ခုအနေနဲ့ ရိုက်ကွင်းလာရင် အဖျားတိုင်းတယ်။ နည်းနည်းဖျားနေတဲ့၊ ချောင်းဆိုးတဲ့ လူတွေဆိုရင် ကျွန်တော်တို့ ရိုက်ကွင်းကနေ ပြန်ခိုင်းတာတို့ ကိုယ်တတ်နိုင်တဲ့ ဘောင်ထဲကနေ ကိုယ်ကျင်လည်နေတဲ့ အဖွဲ့အစည်းမှာ ဒီရောဂါ ပျံ့နှံ့တာမျိုး၊ အန္တရာယ်ရှိတဲ့ အပြုအမူမျိုးမဖြစ်အောင် ကျွန်တော်တို့ဘက်က လုပ်ရတယ်။ အသိပညာပေးရတယ်။ ကိုယ်ကိုယ်တိုင်က အခုလက်ရှိမှာ ဆရာဝန်တော့ မလုပ်တော့ဘူး။ ရုပ်ရှင်ဒါရိုက်တာ လုပ်နေတယ်ဆိုပေမယ့်လည်း ကျန်းမာရေးဆိုတာက တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးနဲ့ ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ကိုယ်တိုင်လည်း မသိသေးတဲ့သူတွေ ရိုက်ကွင်းမှာပဲဖြစ်ဖြစ်၊ အိမ်က မိဘတွေပဲဖြစ်ဖြစ် လူနေထူထပ်တဲ့နေရာတွေ ရှောင်ဖို့၊ လက်ကို မှန်မှန်ဆေးဖို့ ကိုယ်တတ်နိုင်တဲ့ ဘောင်ထဲကနေ အသိပေးတာတွေ လုပ်ဖြစ်တယ်။ အခုဆို လူစုလူဝေးနေရာလေးတွေက ပိတ်သွားပြီ။ ရုပ်ရှင်ရုံတွေ၊ ပွဲလမ်းသဘင်တွေ ပိတ်တာရှိတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ရိုက်ကွင်းမှာဆို လူအုပ်စုနဲ့ရိုက်ရတဲ့ ဇာတ်ဝင်ခန်းလေးတွေ ရက်ရွှေ့ထားတယ်။ ဒီအခြေအနေတစ်ခုကို စောင့်ပြီး ပြန်ရိုက်ဖို့ စီစဉ်ရတယ်။ ဒါ ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျ တတ်နိုင်သလောက် ကာကွယ်တဲ့အပိုင်းကနေ ပါနိုင်သလောက်ကို ဝင်ပြီးတော့ ပူးပေါင်းတဲ့သဘောပါ။

**ဒေါက်တာခင်မောင်လွင်**

အဆိုတော် တင်ဇာမော်က ပြည်ပမှာနေနေတော့ ပြည်ပမှာရော Show ပွဲတွေ ပိတ်ထားသလား သိချင်ပါတယ်။

**အဆိုတော် တင်ဇာမော်**

ကျွန်မက လန်ဒန်မှာ နေတာပါ။ ဇန်နဝါရီ တစ်လလုံးနီးပါး အဲဒီမှာနေခဲ့တာ။ ဖေဖော်ဝါရီလလယ်လောက်အထိဆိုတော့ အဲဒီမှာ သတိထားမိတာက အဲဒီအချိန်တုန်းကတော့ အင်္ဂလန်ကို ရောက်မလာသေးဘူး။

*စာမျက်နှာ ၁၇ သို့*

# မြိတ်မြို့တွင် COVID-19 ရောဂါ ကာကွယ်ရေးအတွက် သံသယလူနာသယ်ဆောင်ရန် အထောက်အကူပြုယာဉ်တီထွင်

**မြိတ် မတ် ၂၉**

COVID–19 ရောဂါ သံသယလူနာတွေ့ရှိပါက ဆေးရုံပို့ဆောင်ရာတွင် ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် မြိတ်မြို့၌ တီထွင်ထားသော အထောက်အကူပြုယာဉ်ကို မြိတ်ခရိုင် COVID–19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီမှ မတ် ၂၉ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"သံသယလူနာဆိုပြီး သယ်သွားတဲ့ကားတွေကို ကြည့်လိုက်တော့ လုံခြုံမှုလည်းမရှိဘူး။ ယာဉ်မောင်းအတွက်လည်း လုံခြုံမှုမရှိဘူး။ ဒီလုံခြုံမှုကို ကာကွယ်နိုင်အောင်၊ ကူးစက်မှုကို ကာကွယ်နိုင်အောင်၊ ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်အောင် လုံခြုံမှုရှိတဲ့ကားတစ်စီး လိုအပ်မယ်ထင်လို့ အကောင်အထည်ဖော်ဖြစ်တာပါ" ဟု အဆိုပါယာဉ်ကို တီထွင်ထားသည့် ပုလဲဒီပါရပ်ကွက်မှ ကိုကိုင်ဇာက ပြောပြသည်။




COVID–19 ရောဂါ သံသယလူနာသယ်ဆောင်ရန် ပြုလုပ်ထားသည့် အထောက်အကူပြုယာဉ်ကို တွေ့ရစဉ်။

အထောက်အကူပြုယာဉ်တွင် အပြင်ကို ရောဂါပိုး လုံးဝမထွက်နိုင်အောင် လုံခြုံမှုရှိစေရန် စတီး၊ ကော့ပို့စိပြား၊ မှန်၊ အဲကွန်းအသုံးပြုမှုစနစ်၊ ပိုးသတ်ဆေးစနစ်ကို အလွယ်တကူပြုလုပ်နိုင်ရန် စီစဉ်ထားပြီး ပိုးသန့်စင်ပြီး နာရီဝက်အကြာ အနံ့များမွှန်ခြင်းမရှိစေရန် အနံ့ပြန်စုပ်ထုတ်သည့် လေပူလေအေးထုတ်သည့်စနစ်ကို အသုံးပြုထားကြောင်း၊ အဲကွန်းမှထွက်သည့်အရည်ကို အပြင်မထွက်စေရန် ပိုးသတ်ဆေးဘူးထဲ ပြန်ထည့်ထားကြောင်း၊ အထောက်အကူပြုယာဉ် တီထွင်ထားသည့်တန်ဖိုးမှာ ကားတန်ဖိုးမပါ ငွေကျပ်သိန်း ၃၀ ကျော်ကုန်ကျကြောင်း တီထွင်သူထံမှ သိရသည်။

"မြိတ်မြို့မှာ သံသယလူနာတွေ့ရှိပါက ၂၄ နာရီအတွင်း ဘယ်အချိန်ခေါ်ခေါ် သွားရောက်သယ်ဆောင်ပေးသွားမှာပါ။ သံသယလူနာသယ်ရပါက ဝတ်စုံပြည့်ဝတ်တဲ့သူကို သယ်ယူစေပြီး ကျန်းမာရေးဌာန ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားပါ့မယ်။ ယာဉ်အတွက် လိုအပ်တဲ့ ကျန်းမာရေးလုံခြုံမှုအတွက် ကျန်းမာရေးဌာနက အခုညွှန်ကြားခဲ့ပြီးပြီ။ ကျန်းမာရေးဌာနက အသုံးပြုနိုင်တဲ့ အနေအထားမှာရှိတယ်လို့ပြောတဲ့အတွက် ဝမ်းသာမိပါတယ်။ လိုအပ်တဲ့ အကြံပြုချက်အတိုင်း ထပ်မံဆောင်ရွက်သွားပါ့မယ်" ဟု ကိုကိုင်ဇာက ထပ်လောင်းပြောကြားသည်။

လူနာသယ်ဆောင်ရာတွင် ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် တီထွင်ထားသော အထောက်အကူပြုယာဉ်အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ကော်မတီဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည့် ကျန်းမာရေးလုံခြုံမှုများကို အကြံပြုပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက်)**

# ကန်ပက်လက်မြို့နယ်အတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကန်ပက်လက် မတ် ၂၉**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်တွင် စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးနှင့် COVID–19 ကူးစက်ရောဂါ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ရာ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့် တည်းခိုခန်းများမှ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ကန်ပက်လက်မြို့နယ်တွင် စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရေးအတွက် စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းပြီး အခက်အခဲရှိလာသူများအား အချိန်မီ ထောက်ပံ့ပေးနိုင်ရေး၊ အဆုတ်ရောဂါဆိုင်ရာ COVID–19 ကူးစက်မှုကာကွယ်ရေးအတွက် ဝင်ထွက်သွားလာသူများအား တာဝန်ရှိသူများက စစ်ဆေးရေး၊ ဂိတ်တွင် ဆက်လက်စစ်ဆေးရေး၊ အသိပညာပေးရေး၊ ဆယ်အိမ်မှူးများက မိမိတို့ဆယ်အိမ်စုအလိုက် တာဝန်ယူ၍ စနစ်တကျ စိစစ်သတင်းပို့ရေး စသည်တို့အတွက် အားလုံးက ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**ချွဲကီး (ပြန်/ဆက်)**

# ရွှေကူမြို့၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ

**ရွှေကူ မတ် ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီက ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံတွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် သီးခြားလူနာခန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသောသူများအား COVID–19 ရောဂါနှင့် ပတ်သက်၍ ၁၄ ရက်ကြာ စောင့်ကြည့်ရန်နှင့် သံသယလူနာများတွေ့ရှိပါက သီးခြားထားရှိရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိသော ရွှေကူမြို့ပေါ်ရှိ ရွှေမြင်းတတင်ဘုန်းတော်ကြီး ကျောင်းတိုက်၊ ဘုရားကျောင်းနှင့် စာသင်ကျောင်းများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ရွှေကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိသော သီးခြားအခန်းများတွင် ဆေးဖျန်းခြင်းနှင့် လူစည်ကားရာနေရာများတွင် COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်ဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင် (ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ်တွင် COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**သပိတ်ကျင်း မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ယနေ့ နံနက်ပိုင်းက COVID–19 ကူးစက်ရောဂါ မပြန့်ပွားစေရေး ကြိုတင်ကာကွယ်ရန်အတွက် သပိတ်ကျင်းမြို့ရှိ ဌာနဆိုင်ရာရုံးများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မတ် ၂၇ ရက်ကလည်း မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရောဂါများဖြစ်ပွားလာပါက အရေးပေါ်လူနာများထားရှိရန် ဆောင်ရွက်ထားသော ကြိုတင်ကာကွယ်ရေး အဆောက်အအုံများ၊ မြို့မဈေး၊ မြို့မရဲစခန်းရှိ အချုပ်ခန်းပတ်ဝန်းကျင်၊ လူအသွားအလာများသည့် လမ်းဆုံများ၊ မီးသတ်တပ်ဖွဲ့ရုံးများတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြို့တွင်းသို့လှည့်လည်၍ ပြည်သူများကျန်းမာရေးနှင့်အညီ နေထိုင်စေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များဖြင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း (သပိတ်ကျင်း)**

*စာမျက်နှာ ၁၆ မှ*

ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ မြန်မာပြည်ကို ပြန်လာခဲ့တဲ့အချိန်ထိ အင်္ဂလန်မှာဘာမှ Action ယူသံလည်း မကြားရဘူး။ အားလုံးကလည်း အေးအေးဆေးဆေးပဲ။ သတင်းတွေကို ကြည့်မယ်ဆိုရင်လည်း အိမ်ကလူကလည်း အိမ်ထဲကနေ၊ အလုပ်လုပ်နေတဲ့သူကလည်း အလုပ်ထဲကနေပြီးတော့ ဆိုရှယ်မီဒီယာတွေပေါ်ကနေပြီးတော့ သတင်းကို အားလုံးက နားစွင့်နေကြတယ်။ ကြည့်နေကြတယ်။ ကျွန်မကိုယ်တိုင်လည်းပဲ အိမ်မှာနေနေပေမယ့်လည်း သတင်းကို အမြဲတမ်းစောင့်ကြည့်ဖြစ်တယ်။ စိုးရိမ်တာပေါ့။ စပြီးတော့ တွေ့တဲ့နေရာကလည်း တရုတ် နိုင်ငံကနေ စတွေ့တော့ ကိုယ့်ရဲ့မွေးရပ်ပြည် မြန်မာပြည်နဲ့လည်း နီးတယ်။ အဲဒီအချိန်တုန်းကတည်းက စိုးရိမ်နေရတာ။ စိုးရိမ်နေရပြီးတော့ ကိုယ်ကိုယ်တိုင် မြန်မာပြည်ပြန်ရမယ်ဆိုတဲ့အချိန်က အလုပ်အတွက် ပြန်ရတော့ မကြောက်ပါဘူး။ ပြန်လာခဲ့ပါတယ်။ ဒီမှာလည်း မေမေရှိတော့ မေမေနဲ့လည်း အတူတူနေရမယ်။ သူ့အနားမှာလည်း နေရမယ်ဆိုတဲ့စိတ်လည်းရှိတယ်။

ပြန်လာပြီးတော့ တဖြည်းဖြည်းနဲ့ သတိထားမိတယ်။ ပိုပိုပြီးတော့ ဆိုးလာတယ်။ အခုဆိုရင် မိသားစုက လန်ဒန်မှာ။ သူတို့တွေ ကျောင်းစပိတ်တော့မယ် ကြားတယ်။ အမျိုးသားကဆိုရင်လည်း Food Retail က မန်နေဂျာတစ်ယောက်ဖြစ်နေပါတယ်။ သူတို့အခုလောလောဆယ် သူတို့ဈေးဝယ်တဲ့သူတွေ Panic Buyer အလွန်များတော့ သူတို့ အတော်ပင်ပန်းတယ်။ နောက်ပြီးတော့ ခွင့်သွားပြီး ပြန်လာတဲ့သူတို့နဲ့အတူ လုပ်ဖော်ကိုင်ဖက်တွေထဲက သေသေချာချာ Quarantine မလုပ်ဘဲနဲ့ လွတ်ထွက်လာသူတွေလည်း ရှိတယ်။ ရှိလို့လည်း အလုပ်ထဲပြန်ဝင်လာလို့ အလုပ်ထဲရောက်ပြီးတော့မှ ဒီ COVID–19 ရှိနေတာကို သိရတယ်။ အားလုံးကလည်း ထိတ်လန့်နေကြတယ်။ သူ့ရဲ့အတွေ့အကြုံပြောပြတော့ အိမ်မှာကလည်း ကလေးနှစ်ယောက်ဆိုတော့ သူက သယ်ဆောင်လာသူလည်း ဖြစ်နိုင်တာပဲလေ။ ကိုယ်က အဝေးမှာရှိနေပေမယ့်လည်း မတတ်နိုင်တော့ဘူး။ ဒါက ကမ္ဘာပေါ်မှာ အားလုံးရင်ဆိုင်နေရတဲ့ အခက်အခဲလိုဖြစ်နေတော့ ပြန်စဉ်းစားကြည့်မိရင် မိသားစုက လေးယောက်၊ ငါးယောက်မှာ နှစ်ဖွဲ့ဖြစ်နေတယ်။ ဟိုမှာတစ်ဖွဲ့၊ ဒီမှာတစ်ဖွဲ့ဖြစ်နေတယ်။ အားလုံး လောလောဆယ်မှာတော့ ဘယ်လိုပဲဖြစ်ဖြစ် ဆရာကြီးတို့ပြောသွားသလိုပဲ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကာကွယ်မလဲ၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေကို ဘယ်လောက်ထိ ကိုယ်က ကူညီပြီးတော့ ကာကွယ်ဖို့ တွန်းအားပေးမလဲ။ ဒါကိုပဲ အာရုံပြုပြီးတော့ လောလောဆယ်မှာတော့ နေရတာပေါ့။

ကျွန်မအနေနဲ့ကတော့ Show ပွဲတွေ၊ လူစုလူဝေးတွေနဲ့ လုပ်ရမယ့် ပွဲလမ်းသဘင်တွေကို အတတ်နိုင်ဆုံးပေါ့လေ။ ဆေးမတွေ့မချင်း၊ ရောဂါအခြေအနေ ကူးစက်မှုနှုန်း နိမ့်ကျမသွားမချင်း အားလုံး ဂရုတစိုက်နဲ့ ကြပ်ကြပ်မတ်မတ် စောင့်ကြည့်ကြသင့်တယ်လို့ ထင်ပါတယ်။ ဒါမှလည်း တစ်ယောက်နဲ့တစ်ယောက် ကာကွယ်ပေးရာ၊ ချစ်ရာ၊ လေးစားရာရောက်မယ်လို့ ထင်ပါတယ်။

**ဒေါက်တာခင်မောင်လွင်**

လူတွေက စိုးရိမ်စိတ်တွေရှိတယ်။ ဒီမှာလည်း စိုးရိမ်စိတ်တွေရှိတယ်။ စိုးရိမ်တာက သက်သက်၊ လုပ်ရမယ့် အလုပ်တွေက သက်သက်ရှိတယ်။ အထူးသဖြင့်က ထိခိုက်လွယ်တဲ့သူတွေကို ကျွန်တော်တို့ ဘယ်လိုကာကွယ်မလဲ။ ဘယ်နေရာတွေမှာ ကာကွယ်မလဲ။ ဘဝရဲ့ ဇာတ်ညွှန်းအနေနဲ့ဆိုရင် ဆရာမိုးနီလွင် ဘယ်လိုမြင်မလဲ။

**စာရေးဆရာ မိုးနီလွင်**

ကျွန်တော်က စာရေးဆရာဆိုတော့ ဖေ့စ်ဘုတ်ပေါ်မှာ သတင်းကို အမြဲစောင့်ဖတ်နေတယ်။ လူတွေရဲ့ စိတ်ကို လိုက်ဖတ်နေတယ်။ အဓိကအားဖြင့် ကျွန်တော်တို့က ကျန်းမာရေးအသိပညာရှိတဲ့ လူတွေဘက်ကို မပူဘဲနဲ့ သာမန်လူတန်းစား၊ နေ့စဉ်နဲ့အမျှ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လူတန်းစားတွေကူးခဲ့ရင်၊ ကူးဖို့လည်း Chance က ပိုများတယ်။ အပြင် နေ့တိုင်းထွက်နေရတာ။ ကျွန်တော်က စာရေးဆရာဆိုတော့ တတ်နိုင်သလောက် အစကတည်းက Awareness ရှိအောင် လုပ်ပေးနေရတယ်။ သူတို့ဆီမှာ ဘယ်လိုဖြစ်နေသလဲဆိုတော့ ကျွန်တော်က သာမန်ပြည်သူဘက်ကနေပြီးတော့ ပြောကြည့်တာပါ။ ပြောကြည့်တယ်ဆိုတဲ့အခါ ဗိုင်းရပ်စ်နဲ့ ဗက်တီးရီးယားဆိုတာတောင် သူတို့ ကွဲပြားသိတာမဟုတ်ဘူး။ ဗက်တီးရီးယားဆိုရင် ကျွန်တော်တို့ Antibiotic တို့၊ ဘာတို့ ပေးလို့ရတာရှိတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်မှာ မရှိဘူး။ မရှိတဲ့အပြင် ဒီဗိုင်းရပ်စ်က အခုမှစတဲ့ဗိုင်းရပ်စ်ဆိုတော့ ကိုယ်ခံအားမရှိဘူး။ အဲဒီလောက်နားလည်ဖို့က လုံးဝကိုဝေးနေတယ်။ သူတို့ကို အထိရောက်ဆုံးနဲ့ အမြန်ဆုံး Awareness ရှိဖို့ ဘယ်လိုလုပ်ရမလဲ။ ပထမ ခြောက်ကြည့်လိုက်တယ်။ ဒါက ဖြစ်ရင်သေမယ်။ ပြီးတော့ Panic Buying ဖြစ်သွားပြန်တော့ ကိုယ်က ပြန်လျှော့ရပြန်တယ်။

အခုဆို နိုင်ငံပေါင်းစုံမှာလည်း အတော်ကြီးဖြစ်လာပြီ။ သူတို့မှာလည်း အလွန်ဆိုးတဲ့အခါကျတော့ Awareness ကတော့ တော်တော်ရှိလာပြီလို့ ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော် အခု ပြည်သူတွေကို အဓိကအားဖြင့် ကူးစက်ခြင်း ဘာ့ကြောင့်အန္တရာယ်ကြီးသလဲ၊ သေတယ်ဆိုတာထက်ကို ရောဂါရဲ့ Process ကို သူတို့နားမလည်တာ။ နားမလည်တာက နေမကောင်းတဲ့သူကိုပဲ ဂရုစိုက်ကြတယ်။ တစ်ခုခု ချောင်းဆိုးတို့၊ ဘာတို့ ဖြစ်မှလို့ ထင်ကြတယ်။ ဒါပေမယ့် လူကောင်းပကတိကနေပြီးတော့လည်း Carrier ဖြစ်သွားနိုင်တယ်ဆိုတာ သာမန်ပြည်သူတွေ မသိကြသေးဘူး။ လူကောင်းတွေ အချင်းချင်းပဲ စကားပြောတယ်၊ ထိတယ်၊ တို့တယ်၊ ပွေ့တယ်၊ ဖက်တယ်၊ ရတယ်လို့ပဲ ထင်နေကြတယ်။ အမှန်က ဒီအချိန်မှာ ကူးသွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ များများပြောပေးရမယ်လို့ ထင်တယ်။ ပျံ့နှံ့မှုကို နည်းအောင်လုပ်ရပါမယ်။ အဲဒါကြောင့် ရုပ်ရှင်ရုံတွေပိတ်တာ။ ကျွန်တော် အဓိကနားလည်တာက Window Period ဆိုတဲ့ဟာကို သူတို့ နားမလည်ဘူး။ Window Period ဆိုတာကို ပြည်သူတွေ နားလည်အောင် ပြောသင့်တယ်လို့ ထင်တယ်။ ကျွန်တော် အခု လူတွေကို ခြောက်တာကတော့ ဒီတစ်ယောက်ဖြစ်လာပြီဆိုတာ Positive သိသွားပြီးတဲ့အချိန်မှာ သူက လူတစ်ရာလောက်ကို ကူးပြီးသွားပြီ။ ဒီ Process ကို သိအောင်ပြောမှပဲ လူတွေက ကြောက်မှာပါ။

*(ဆက်လက်ဖော်ပြပါမည်)*

# COVID-19 နှင့် ပတ်သက်၍ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်

ကမ္ဘာတစ်ဝန်း COVID-19 ကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးအသိပညာပေး နှိုးဆော်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များကလည်း COVID-19 နှင့် ပတ်သက်၍ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြပါသည်။



## ရွှေသမီး

ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့်
ကူးစက်တတ်တဲ့ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါရှိတဲ့သူ
နှာချေ၊ ချောင်းဆိုးရာကတစ်ဆင့်
ထွက်လာတဲ့ ရောဂါပိုးပါဝင်နေတဲ့
အစက်အမှုန်တွေက အသက်ရှူလမ်းကြောင်းကနေ
တိုက်ရိုက် ဝင်ရောက်သွားလို့ ကူးစက်နိုင်သလို -



## နန့်ချစ်နဒီဇော်

အရာဝတ္ထုတွေအပေါ်
ကပ်တင်ကျန်နေတဲ့
ရောဂါပိုးတွေကို
လက်နဲ့
ကိုင်တွယ်ထိတွေ့ရာကတစ်ဆင့်လည်း
ကူးစက်နိုင်ပါတယ်။




## ဝေလာရီ

ရောဂါပြန့်ပွားလျက်ရှိသော နေရာဒေသ၊ နိုင်ငံများသို့
ခရီးသွားခြင်းကို ရှောင်ကြဉ်ပါ။ ထိုဒေသမှ ပြန်ရောက်
လာသူများကို ၁၄ ရက် သီးသန့်ခွဲခြားနေထိုင်စေပြီး
ပြန်ရောက်လာသည်နှင့်တစ်ပြိုင်တည်း ဒေသဆိုင်ရာ
အုပ်ချုပ်ရေး (သို့မဟုတ်) ကျန်းမာရေးဌာနသို့
မဖြစ်မနေ သတင်းပို့ရမှာ ဖြစ်ပါတယ်။



## နေရည်ဝင်းလဲ့

တစ်ဦးချင်းကာကွယ်ဖို့အတွက် လက်ကို ဆပ်ပြာနှင့် သန့်ရှင်း
သောရေကိုသုံးပြီး စနစ်တကျ မကြာခဏဆေးကြောပါ။
အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောပါ။
အယ်လ်ကိုဟော ၆၀% ရာခိုင်နှုန်းအထက်ပါဝင်တဲ့
လက်သန့် ဆေးရည် (Hand sanitizer/ Hand
Gel) ကို သုံးပြီးလည်း ဆေးကြောနိုင်ပါတယ်။




# ဘုတလင်မြို့နယ်၌ COVID-19 ရောဂါ ကာကွယ်ရေး လယ်ယာလုပ်ငန်းခွင်အထိ ပညာပေးဆောင်ရွက်

ဘုတလင် မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် COVID-19 ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက လယ်ယာလုပ်ငန်းခွင်အထိ သွားရောက်ပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြိုးကျော်အောင် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများအား အဖွဲ့ငယ်များခွဲပြီး လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်နေကြသည့် တောင်သူများကို COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ၊ ရောဂါကူးစက်နိုင်သည့် အခြေအနေများ၊ ရောဂါကြိုတင်ကာကွယ်ရန်အတွက် နှာခေါင်းစည်းတပ်ရန်၊ လက်ကို စနစ်တကျ ဆေးကြောကြရန်၊ လူစုလူဝေးများ မပြုလုပ်ရန်၊ အိမ်ပြင်မထွက်ဘဲ မိမိနေအိမ်တွင်သာ မိသားစုနှင့် အေးချမ်းစွာနေထိုင်ကြရန်၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများရှိပါက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများထံသို့ သတင်းပေးပို့ကြရန် ပိုစတာများဖြင့် အသိပညာပေးဆွေးနွေးခဲ့ကြသည်။

အလားတူ ဘုတလင်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လူမှုကူညီရေးအသင်းများနှင့် ရုပ်မိရုပ်ဖများ ပူးပေါင်းပြီး ရပ်ကွက်နှင့် ကျေးရွာများအတွင်း လှည့်လည်၍ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသံချဲ့စက်များဖြင့် အသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

ဖိုးခါး (ပြန်/ဆက်)

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ်မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။

### ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)




## တိုင်းရင်းဆေးပညာလာ အကျိတ်နာနှင့် အနာပေါက်ကုသမှုဆိုင်ရာဆေးနည်းများ

စာရေးဆရာ ပါမောက္ခအောင်ကျော်မင်း(တိုင်းရင်းဆေးပညာ)ရေးသားထားသည့် တိုင်းရင်းဆေးပညာလာအကျိတ်နာနှင့် အနာပေါက်ကုသမှုဆိုင်ရာဆေးနည်းများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် အကျိတ်များဖြစ်စေသည့် အကြောင်းနိဒါန်းအမျိုးမျိုး၊ အကျိတ်တို့၏ အချင်းအရာ၊ ယင်းတို့ကို စမ်းသပ်ခွဲခြားပုံ၊ ကုထုံးအမျိုးမျိုး၊ အကျိတ်တို့နှင့်ဆက်စပ်သော အနာပေါက်ရောဂါအမျိုးမျိုးနှင့် ဥပ္ပဒ္ဒဝေါများ၊ အခြားကောင်းနိုးရာရာ အကြောင်းအရာများ၊ ပြောင်းလဲလာသောခေတ်အလိုက် အတွေးအမြင်နှင့် ကုထုံးနည်းစနစ်များ အနာပေါက်ကုသမှုဆိုင်ရာဆေးနည်းများစသည်ဖြင့် စုံလင်စွာ ရေးသားထားပါသဖြင့် တိုင်းရင်းဆေးပညာဝါသနာပါသူများ၊ လေ့လာလိုက်စားသူ ပြည်သူများသာမက တိုင်းရင်းဆေးကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးသုတေသီများ လေ့လာသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။




## ပထဝီအမြင်နှင့် သမိုင်းကြောင်းဖြင့် အထင်ကရ ကမ္ဘာ့နိုင်ငံများ


စာရေးဆရာ ကပ္ပတိန်သာစိန် ရေးသားထားသည့် ပထဝီအမြင်နှင့် သမိုင်းကြောင်းဖြင့် အထင်ကရ ကမ္ဘာ့နိုင်ငံများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ယခင်အာဆီယံနိုင်ငံများစာအုပ်ကဲ့သို့ ပထဝီအမြင်ကို တင်ပြထားသော်လည်း နိဒါန်းတွင် နိုင်ငံတစ်ခုစီ၏ အထင်ကရဖြစ်လာပုံနှင့် နိဂုံးတွင် ထိုနိုင်ငံ၏သမိုင်းကြောင်းကို အလေးထားရေးသား ဖော်ပြထားသည်။ လေ့လာလိုသူများအတွက် သုတဖြစ်စေသော်လည်း ထိုနိုင်ငံ၏ ပြီးပြည့်စုံသော သမိုင်းမဟုတ်ပါသည်။ အထင်ကရဟူသောစကား၌ ကမ္ဘာ့နိုင်ငံများတွင် ထင်ရှားသော အချက်များ ဥပမာနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ သန့်ရှင်းရေး၊ နေရာ အကျယ်အဝန်းစသည်ဖြင့် ကမ္ဘာတွင် လူသိများလာသောအချက်များ စသည်တို့ကို မူတည်၍ ရွေးချယ်တင်ဆက်ခြင်းဖြစ်သည်။ စာအုပ်တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။




## ဥပဒေနှင့် ဆင်ခြင်တုံတရားပေါင်းစပ်ပါမှ အမှားကင်းပါမည်

စာရေးဆရာ စိန်လှိုင်ဗိုလ်(တရားလွှတ်တော်ရှေ့နေ)ရေးသားထားသည့် ဥပဒေနှင့်ဆင်ခြင်တုံတရားပေါင်းစပ်ပါမှ အမှားကင်းပါမည် စာအုပ်ထွက်ရှိလာပြီဖြစ်သည်။




အဆိုပါ စာအုပ်တွင် ရာဇဝတ်ဥပဒေ၊ တရားမဥပဒေများနှင့် စပ်လျဉ်း၍ တရားရုံးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ပါးထိုင်နှင့် အထူးအယူခံခုံရုံး(စုံညီ)တို့မှ စီရင် ဆုံးဖြတ်ထုံးဖွဲ့ထားသော အမှုများအနက်မှ ရွေးချယ်စိစစ်၍ ဆောင်းပါး ၃၃ပုဒ်ကို ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုး ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။

## စာပေဗိမာန်စာမူဆုရ မြို့ကြီးများနှင့် ကျန်းမာရေးပြဿနာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရရှိသည့် စာရေးဆရာ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ မြို့ကြီးများနှင့် ကျန်းမာရေးပြဿနာများ စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကမ္ဘာ့မြို့နေလူဦးရေသည် ကျေးလက်နေလူဦးရေထက် ကျော်လွန်နေပြီဖြစ်သော်လည်း မြို့ပြအတော်များများမှာ တိုးလာသောလူဦးရေအတွက် နေရေး၊ စားရေးတို့တွင် အဆင်ပြေအောင် စီမံထားနိုင်ခြင်းမရှိသည့်အတွက်ကြောင့် ၂၁ ရာစုတွင် မြန်မာအပါအဝင် ကမ္ဘာ့မြို့ကြီးအများအပြားတွင် ပြဿနာများ ပေါ်ပေါက်လျက်ရှိရာ ယင်းပြဿနာများကို ကျန်းမာရေးရှုထောင့်၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်တို့မှ ကိုးကားတင်ပြထားပြီး လေထုညစ်ညမ်းမှု၊ အပူချိန်မြင့်မားလာမှု၊ ဆူညံသံအန္တရာယ်၊ အမှိုက်စွန့်ပစ်မှု စသည်တို့အပြင် လျှောင်အန္တရာယ်တို့ဖြစ်ပေါ်လာနိုင်သည့်အတွက်ကြောင့် လိုက်နာဆောင်ရွက်သင့်သည်များကို ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၁၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁လမ်း နှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀ ၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်သည်။




## COVID-19 ရောဂါ လူနာဝင်ရောက်ခဲ့သည့် ပင်းတယမြို့ရှိ ရွှေဥမင်ဘုရားနှင့် နေရာနှစ်နေရာအား သွားလာမှု ယာယီကန့်သတ်

**ပင်းတယ မတ် ၂၉**

COVID- 19 ရောဂါ လူနာဝင်ရောက်ခဲ့သည့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအား ဖူးမြော်ကြည်ညိုခွင့်နှင့် အခြားနှစ်နေရာအား သွားလာခွင့်ကို မတ် ၂၈ ရက်မှ စတင်၍ ယာယီပိတ်ထားကြောင်း သိရသည်။

COVID -19 ရောဂါ လူနာနံပါတ် ၈ ဝင်ရောက်ခဲ့သည့် သမိုင်းဝင် ရွှေဥမင်ဘုရား၊ ငှက်ပျောတောရပ်ကွက်ရှိ အောင်ရိုးရာထီးလုပ်ငန်း၊ Green Tea စားသောက်ဆိုင်တို့မှ ၎င်းနှင့်ထိတွေ့ခဲ့သည့် ဝန်ထမ်းများ၊ မိသားစုဝင်များကို မတ် ၂၈ ရက်တွင် ကျန်းမာရေးစစ်ဆေးပြီး ကန့်သတ်စောင့်ကြည့်ခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ COVID- 19 ရောဂါ လူနာ သွား ရောက်ခဲ့သည့် သမိုင်းဝင် ရွှေဥမင်ဘုရားအား အကန့်အသတ်မရှိ ယာယီပိတ်ထားပြီး ဆေးဖျန်းခြင်းနှင့် Green Tea စားသောက်ဆိုင်နှင့် အောင်ရိုးရာ ထီးလုပ်ငန်းတို့အား ယာယီပိတ်ထားခြင်းနှင့် ဆေးဖျန်းခြင်းများကိုလည်း ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

ခင်မျိုးနွယ်(ပြန်/ဆက်)

## ရုံးတော- ပုဂံစု- ကျုံတာဖျားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျောင်းကုန်း မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရုံးတော- ပုဂံစု- ကျုံတာဖျားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် အလျား တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထု ခုနစ်လက်မဖြင့် ထွန်းလင်းမြန်မာကုမ္ပဏီမှ ငွေကျပ် ၂၅၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်ဖာလုံခန့် ခင်းကျင်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်ကျေးလက် ဦးစီးမှူး ဦးခင်ဇော်၊ မြို့နယ်လမ်းဦးစီးမှူး ဦးကျော်ဝင်းတို့က အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၇၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | ရန်ကုန် |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၃၉ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၃၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၆ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၃၁၀၁ | ၃၂၅၁၇၅၀၀ |
| MTSH | ၃၆၀၀ | ၃၅၅၀ | ၁၆၈၀၃ | ၆၀၁၃၄၁၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၆၄၇ | ၁၃၉၁၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၈၅ | ၂၃၃၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ခေါင်းဆောင်မှုနဲ့ စီမံမှု



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ စီမံခန့်ခွဲမှုပညာကို အထူးပြုခဲ့သူတစ်ဦး။ ပါရဂူဘွဲ့ကို စီမံခန့်ခွဲမှုသိပ္ပံပညာနဲ့ ရခဲ့တယ်။ စီးပွားရေးတက္ကသိုလ်မှာ ဆရာအဖြစ် တာဝန်ယူစဉ်ကလည်း ဒီဘာသာကိုပဲ သင်ကြားပို့ချခဲ့တယ်။ ဒါပေမယ့် ကျွန်တော် ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ်ကစပြီး ခေါင်းဆောင်မှုပညာကို လေ့လာခွင့်ရခဲ့တယ်။ သင်ကြားပို့ချခဲ့ရတယ်။ အရာရှိကြီးတွေကို သင်ခွင့်ရခဲ့တယ်။ စီမံခန့်ခွဲမှုအခြေခံနဲ့ခေါင်းဆောင်မှုကို အခုလို လေ့လာရတာမို့ အသိအမြင်တွေ တိုးမြင့်ခဲ့တယ်။**

စီမံမှုနဲ့ ဦးဆောင်မှုဟာ ဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ ပန်းသာဖြစ်တယ်။ စီမံပြီး ဦးဆောင်မှုမရှိရင် အဆင်မပြေသလို ဦးဆောင်ပြီးမစီမံရင် မပြေလည်တာတွေ့ရတယ်။ ဒါကြောင့် တစ်ပြိုင်နက်တည်းစီမံပြီး ဦးစီးဖို့ လိုအပ်လှပါတယ်။ စီမံမှုနဲ့ အုပ်ချုပ်မှုကို ခွဲခြားဖို့လည်း လိုအပ်ပါတယ်။

ခေါင်းဆောင်မှုကို စဉ်းစားရင် သမိုင်းရာဇဝင်မှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေကို သတိရကြတယ်။ အားကျကြတယ်။ မြင်းဖြူကြီးကိုစီးပြီး ဓားကိုစွဲထားတဲ့ ခေါင်းဆောင်ကို မြင်ကြတယ်။ ဒီအယူအဆဟာ အရိုးစွဲနေတယ်။ လွယ်လွယ်ကူကူဖျက်ဖို့ ခက်ခဲတယ်။

### ခေါင်းဆောင်တဲ့ ပုံစံဟန်အမျိုးမျိုး

အခုခေတ်မှာ ခေတ်စားလာတဲ့အတွေးတစ်ခုက အစေခံတဲ့ခေါင်းဆောင်မှု၊ ရတ်တရက်ဆိုရင် အစေခံနဲ့ ခေါင်းဆောင်ဟာ ဆန့်ကျင်ဘက်လို့ ယူဆမှာဖြစ်တယ်။ အမှန်တော့ ထိရောက်တဲ့ခေါင်းဆောင်ဟာ အစေခံတဲ့သူဖြစ်ရမယ်။ မိမိကိုယ်မိမိ နှိမ့်ချနိုင်သူဖြစ်ရမယ်။ ခေါင်းဆောင်တစ်ဦးရဲ့တာဝန်ဟာ မိမိနဲ့ပတ်သက်နေသူတွေကို အလုပ်အကျွေးပြုရမယ်၊ စောင့်ရှောက်ရမယ် အစေခံဖို့လိုအပ်တယ်။ ကျွန်တော်တို့မှာ အစေခံခြင်းကို အောက်ကျတယ်လို့မြင်တယ်။ အစေခံဖြစ်တဲ့ ခေါင်းဆောင်တွေဟာ ကျွန်တွေဖြစ်တယ်။ ကျွန်လိုတွေးတဲ့၊ ပြောတဲ့၊ လုပ်တဲ့ ခေါင်းဆောင်တွေဖြစ်ရမယ်။ ခေါင်းဆောင်တဲ့သူတွေဟာ ကျွန်တွေဖြစ်ရင် သခင်တွေက ဘယ်သူလဲ။ သခင်တွေက ဝန်ထမ်းတွေ၊ ဖောက်သည်တွေ၊ စားသုံးသူတွေ၊ ပြည်သူတွေဖြစ်တယ်။ အစေခံချင်တဲ့စိတ်ကို မွေးရမယ်။ ပြုစုရမယ်။ လေ့ကျင့်ဖို့လိုအပ်ပါတယ်။ ခေါင်းဆောင်မှုနဲ့ပတ်သက်ရင် ခေါင်းဆောင်တဲ့ ပုံစံ ဟန်အမူအရာ အမျိုးမျိုးရှိတာ တွေ့ရတယ်။ အာဏာရှင်ဆန်တဲ့ ခေါင်းဆောင်တွေ၊ အမိန့်အာဏာကိုသုံးပြီး စီမံကြတယ်၊ အများနားလည်တဲ့ Boss တွေဖြစ်ကြတယ်။ နားထောင်မှု အားနည်းတယ်။ ဆွေးနွေးတိုင်ပင်မှုမရှိဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ကြတယ်။ တချို့ခေါင်းဆောင်တွေက ဗျူရိုကရေစီအုပ်ချုပ်မှုယန္တရားကို အားကိုးပြီးစီမံကြတယ်၊ လုပ်ထုံးလုပ်နည်းတွေကို အခြေခံပြီးလှုပ်ရှားကြတယ်။ စာအုပ်ကြီးအတိုင်း လုပ်ဆောင်ကြတယ်။ အတိတ်သမိုင်းကို အမြင်အာရုံပြုကြတာတွေ့ရတယ်။ တချို့ခေါင်းဆောင်တွေက အလုပ်ပေါ်မှာ အာရုံမရှိဘဲ လွှတ်ထားတယ်။ လုပ်ချင်တာကို လုပ်ခွင့်ပေးကြတယ်။ နားအေးပါးအေး နေကြတယ်။

တချို့ကတော့ ဒီမိုကရေစီကျင့်စဉ်တွေသုံးပြီး ဦးဆောင်ကြတယ်။ တိုင်ပင်ဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ကြတယ်။ အများရဲ့ သဘောတွေကို ကြိုဆိုကြတယ်။

ခေါင်းဆောင်မှုကို စဉ်းစားရာမှာ နောက်လိုက်မှုနဲ့ ပတ်သက်ပြီး သိဖို့လိုအပ်တယ်။ ခေါင်းဆောင်တွေ ထိရောက်ဖို့ လိုအပ်သလို နောက်လိုက်တွေလည်း အရည်အချင်းရှိရမယ်။ နောက်လိုက်တွေ အရည်အချင်း မရှိရင် ခေါင်းဆောင်တွေအတွက်လည်း အနှောင့်အယှက်ဖြစ်နိုင်တယ်။ နောက်လိုက်ကောင်းတွေဟာ စဉ်းစားတွေးခေါ်ကြသလို တစ်ဖက်ကလည်း အလုပ်လုပ်ဖို့ လိုအပ်တယ်။ တာဝန်ကျေပွန်ရမယ်။ အခုတော့ တချို့နောက်လိုက်တွေဟာ မစဉ်းစားသလို အလုပ်မလုပ်ကြတာတွေ့ရတယ်။ တချို့ကျတော့ စဉ်းစားပေမယ့် မလုပ်ကြသလို တချို့ကျပြန်တော့ မစဉ်းစားဘဲ လုပ်ကြသူတွေရှိကြတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ဒီလိုနောက်လိုက်တွေများနေတာ တွေ့ရတယ်။ ခိုင်းသမျှကို မျက်စိမှိတ်ပြီး ခေါင်းညိတ်ကြတယ်။ မစဉ်းစားမဆင်ခြင်ဘဲ လုပ်ကြတယ်။ "မှန်ပါ့ဘုရား" ဆိုတဲ့သဘော။ နေရာတိုင်းလိုလို၊ အဖွဲ့အစည်းတိုင်းလိုလိုမှာ ဒီနောက်လိုက်တွေများနေတာတွေ့ရတယ်။ ဒါကြောင့်လည်း ခေါင်းဆောင်တွေမှာ အခက်တွေ့တာ။ လိုအပ်တဲ့ အကြံဉာဏ်တွေ၊ ဆွေးနွေးမှုတွေမရဘဲ ပြောသမျှကို လွယ်လွယ်ကူကူနဲ့ နာခံကြတာမို့ ပြဿနာတွေကို မဖြေရှင်းနိုင်တာ တွေ့ရတယ်။ ခေါင်းဆောင်လုပ်သူအနေနဲ့က နောက်လိုက်တွေ စဉ်းစားအောင်၊ ပြောတတ်အောင် အခြေအနေတွေ ဖန်တီးပေးဖို့ လိုအပ်တယ်။ အလေ့အကျင့်လုပ်ပေးဖို့ လိုအပ်တယ်။ စဉ်းစားတတ်တဲ့၊ ဆင်ခြင်တတ်တဲ့၊ ဆန်းစစ်တတ်တဲ့ အကျင့်ကိုမွေးဖို့ အရေးကြီးလှတယ်။ စဉ်းစားတွေးခေါ်မှုနဲ့ ပတ်သက်လာရင် စိစစ်ဆန်းစစ်နိုင်တဲ့ သတ္တိ (Critical Thinking) နဲ့ တီထွင်ကြံဆနိုင်တဲ့သတ္တိ (Creative Thinking) ရှိဖို့ လိုအပ်ပါတယ်။

ခေါင်းဆောင်မှုနဲ့ခေါင်းဆောင်ကို ခွဲခြားဖို့လိုအပ်တယ်။ အဖွဲ့အစည်းတစ်ခု နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်တစ်ဦးတည်းရှိနိုင်မှာ ဖြစ်တယ်။ ဒါပေမယ့် အဖွဲ့အစည်းမှာရှိတဲ့သူတိုင်း၊ နိုင်ငံမှာရှိတဲ့ နိုင်ငံသားအားလုံးဟာ ခေါင်းဆောင်မှုပေးနိုင်ဖို့ လိုအပ်တယ်။ ကိုယ့်နေရာနဲ့ကိုယ် ဦးဆောင်နိုင်ဖို့ အရေးကြီးလှတယ်။ ခေါင်းဆောင်မှုဟာ ရာထူးမဟုတ်ဘဲ အလုပ်ဖြစ်တယ်ဆိုတာ လက်ခံရမှာဖြစ်တယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ အားငယ်စရာမလိုပါဘူး။ လူတိုင်းမှာ ဦးဆောင်နိုင်တဲ့၊ ခေါင်းဆောင်နိုင်တဲ့ အရည်အသွေးရှိကြတယ်။

> **"ခေါင်းဆောင်မှုနဲ့ ပတ်သက်လာရင် အဆင့်ငါးဆင့်ရှိတာ တွေ့ရပါတယ်။ ပထမအခြေခံအဆင့် ထူးချွန်တဲ့ အရည်အချင်းရှိသူဖြစ်ဖို့ လိုအပ်တယ်။ ဒီအဆင့်မှာ လိုအပ်တဲ့အသိ၊ အတတ်နဲ့ အကျင့်တွေရှိဖို့ လိုအပ်ပါတယ်။ ဒုတိယအဆင့်မှာ အများနဲ့ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းရှိရမှာဖြစ်ပါတယ်။ တတိယအဆင့်မှာတော့ ကျွမ်းကျင်တဲ့မန်နေဂျာအဆင့် ဖြစ်ပါတယ်။ စတုတ္ထအဆင့်ကတော့ ထိရောက်တဲ့ခေါင်းဆောင်တစ်ဦးဖြစ်လာတယ်။ နောက်ဆုံးအဆင့်ကတော့ ပြောင်းမြောက်တဲ့ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခြင်းဖြစ်တယ်။ ဒီပုဂ္ဂိုလ်ဟာ တစ်ဖက်က နှိမ့်ချတဲ့စိတ်ရှိသလို တစ်ဖက်မှာလည်း မိမိပညာအပေါ်အခြေခံပြီး လုပ်ရဲတဲ့ သတ္တိရှိခြင်း ဖြစ်ပါတယ်"**

### ခေါင်းဆောင်မှု အရည်အချင်းပျိုးထောင်

ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် အခြေခံမေးခွန်းတစ်ခုက ခေါင်းဆောင်မှုဟာ မွေးရာပါအရည်အချင်းဟုတ်မဟုတ်။ တစ်ချိန်တုန်းက ခေါင်းဆောင်မှုအရည်အချင်းတွေဟာ မွေးကတည်းကပါတယ်လို့ ယူဆခဲ့ကြတယ်။ သူများမှာမရှိတဲ့ အရည်အချင်းတွေရှိတယ်လို့ မြင်ခဲ့ကြတယ်။ အခုခေတ်မှာ ဒီအယူအဆကို လက်မခံတော့ဘဲ ပြုစုလို့ရတယ်၊ ပျိုးထောင်လို့ရတယ်။ သင်ပေးရတယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ခေါင်းဆောင်မှုသင်တန်းတွေ လုပ်နေတာဖြစ်တယ်။ သင်ယူခံယူရတာကို လက်ခံကြတာ။ ခေါင်းဆောင်မှု ဖွံ့ဖြိုးမှုအလေ့အကျင့်တွေ လုပ်ပေးနိုင်တယ်။ ခေါင်းဆောင်မှုနဲ့ စီမံမှုဟာ ဒွန်တွဲနေတယ်။ ခေါင်းဆောင်မှုပေးရင် စီမံဖို့လိုအပ်သလို စီမံတဲ့အခါမှာလည်း ဦးဆောင်ဖို့ လိုအပ်တယ်။ စီမံခန့်ခွဲမှုဟာ ပေးအပ်တဲ့တာဝန်တွေကို ကျေကျေပွန်ပွန်သပ်သပ်ရပ်ရပ် ဆောင်ရွက်တာဖြစ်ပြီး ခေါင်းဆောင်မှုက ပေးအပ်တဲ့တာဝန်ကို လုပ်သင့် မလုပ်သင့်ကို စဉ်းစားဆုံးဖြတ်ခြင်းဖြစ်တယ်။ ရုတ်တရက်ကြည့်ရင် ခေါင်းဆောင်မှုဟာ မြင့်မားပြီး ဦးဆောင်မှုဟာ နိမ့်တယ်လို့ မြင်ကြတယ်။ အမှန်တော့ နှစ်ခုစလုံးဟာ အရေးပါတယ်၊ အရေးကြီးတာဖြစ်တယ်။

### မိမိပညာအပေါ် အခြေခံပြီး လုပ်ရဲတဲ့သတ္တိ

ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် အဆင့်ငါးဆင့်ရှိတာ တွေ့ရပါတယ်။ ပထမအခြေခံအဆင့် ထူးချွန်တဲ့ အရည်အချင်းရှိသူဖြစ်ဖို့ လိုအပ်တယ်။ ဒီအဆင့်မှာ လိုအပ်တဲ့အသိ၊ အတတ်နဲ့အကျင့်တွေရှိဖို့ လိုအပ်ပါတယ်။ ဒုတိယအဆင့်မှာ အများနဲ့ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။ တတိယအဆင့်မှာတော့ ကျွမ်းကျင်တဲ့မန်နေဂျာအဆင့် ဖြစ်ပါတယ်။ စတုတ္ထအဆင့်ကတော့ ထိရောက်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာတယ်။ နောက်ဆုံးအဆင့်ကတော့ ပြောင်းမြောက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခြင်းဖြစ်တယ်။ ဒီပုဂ္ဂိုလ်ဟာ တစ်ဖက်က နှိမ့်ချတဲ့စိတ်ရှိသလို တစ်ဖက်မှာလည်း မိမိပညာအပေါ် အခြေခံပြီး လုပ်ရဲတဲ့ သတ္တိရှိခြင်း ဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ဦးရဲ့ အာရုံဟာ အခြေခံနှစ်ချက်ပေါ်မှာ စိုက်ထုတ်ရမှာဖြစ်တယ်။ ပထမအချက်ကတော့ အလုပ်ဖြစ်ပြီး ဒုတိယအချက်ကတော့ လူဖြစ်ပါတယ်။ လူလို့ပြောရင် မိမိရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ရည်ညွှန်းပါတယ်။ တချို့သော ခေါင်းဆောင်တွေဟာ အလုပ်ပေါ်မှာ ဦးစားပေးစဉ်းစားကြသလို တချို့ကတော့ လူတွေအပေါ်အာရုံပြုကြပါတယ်။ အမှန်တော့ ခေါင်းဆောင်ကောင်းတစ်ဦးဟာ လူရော၊ အလုပ်ရော အာရုံပြုရမှာ ဖြစ်ပါတယ်။

တစ်နေ့က B2B စီးပွားရေးစကားဝိုင်းတစ်ခုကို လုပ်ခဲ့တယ်။ ခေါင်းစဉ်ကတော့ "အခြေအနေအပေါ် အခြေခံတဲ့ ခေါင်းဆောင်မှု" ခေါင်းဆောင်ခြင်းကို အလွယ်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုရင် ဩဇာရှိမှုလို့သုံးသပ်ရပါတယ်။ အမှန်တော့ ဩဇာနဲ့အာဏာ မတူပါဘူး။ ခေါင်းဆောင်အစစ်တစ်ဦးမှာ အာဏာရှိစရာမလိုဘဲ ဩဇာရှိဖို့သာ လိုအပ်ပါတယ်။ မိမိမှာရှိတဲ့ ဩဇာနဲ့ နောက်လိုက်တွေရဲ့ အပြုအမူတွေကို လွှမ်းမိုး ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဩဇာနဲ့ပတ်သက်ပြီး ခေါင်းဆောင်တစ်ဦးဟာ အပြုအမူလေးရပ်ကို ကျင့်သုံးနိုင်ပါတယ်။ တချို့အခြေအနေမှာ ခေါင်းဆောင်လုပ်သူဟာ "ပြော"ရတာရှိပါတယ်။ ညွှန်ကြားရမှာဖြစ်တယ်။ တချို့အခြေအနေမှာတော့ ခေါင်းဆောင်လုပ်သူက ကိုယ်ဖြစ်ချင်တဲ့ အခြေအနေဖြစ်လာအောင် "ရောင်း" ရတာ ဖြစ်ပါတယ်။ ရောင်းတယ်လို့ ပြောတဲ့နေရာမှာ စိတ်ဝင်စားအောင်ပြောတတ်ဖို့ လိုအပ်တယ်။ မိမိပေးတဲ့အကြံဉာဏ်တွေကို ဝယ်ချင်လာအောင် ကြိုးစားရမှာဖြစ်တယ်။ တတိယအပြုအမူကတော့ "တာဝန်ခွဲဝေမှု" ဖြစ်တယ်။ အစအဆုံး ကိုယ်ကိုယ်တိုင်မဆောင်ရွက်ဘဲ ယုံယုံကြည်ကြည်နဲ့ တာဝန်ခွဲဝေပေးခြင်း ဖြစ်ပါတယ်။ နောက်ဆုံးအပြုအမူကတော့ အတူတကွ ပါဝင်ပတ်သက်လာအောင် ကြိုးစားခြင်းဖြစ်ပါတယ်။ ဒီအပြုအမူလေးရပ်ကို တချို့က ညွှန်ကြားခြင်း၊ နည်းပြခြင်း၊ ကူညီခြင်းနဲ့ တာဝန်ခွဲဝေပေးခြင်းလို့ ဖော်ပြနိုင်ပါတယ်။

ဒီစကားဝိုင်းမှာ ပရိသတ်တွေအများကြီး တက်ရောက်လာတာတွေ့ရတယ်။ ကျွန်တော့်ရဲ့ ဟောပြောပွဲတွေမှာ တက်ရောက်သူတွေ အများစုက လူငယ်တွေဖြစ်တယ်။ သိချင်တဲ့၊ တတ်ချင်တဲ့သူတွေက စနေ၊ တနင်္ဂနွေ မိမိကိုယ်ပိုင်အချိန်တွေကိုဖဲ့ပြီး အခုလို တက်ရောက်လာကြတာ။ သူတို့ကို ကျေးဇူးတင်ရတယ်။ ပရိသတ်တွေများတော့ ကျွန်တော့်အနေနဲ့လုပ်ပေးရတာ အားရမှုရှိတယ်။ ကျေနပ်ရပါတယ်။ ထူးခြားလာတဲ့ပြောင်းလဲမှုတစ်ခုကတော့ ကျွန်တော့်ရဲ့ ဟောပြောချက်တွေကို တိုက်ရိုက်ထုတ်လွှင့်နိုင်တဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့ အကြောင်းအရာတွေကို ပွဲတက်သူတွေသာမက ပွဲမတက်နိုင်သူတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်မှုရှိခြင်း ဖြစ်ပါတယ်။ ယခုခေတ် လူငယ်တွေမှာ ပညာရယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိလာပါတယ်။ ဒီအခွင့်အရေးတွေကို ယူနိုင်ဖို့ပဲလိုအပ်တယ်။ မိမိရဲ့အချိန်ကို အကျိုးရှိရှိ အသုံးချစေချင်လှပါတယ်။

### အခြေခံအတတ်လေးရပ်ရှိဖို့လို

ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီး ဟောပြောပွဲတွေ တက်တဲ့ လူငယ်တွေ ခေါင်းဆောင်မှုကို စိတ်ဝင်စားကြတာ တွေ့ရလို့ ကျေနပ်မိတယ်။ အမှန်တော့ စောစောက ကျွန်တော်တင်ပြခဲ့သလို လူငယ်တွေဟာ သူ့နေရာနဲ့သူ ခေါင်းဆောင်မှုပေးနေကြသူတွေ ဖြစ်ပါတယ်။ ရာထူး ရှိစရာ မလိုပါဘူး။ ဘယ်နေရာမှာဖြစ်ဖြစ် ခေါင်းဆောင်နိုင်မှာဖြစ်ပါတယ်။ အခြေခံအတတ် လေးရပ်ရှိဖို့သာ လိုအပ်ပါတယ်။ ပထမကတော့ စောစောက တင်ပြခဲ့တဲ့ ဩဇာလွှမ်းမိုးမှု။ ဩဇာလို့ပြောရင် ဆွဲဆောင်နိုင်မှုဖြစ်ပါတယ်။ ဒုတိယက ကိုယ့်အကြောင်းကိုယ်သိခြင်းဖြစ်တယ်။ ကိုယ့်ရဲ့အပြုအမူတွေကြောင့် လိုချင်တဲ့ရလဒ်တွေပဲ ဖြစ်ပါတယ်။ တတိယကတော့ ဆက်သွယ်ဆက်ဆံမှုဖြစ်ပြီး နောက်ဆုံးကတော့ သင်ယူခံယူနိုင်တဲ့ အရည်အချင်း ဖြစ်ပါတယ်။

ခေါင်းဆောင်တဲ့နေရာမှာ ဖြစ်စေ၊ စီမံတဲ့နေရာမှာဖြစ်စေ မရှိမဖြစ်လိုအပ်ချက်ကတော့ အီးကျူ (EQ)ပဲ ဖြစ်ပါတယ်။ ကိုယ်ရည်ထက်မြက်ရုံမက ကိုယ်ချင်းစာတရားရှိဖို့လိုအပ်တယ်။ ကျွန်တော်လည်း အခွင့်အရေးရတိုင်း အီးကျူအကြောင်း ပြောခဲ့တယ်၊ ရေးခဲ့တယ်၊ မျှဝေပေးခဲ့တယ်။ ကျွန်တော်တို့ ယခုအချိန်မှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေရဲ့အခြေအမြစ်က အီးကျူအားနည်းလို့ဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး နားလည်မှုအားနည်းနေကြတယ်။ ယုံကြည်မှုအားနည်းနေကြတယ်။ ဒါကြောင့် အီးကျူနဲ့ ပတ်သက်လာရင် အောက်စ်ဖို့ဒ်ဆရာတော်ကြီး ဟောကြားခဲ့သလို သနားကြင်နာခြင်း၊ ကိုယ်ချင်းစာခြင်းနဲ့ ကရုဏာထားခြင်းတို့ဖြစ်တယ်။ ခေါင်းဆောင်တွေ၊ စီမံတဲ့သူတွေဟာ ဒီအရည်အချင်းသုံးရပ်နဲ့ ပြည့်စုံရမှာသာဖြစ်တယ်။ ခေါင်းဆောင်မှုနဲ့စီမံမှုဟာ ဖြစ်ရပ်မဟုတ်ဘဲ ဖြစ်စဉ်ဖြစ်ပါတယ်။ ရောက်တာမရှိဘဲ လျှောက်တာပဲရှိပါတယ်။ ဒါကြောင့် လူတိုင်းစီမံမှု၊ ခေါင်းဆောင်မှု ခရီးရှည်ကြီးကို ပညာနဲ့ယှဉ်တွဲပြီး လျှောက်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

---

## မင်းတပ်မြို့၌ COVID-19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အချိန်အပြည့်ဖြင့် ဆောင်ရွက်နေ

**မင်းတပ် မတ် ၂၉**

မင်းတပ်မြို့၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ မြို့သို့ဝင်ရောက်လာသည့် ခရီးသွားပြည်သူများအား နေ့စဉ်ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာနှင့် ဆိုင်းဘုတ်များစိုက်ထူခြင်းနှင့် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်းများကို မတ် ၂၇ ရက်မှစ၍ အချိန်အပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မင်းတပ်မြို့မဈေးနှင့် အခြားဈေးဆိုင်များတွင်လည်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်းရှိ ဧည့်ရိပ်သာနှင့် တည်းခိုခန်းများတွင် နေထိုင်သည့် ခရီးသွားဧည့်သည်များ၏ ကျန်းမာရေးအခြေအနေများကိုလည်း မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ကြကြောင်း မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဇော်ဝင်းနိုင်ထံမှ သိရသည်။

ထို့အပြင် မင်းတပ်မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် သတင်းတု၊ သတင်းမှားများကြောင့် စိုးရိမ်မှုမရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အသံချဲ့စက်ဖြင့် မြို့အနှံ့ အသိပေးကြေညာခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုသည့် ဆရာဝန်နှင့် ဝန်ထမ်းများထားရှိမည့် အဆောက်အအုံ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မတ် ၂၉**

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုသည့် ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများထားရှိမည့် အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့က ရန်ကုန်မြို့ လသာမြို့နယ်ရှိ ရန်ကုန်ဆေးရုံကြီး တိုးချဲ့ဝင်းသို့ရောက်ရှိပြီး အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ယာပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါဝင်းအတွင်း ဝန်ထမ်းများအတွက် ဆောက်လုပ်လျက်ရှိသော လေးခန်းတွဲ ၁၀ ထပ်ရှိ အခန်းနေရာများကို COVID–19 စောင့်ကြပ်ကြည့်ရှုနေသည့် ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအား ထားရှိရန် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ပမှပြန်လည်ရောက်ရှိလာမည့်သူများအတွက် ပြင်ပလူနာဌာန (ယာယီ) အဖြစ် ဖွင့်လှစ်ထားရှိရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လှိုင်မြို့နယ်ရှိ လှိုင်ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ သွားရောက်ပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့်သူများအား ၁၄ ရက်ကြာ အသွားအလာကန့်သတ်၍ သီးခြားခွဲထားပြီး စောင့်ကြပ်ကြည့်ရှုနေသည့် အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

လှိုင်ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းခံရသူ ၁၆၅ ဦးရှိပြီး ဆက်လက်ရောက်ရှိလာမည့်သူများရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ချင်းပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး မတ် ၂၉**

ချင်းပြည်နယ်အတွင်း COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်အတွင်း လတ်တလော ဖြစ်ပွားလျက်ရှိသော COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ မြို့ပေါ်၊ ရပ်ကွက်များတွင် သာမက ကျေးလက်ဒေသရှိ ပြည်သူများထံအရောက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ချင်းပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားနေမှု အခြေအနေများနှင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေး၊ ထိန်းချုပ်ကုသနိုင်ရေး နည်းလမ်းများ၊ တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံတွင် COVID–19 ရောဂါပိုး တွေ့ရှိသည့် လူနာ၏ ဆေးကုသနေမှု အခြေအနေများနှင့် ရောဂါပိုး ထပ်မံကူးစက်ပြန့်ပွားမှုမရှိစေရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဦးတိုးဝင်းက ရောဂါထိန်းချုပ်ကုသနိုင်ရေးအတွက် လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့လာပါက ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် နေအိမ်အတွင်းအသွားအလာကန့်သတ်ခြင်း၊ သတ်မှတ်နေရာများတွင် ကန့်သတ်နေထိုင်ခြင်းများနှင့် လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်လုပ်ငန်းကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်း ဆွေးနွေးခဲ့ကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ထိန်းချုပ်ကုသရေးလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများ အချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## ပုသိမ်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အလှူငွေများ ပေးအပ်

**ပုသိမ် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အသုံးပြုရန် အလှူငွေများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ–၁ ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်တို့က COVID–19 ရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးချုပ်က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့အလှူငွေများကို Green Co.,Ltd. မှ ငွေကျပ်သိန်း ၅၀၊ မအူပင်စက်မှုဇုန်မှ ငွေကျပ်သိန်း ၅၀၊ ညောင်တုန်းစက်မှုဇုန်မှ ငွေကျပ်၂၅ သိန်း၊ ရွှေဟိန်းထက်ကုမ္ပဏီမှ ငွေကျပ်သိန်း ၁၀၀၊ မီးလင်းချိုင်း Sepereme ကုမ္ပဏီမှ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၆၀၀၊ Sunflower Co.,Ltd. မှ ငွေကျပ်သိန်း ၁၀၀ ကိုတို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနေ့အလှူငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ တက်ရောက်ပြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သတ်မှတ်နေရာတွင် ကန့်သတ်နေထိုင်ခြင်း ဆောင်ရွက်ထားသည့် ပုသိမ်တက္ကသိုလ် နန္ဒဆောင်ကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



## ကယားပြည်နယ်ဝန်ကြီးချုပ် COVID -19 ရောဂါ ကာကွယ်ရေးအတွက် ပြည်နယ်အဝင် / အထွက်ဂိတ်များ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၂၉**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် COVID–19 ရောဂါအား ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်အတွင်း အဝင်/အထွက် သွားလာသည့် ဝင်ပေါက်များမှ စနစ်တကျ ကျန်းမာရေးစစ်ဆေးမှုခံယူပြီး ဝင်ရောက်စေရေး၊ ပြည်ပနိုင်ငံများမှ နေရပ်ပြန်များဖြစ်ပါက မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်စေခြင်းမရှိဘဲ စစ်ဆေးရေးဂိတ်များမှ တစ်ဆင့် သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် သတ်မှတ်နေရာတွင် ကန့်သတ်နေထိုင်သည့်နေရာများသို့ တိုက်ရိုက်စေလွှတ် ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်နေရာတွင် ကန့်သတ်နေထိုင်သည့်နေရာများ ဖွင့်လှစ်ရာတွင်လည်း အတတ်နိုင်ဆုံး လူစုလူဝေးနှင့် ထားရှိခြင်းမျိုးမဟုတ်ဘဲ တစ်ဦးချင်းဖြစ်စေ၊ သတ်မှတ်အကွာအဝေးများအတိုင်း နေထိုင်စေရေးနှင့် စောင့်ကြည့်လူနာများမှတစ်ဆင့် အချင်းချင်း ကူးစက်ပြန့်ပွားမှုမရှိဘဲ ထိန်းချုပ်နိုင်စေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။**(ဝဲပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် စစ်ဆေးရေးဂိတ်များဖြစ်သော ဝါရီကောခူ စစ်ဆေးရေးဂိတ်၊ ဆောင်ကန်းစစ်ဆေးရေးဂိတ်နှင့် ထီးစဲခါးစစ်ဆေးရေးဂိတ်များအား သွားရောက်စစ်ဆေးခြင်း၊ ပြည်ပမှနေရပ်ပြန်များ ကယားပြည်နယ်သို့ ဝင်ရောက်မှုအခြေအနေများ၊ စစ်ဆေးရေးဂိတ်များမှတစ်ဆင့် နေရပ်ပြန်များ သတ်မှတ်သောနေရာတွင် ကန့်သတ်နေထိုင်သည့် နေရာများ ပေးပို့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**ထွန်းလေး**

## တာဆန်းဂိတ်၌ COVID-19 ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုင်းပန် မတ် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်အတွင်းရှိ တာဆန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် COVID–19 ရောဂါ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ နေ့စဉ်ဆောင်ရွက်နေမှု အခြေအနေနှင့် သံသယလူနာများ ရှိလာပါက မြို့နယ် ပြည်သူ့ဆေးရုံ၌ သီးသန့်ထားရှိရန် စောင့်ကြည့်ပြင်ဆင်ထားရှိမှု အခြေအနေများကို လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက မတ် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မိုင်းပန်မြို့နယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းပြီး တာဆန်းစစ်ဆေးရေးဂိတ်၌ မိုင်းပန်မြို့နယ်သို့ ဝင်ရောက်မည့် ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းစစ်ဆေးနေသည့် အခြေအနေများကို သွားရောက်စစ်ဆေးပြီးနောက် တာဆန်းကျေးရွာရှိ ငွေသောင်ယံဦးခန်းမ၌ တာဆန်းကျေးရွာနေ ပြည်သူများနှင့်တွေ့ဆုံ၍ ရောဂါကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

**ကိုဆန်း(မိုင်းပန်)**

# မြေယာစီမံခန့်ခွဲမှုတွင် အဓိကကျသည့် မြေပုံ၊ ကွင်းမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး ဦးစားပေးရန်နှင့် ဆောင်ရွက်သင့်သည့် One Map Myanmar စီမံကိန်း

ညီညီမင်း(ထွေ/အုပ်)

*ယမန်နေ့မှအဆက်*

**GIS နည်းပညာ**

GIS ဆိုသည်မှာ ပထဝီဝင်အချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ သိမ်းဆည်း သိုမှီးခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ စီမံခြင်း၊ တင်ဆက်ပြသခြင်း စသည်တို့ကို ပြုလုပ်နိုင်သည့် ကွန်ပျူတာစနစ်တစ်ခု ပင်ဖြစ်ပါသည်။ GIS ကို အတိုင်းအတာတစ်ခုအထိ Decision Support အတွက် အထောက်အပံ့ဖြစ်စေသည့် Tool တစ်ခုအနေဖြင့် အဓိကအသုံးပြုနိုင်ပါသည်။ အချို့လုပ်ငန်းများတွင် GIS သည် မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ GIS က ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးကို အသွင်သစ်၊ အမြင်သစ်ဖြင့် ကြည့်မြင်တတ်စေရန် စွမ်းဆောင်ပေးနိုင်ပါသည်။ GIS ကိုအသုံးပြုပြီး အောက်ပါအချက်များကို သိရှိနိုင်ပါသည်-

(က) ဘာတွေ ဘယ်မှာရှိသလဲ၊
(ခ) အရေအတွက်ဘယ်လောက်ရှိသလဲ၊
(ဂ) ဘယ်လောက်သိပ်သည်းမှု ရှိသလဲ၊
(ဃ) အဲဒီနေရာထဲမှာ ဘာတွေရှိခဲ့လဲ၊
(င) အဲဒီနေရာအနီးအနားမှာ ဘာတွေရှိနေသလဲ၊
(စ) ဘာတွေပြောင်းလဲသွားသလဲ၊ ဘယ်လောက်ပြောင်းလဲသွားသလဲ၊စသည်တို့ကို အလွယ်တကူ သိရှိနိုင်စေရန် စွမ်းဆောင်ပေးနိုင်ပါသည်။

**UTM မြေပုံတစ်မျိုးတည်းသာ အသုံးပြုသင့်**

မြေပုံတစ်ချပ်ထုတ်လုပ်ရရှိနိုင်ရေးအတွက် ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ကောင်းကင်ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်း၊ ရေးဆွဲပြီးသောမြေပုံကြမ်းများအား မြေပြင်တွင်တိုက်ဆိုင် စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များအား ပြင်ဆင်ရေးဆွဲခြင်းများအား ဆောင်ရွက်ရပါမည်။

မြေပုံတစ်ခုဖြစ်လာရန်အတွက် နိုင်ငံတိုင်းသည် အရိပ်ချစနစ်အမျိုးမျိုးဖြင့် မိမိနိုင်ငံအနေအထားနှင့် ကိုက်ညီသည့် အရိပ်ချစနစ်မှ ထုတ်လုပ်သောမြေပုံများအား စကေးအမျိုးမျိုးရေးဆွဲ၍ အသုံးပြုလျက်ရှိကြပါသည်။ မြန်မာနိုင်ငံသည် ယနေ့အချိန်ထိ အာရှစနစ်မှ ထုတ်လုပ်သော ကတော့ပုံအရိပ်ချစနစ်မြေပုံကိုလည်း အသုံးပြုလျက်ရှိပါသည်။ ယခုအခါ မြေတိုင်းဦးစီးဌာနမှ ပညာရှင်များဖြင့် မြန်မာနိုင်ငံမြေအနေအထားနှင့်ကိုက်ညီသည့် UTM အရိပ်ချစနစ်ဖြင့် ထုတ်လုပ်သော မြေပုံများကို အသုံးပြုလျက်ရှိပါသည်။

ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများတွင်လည်း UTM အရိပ်ချစနစ်မြေပုံများကို အသုံးပြုလျက်ရှိသဖြင့် ဆက်စပ်အသုံးပြုနိုင်ရန်အတွက် UTM မြေပုံတစ်မျိုးတည်းကိုသာ ပြောင်းလဲအသုံးပြုသင့်ပါသည်။

**Base Map ဖြစ်သင့်သော UTM**

ယနေ့ကာလတွင် အချို့ဝန်ကြီးဌာနများသည် Lambert မြေပုံများကိုသာ ဆက်လက် အသုံးပြုလျက်ရှိပါသည်။ Lambert မြေပုံသည် မြန်မာနိုင်ငံ၏ ပုံစံအနေအထားအရ နဂိုကတည်းကပင် အမှားရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ UTM နှင့်ဆက်စပ်ရာတွင်လည်းကောင်း၊ UTM အသုံးပြုသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ရာတွင်လည်းကောင်း အခက်အခဲရှိနိုင်ပါသည်။ နယ်နိမိတ်ကိစ္စများဖြေရှင်းရာတွင်လည်း မြေပုံစနစ်မတူညီခြင်းကြောင့် အခက်အခဲရှိနိုင်ပါသည်။ One Map Myanmar Platform တွင်လည်း UTM မြေပုံကိုသာ Base Map အဖြစ် အခြေခံထားရှိပြီး အသုံးပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

Lambert မြေပုံတွင် (၁:၆၃၃၆၀) စကေး၊ UTM မြေပုံတွင် (၁:၅၀၀၀၀)စကေးများကို မြေပုံစကေးဟုခေါ်ဆိုနိုင်ပါသည်။ မြေပြင်တွင် (၁၀၀၀ကိုက် x ၁၀၀၀ကိုက်) ကိုLambert မြေပုံတွင် (၀.၅လက်မx ၀.၅လက်မ) သာသာရှိသော Grid ကွက်တစ်ခုနှင့် ကိုယ်စားပြုသည်။ မြေပြင်တွင် (၁၀၀၀မီတာx ၁၀၀၀မီတာ) အကျယ်အဝန်းကို UTM မြေပုံတွင် လက်မဝက်ကျော် Grid ကွက်ဖြင့် ကိုယ်စားပြုသည်။

**Military Grid Refernence System (MGRS)**

Lambert မြေပုံပေါ်ရှိလက်မဝက်ခန့်သာကျယ်ဝန်းသော Grid ကွက်တစ်ကွက်ကိုအလျားလိုက် ဒေါင်လိုက်ပိုင်းကြည့်ပါက အလျား(၁၀)စိတ်၊ ဒေါင်လိုက်(၁၀)စိတ်သာ ပိုင်းနိုင်ပါသည်။ (၁၀x၁၀) စုစုပေါင်း(၁၀၀)စိတ်ရပါမည်။ မြေပုံပေါ်တွင် ထိုအစိတ်အပိုင်းတစ်စိတ်သည် ခဲဆန်ထိပ်ဖျားမျှသာ ရှိပါသည်။ ထိုခဲဆန်ထိပ်ဖျားအစိတ်တစ်ခုကိုထပ်မံစိတ်ပိုင်း၍ မရနိုင်တော့ပါ။ ထို့ကြောင့် Lambert မြေပုံပေါ်တွင် ခဲဆန်ထိပ်ဖျား၊ ခဲတစ်ချစာသည် မြေပြင်တွင် ကိုက် ၁၀၀ ပတ်လည်ကို ကိုယ်စားပြုပါသည်။ UTM မြေပုံပေါ်တွင် ခဲဆန်ထိပ်ဖျားတစ်ချစာသည် မြေပြင်တွင် မီတာ ၁၀၀ ပတ်လည်ကို ကိုယ်စားပြုကြောင်းယူဆနိုင်ပါသည်။ ထို့ကြောင့် မြေပြင်ပေါ်မှ အမှတ်တစ်ခုကိုမြေပုံတွင် တင်ပြရာတွင် မြေပုံစကေးအရတိကျစွာနေရာမချနိုင်ပါ။ ထိုသို့ မြေပြင်စကေးမှ မြေပုံစကေးသို့ အပြန်အလှန် ပြောင်းလဲနေရာချစနစ်ကို Military Grid Reference System (MGRS)ဟု ခေါ်သည်။ တပ်မတော်သုံး Grid အညွှန်း၊ ခန့်မှန်းမြေပုံအညွှန်း(မ-ပ-ည) ဟူ၍ လူသိများသည်။

> **“မြေပုံများမှန်ကန်ရန်လိုအပ်သလို ကွင်းမြေပုံမှန်ကန်မှုသည်လည်း များစွာအရေးပါ။ မြေကြီးမြေပုံမှန်ကန်မှသာ မြေအသုံးချမှုများ၊ သီးနှံစိုက်ပျိုးမှုစာရင်းအင်းများကို ဦးပိုင်တစ်ခုချင်းအလိုက်၊ တောင်သူလုပ်ကွက်တစ်ခုချင်းအလိုက် မှန်ကန်စွာကောက်ယူ မှတ်သားနိုင်မည်ဖြစ်”**

GPS နှင့် Computer GIS Software များအသုံးမပြုနိုင်စဉ်ကာလများက စာရွက်မြေပုံများသာ မီဒီယာအဖြစ်နှစ်ပေါင်းများစွာအသုံးပြုခဲ့ကြသည်။ ထိုကာလများက မြေပုံပေါ်တွင် မြေပြင်အမှတ်အသားများ နေရာချရန် (မ-ပ-ည) စနစ်မှလွဲ၍ အခြားစနစ်များမရှိပါ။ မြေပုံများကို လမ်းညွှန်အဖြစ် အသုံးချပြီးလိုရာခရီးရောက်ကြသောအခါ မြေပြင်တွင် အလုပ်များလုပ်ဆောင်ကြသည်။ ထိုသို့ မြေပြင်တွင် လုပ်ကိုင်မှုအားလုံးသည် မြေပြင်စကေးနှင့် လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။

ယခုအခါတွင် မြေပြင်စကေးအားအတော်အတန် ဖြေရှင်းပေးနိုင်သောတည်နေရာပြစနစ် GPSကို သုံးနေကြပြီဖြစ်ပါသည်။ ထိုစနစ်နှင့် လိုက်လျောညီစွာတွဲဖက်၍ မြေပြင်စကေးအလား မြင်တွေ့နိုင်သော Google Earth Image များလည်းလူတိုင်းအသုံးချနေကြပြီဖြစ်ပါသည်။

**ArcGIS ကြုံတွေ့ရရှိသော အမှားများ**

UTM မြေပုံပေါ်တွင် ခဲဆန်ထိပ်ဖျားတစ်ချစာသည် မြေပြင်တွင် မီတာ ၁၀၀ ပတ်လည်ကို ကိုယ်စားပြုကြောင်း ယူဆနိုင်ပါသည်။ ထို့ကြောင့် မြေပြင်ပေါ်မှ အမှတ်တစ်ခုကိုမြေပုံတွင် တင်ပြရာတွင် မြေပုံစကေးအရတိကျစွာနေရာမချနိုင်ပါ။ GIS အလွှာများထည့်ကာArcGIS ဖြင့် ဆွဲသောသေသပ်လှပသည့် မြေပုံတစ်ပုံထွက်ပေါ်လာပါက များပြားလှစွာသောအဆင့်တိုင်း၏ Tool Errors၊ Human Errors၊ Media Map Errors များကိုခန့်မှန်း၍ ကြည့်နိုင်ပါသည်။

မြေပုံများမှန်ကန်ရန်လိုအပ်သလို ကွင်းမြေပုံမှန်ကန်မှုသည်လည်း များစွာအရေးပါလှပါသည်။ မြေကြီးမြေပုံမှန်ကန်မှသာ မြေအသုံးချမှုများ၊ သီးနှံစိုက်ပျိုးမှုစာရင်းအင်းများကို ဦးပိုင် တစ်ခုချင်းအလိုက်၊ တောင်သူလုပ်ကွက်တစ်ခုချင်းအလိုက် မှန်ကန်စွာကောက်ယူမှတ်သားနိုင်မည် ဖြစ်ပါသည်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အမြဲအမိန့် အမှတ်(၁၆၆) ညွှန်ကြားချက်တွင် မြေပေါ်၌ သဘာဝတရား၏ပြုပြင်ပြောင်းလဲမှုဖြစ်သည့် ချောင်းမြောင်းတိမ်ကောခြင်း၊ မြစ်ကြောင်း ပြောင်းလဲခြင်း၊ ရေတိုက်စား၍ ကမ်းပြိုခြင်းစသည်တို့ကြောင့်လည်းကောင်း၊ လူတို့၏ပယောဂဖြစ်သည့် မြို့ရွာတိုးချဲ့ခြင်း၊ လူနေအိမ်ရာကျူးကျော်အသုံးပြုခြင်း၊ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ခြင်း၊ လမ်း၊ တံတား၊ ဆည်တမံမြောင်းများဖောက်လုပ်ခြင်းစသည်ဖြင့်လည်းကောင်း၊ မြေကြီးပေါ်တွင် မူလတည်ရှိနေသည့် လယ်ယာမြေ၏ ဧရိယာအနေအထားနှင့် ပုံသဏ္ဌာန်ပြောင်းလဲလာစေမည့်ဖြစ်စဉ်များကို မိမိတို့အသုံးပြုနေသော ကွင်းမြေပုံများတွင် လက်ရှိနေ့အထိမှန်ကန်အောင်ပြုပြင်မှတ်သားရန်အတွက် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

**ကွင်းမြေပုံမှန်ကန်စေရေး**

ကွင်းမြေပုံမှန်ကန်ရေးသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍစီမံခန့်ခွဲရေးတွင် အရေးကြီးသော ကိစ္စရပ်ဖြစ်ပါသည်။ မြေယာကိုစည်းကမ်းမဲ့အသုံးချခြင်း၏ အကျိုးဆက်အဖြစ် မြေပုံတခြား၊ ကွင်းတခြားမကိုက်ညီတော့သည်ကို လေ့လာတွေ့ရှိရပါသည်။ ကွင်း၊ မြေပုံ၊ မြေစာရင်းမှန်ကန်စေရေးအတွက် အောက်ပါအချက်များကို အလေးထားဆောင်ရွက်ရပါမည်-

(က) Data Collection Method (စာရင်းအင်းကောက်ယူသောစနစ်)၊
(ခ) Skillful Interviewer or Well-trained surveyor (အရည်အချင်း ပြည့်ဝသော ကွင်းဆင်းဝန်ထမ်းများ)၊
(ဂ) Time Limit of Data collection (လုံလောက်သောစာရင်းကောက်ယူချိန်)၊
(ဃ) Apply Updating Kwin Map(မှန်ကန်သည့်ကွင်းမြေပုံများ)၊
(င) Visit Fee Expense or Kwin Touring Allowence (စာရင်းအင်း ကောက်ယူရန် စရိတ်စကများ)။

ယနေ့အသုံးပြုလျက်ရှိသော UTM မြေပုံများ၏ Own Position မှန်ကန်ရေးသည်လည်း များစွာအရေးကြီးလှပါသည်။ နေရာတစ်ခုအတွက် GPS ကဖော်ပြသော Own Position နှင့် မြေပုံက ဖော်ပြသော Own Position ကိုက်ညီရန် အထူးလိုအပ်ပါသည်။ အချို့နေရာများတွင် UTM မြေပုံအမှားများရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ကွင်းမြေပုံနှင့် မြေစာရင်းများမှန်ကန်ရေး၊ မြေပုံများမှန်ကန်ရေးသည် အများထင်မြင် ယူဆသကဲ့သို့ ရေတိုဆောင်ရွက်ခြင်းဖြင့် ပြီးပြတ်နိုင်သည့် လုပ်ငန်းမဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျ စီမံချက်ရေးဆွဲ၍ လုံလောက်သောအထောက်အပံ့အကူအညီများဖြင့် အချိန်ယူဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

**One Map Myanmar စီမံကိန်းအကြောင်း**

အမျိုးသားမြေအသုံးချမှုကောင်စီက မြန်မာ့အမျိုးသားမြေပုံစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ (One Map Myanmar လုပ်ငန်းကော်မတီ)ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဝန်ကြီးဌာန ၁၃ ခုမှ ကိုယ်စားလှယ်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ၃ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း အဖွဲ့ဝင် ၃ ဦးနှင့် မြန်မာနိုင်ငံ အကယ်ဒမီအဖွဲ့မှ ကိုယ်စားလှယ် ၁ ဦး၊ စုစုပေါင်း ၃၁ ဦးပါဝင်သော လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပါသည်။

မြေနှင့်သဘာဝသယံဇာတများကို အကျိုးထိရောက်စွာနှင့် ပွင့်လင်းမြင်သာစွာအသုံးပြုမှုသည် မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အသုံးချသုတေသနများ၊ ဆန်းသစ်သောခေတ်မီနည်းပညာများကို အသုံးပြု၍ လက်တွဲဖော် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒီမိုကရေစီနည်းလမ်းကျင့်သုံးဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသည့် သတင်းအချက်အလက်၊ ဗဟုသုတများ ရရှိနိုင်ပါသည်။ ၎င်းဗဟုသုတများအပေါ် အခြေခံ၍ အားလုံးအတူတကွ ဆွေးနွေးခြင်းမှ တစ်ဆင့် ဖွံ့ဖြိုးမှုစီမံကိန်းနှင့် အငြင်းပွား မှုဖြေရှင်းခြင်းဆိုင်ရာရလဒ်များ ပေါင်းစပ်ညှိနှိုင်း ရရှိလာမည်ဖြစ်ပါသည်။ ယင်းသို့သော အခင်းအကျင်းမျိုးကို ရရှိနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံမြေပုံစနစ် စီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

မြေသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံအစိုးရက အစပြုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ရပ်ဖြစ်ပြီး မြေပုံဆိုင်ရာသတင်း အချက်အလက်များ တစ်ပြေးညီဖြစ်ရန် ပကတိ အနေထားမှန်ကို သိရှိနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရသူ တာဝန်ရှိ သူများနှင့် နိုင်ငံသားများအနေဖြင့် မြေပုံဆိုင်ရာ သတင်းအချက်အလက်များ လွယ်လင့်တကူ ရယူနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေသော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။

မြန်မာအမျိုးသားမြေပုံစနစ် စီမံကိန်းအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစိုးရအဖွဲ့အစည်းတစ်ခုချင်းစီကို သတင်းအချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် ဖြေရှင်းပေးနိုင်သည့်၊ အဖွဲ့အစည်းများဖြင့် အမြင်ရှင်းလာစေပြီး နည်းပညာဆိုင်ရာဌာနတွင်းအဖွဲ့အစည်း တစ်ရပ်ဖွဲ့စည်းစေခြင်းဖြင့် တန်ဖိုးရှိသည့် အချက်အလက်များရရှိစေရေး အစိုးရအဖွဲ့အစည်းအချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်လည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့သော လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်ကာလတွင် မြေယာ ခွဲဝေခြင်းနှင့် မြေယာစီမံခန့်ခွဲမှုများသည် လူမှုရေးနှင့် နိုင်ငံရေး အကျပ်အတည်းများကို ဖြစ်စေနိုင်သည့် အဓိကအကြောင်းအရင်းများဖြစ်သည့်အားလျော်စွာ အငြင်းပွားမှုများကို အရေးတယူ ဖြေရှင်း၍ စီမံခန့်ခွဲမှုပြုသည့် ချဉ်းကပ်မှုမျိုး အကျိုးသက်ဆိုင်သူအားလုံး ပေါင်းစပ်ပါဝင်၍အတူတကွ ညှိနှိုင်းမှုဖြစ်စဉ်မျိုးဖြင့် လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံမြေပုံစနစ်စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(One Map Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီက ဆောင်ရွက်သင့်သည့်အချက်များ**

မြန်မာနိုင်ငံအမျိုးသားမြေအသုံးချမှု မူဝါဒအပိုဒ် (၁၃)တွင် စိုက်ပျိုးမြေ၊ သစ်တောမြေနှင့် အခြားမြေဟူ၍ မြေအုပ်စု သုံးမျိုးသတ်မှတ်ထားပါသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ရာသီဥတုနှင့် ကောက်ပဲသီးနှံ အစီရင်ခံစာတွင် မြေအမျိုးအစား ၂၂ မျိုးကိုဖော်ပြပါရှိပါသည်။ အုပ်စု(၁)တွင် လယ်၊ ယာ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်၊ ဓနိနှင့်တောင်ယာဟူ၍မြေအမျိုးအစား ခြောက်မျိုးသတ်မှတ်ထားပါသည်။ အုပ်စု(၂)တွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောမြေ၊ တောရိုင်းနှင့်မြေရိုင်းဟူ၍ မြေအမျိုးအစား သုံးမျိုးသတ်မှတ်ထားပါသည်။ အုပ်စု(၃) တွင်သတ္တုတွင်းမြေ၊ ကျွဲနွားစားကျက်မြေ၊ မီးရထားလမ်းမြေ၊ လမ်းမြေ၊ ဆည်မြောင်း - ကန် - တာတမံမြေ၊ မြစ်ချောင်းနှင့်ရေအောက်မြေ၊ အင်းအိုင်မြေ၊ စက်ရုံမြေ၊ မြို့မြေ အတွင်းလူနေထိုင်သည့်မြေ၊ ရွာမြေ၊ လေယာဉ်ပျံကွင်းမြေ၊ သာသနာ-သုသာန်-အဆောက်အအုံ စသည့်မြေများနှင့် ကျန်အခြားမြေများဟူ၍ မြေအမျိုးအစား ၁၃ မျိုးခွဲခြားထားရှိပါသည်။ ၎င်းမြေ ၂၂ မျိုးနှင့် ပတ်သက်ပြီး မြေပုံကို One Map Myanmar က ဆောင်ရွက်ပေးနိုင်ပါက မြန်မာနိုင်ငံ မြေယာစီမံခန့်ခွဲမှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု ယူဆပါသည်။

*စာမျက်နှာ ၂၃ သို့*

# ကန်ကြီးထောင့် (အထက) ၌ ပြည်ပမှပြန်လာသူများအား ၁၄ ရက်တာ စောင့်ကြပ်ကြည့်ရှု

**ကန်ကြီးထောင့် မတ် ၂၉**

COVID-19 ရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား ၁၄ ရက်တာ စောင့်ကြပ်ကြည့်ရှုခြင်းကို ယမန်နေ့က စတင်ကာ (အထက)ကန်ကြီးထောင့်၌ ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား စနစ်တကျစာရင်း မှတ်တမ်းရေးသွင်းခြင်း၊ ကျား၊ မ အဆောင်များခွဲ၍ နေရာချထားပေးခြင်း၊ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများ စီစဉ်ပေးခြင်း၊ ခုတင်၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းများ၊ အမှိုက်ပုံးများ၊ ရေချိုးရန်နေရာ၊ အိမ်သာများကို စနစ်တကျပြင်ဆင်ပေးလျက်ရှိသည်။ လုံခြုံရေးဆိုင်ရာများအတွက် အပြင်စည်း၊ အတွင်းစည်းများကိုလည်း စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားသည်။

ယခုအချိန်အထိ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး နှစ်ဦးကို သီးခြားထားစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိကာ အားလုံးကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း၊ ထပ်မံရောက်ရှိလာမည့်သူများကိုလည်း သီးသန့်စောင့်ကြပ် ကြည့်ရှုစစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် COVID-19 ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောသည်။

(အထက)ကန်ကြီးထောင့်တွင် သီးခြားထားရှိသည့် ပြည်ပမှ ပြန်လာသူများ၏ ကျန်းမာရေးဆိုင်ရာများကို တကုန်းကြီးကျေးရွာ ကျန်းမာရေးမှူး ဦးညဏ်လင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်စောင့်ကြည့်စစ်ဆေးပေးမည်ဖြစ်ပြီး သံသယဖြစ်ဖွယ်လူတွေ့ရှိပါက တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး ဝတ်စုံအပြည့်ဝတ်၍ အရေးပေါ်ယာဉ်ဖြင့် ဆေးရုံသို့ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (KGD)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရန် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ မတ် ၂၇ ရက်က ဒေသခံအလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းစဉ်။

ကိုကျော် ( သုံးခွ)

# လားရှိုး၌ အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိနေ



**လားရှိုး မတ် ၂၉**

လားရှိုးမြို့ GoldenHill Hotel နှင့် သီတာအေးဟိုတယ် မိသားစုတို့က COVID-19 ရောဂါဖြစ်ပွားလာပါက အသုံးပြုနိုင်ရေးအတွက် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ရာ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က လက်ခံယူသည်။

လားရှိုးမြို့ရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံးသို့ ယနေ့နံနက်ပိုင်းက COVID-19 ရောဂါဖြစ်ပွားလာပါက အသုံးပြုနိုင်ရေးအတွက် အလှူရှင်များက လှူဒါန်းသော ငွေကျပ် သိန်း ၃၆၀ ကျော်ကို လက်ခံရရှိထားပြီး ဖြစ်သည်။

ထို့အပြင် အလှူရှင်များ၏ လှူဒါန်းမှုများကို အမှန်တကယ် လိုအပ် နေသော နေရာများ၌ အကျိုးရှိစွာဖြင့် အသုံးပြုနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး လှူဒါန်းမှုများကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက လက်ခံယူပြီး ကော်မတီအဖွဲ့က ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ရေဦးတွင် စောင့်ကြည့်လူနာဆောင်နှင့် လူအများဝင်ထွက်သွားလာမှုရှိသော နေရာဌာနများတွင် ပိုးသတ်ဆေးများ ပက်ဖျန်း

**ရေဦး မတ် ၂၉**

ရွှေဘိုခရိုင် ရေဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် မီးသတ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ ယမန် နေ့က လူအများဝင်ထွက်သွားမှုရှိသည့် မြန်မာ့ စီးပွားရေးဘဏ်၊ မြို့မဈေး၊ ဌာနဆိုင်ရာရုံးများ၊ တည်းခိုခန်းများ၊ ကားဂိတ်များ၊ ဆေးရုံ၊ မြို့မရဲစခန်းနှင့် စောင့်ကြည့်လူနာဆောင်များတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်သည်။

COVID – 19 ရောဂါကူးစက်မှု ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မြို့နယ်မီးသတ်စခန်းတို့က ထောက်ပံ့ပေးသော ပိုးသတ်ဆေးနဲ့ မြို့တွင်း ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ကူးစက်ရောဂါ ပျံ့နှံ့လို့ ဆေးဖျန်းနေတာ မဟုတ်ပါဘူး။ ဖြစ်မှဆေးဖျန်းတာထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှု လုပ်ထားမှထိရောက်မှာပါ။ ဒါပေမယ့် မြို့တွင်းနေရာအနှံ့ ပိုးသတ်ဆေးဖျန်းမယ်ဆိုပါက ဆေးလိုအပ်ချက်ရှိတယ်ဆိုပေမယ့် လက်ရှိမှာတော့ အလှူရှင်တွေက ဆေးပုံးနဲ့ အလှူငွေလာရောက် လှူဒါန်းတာရှိပါတယ်။ အလှူငွေတွေနဲ့ ပိုးသတ်ဆေးလည်း ထပ်တိုးမှာထားတယ်။ အခုလို ဆောင်ရွက်နိုင်အောင်လည်း အလှူရှင်တွေရဲ့ ဆေးပုံးနဲ့ အလှူငွေထည့်ဝင်လှူဒါန်းမှုတို့နဲ့ ဆောင်ရွက်တာဖြစ်ပြီး အလှူငွေတွေနဲ့ ပိုးသတ် ဆေးတွေ ထပ်မံဝယ်ယူကာ ပိုးသတ်ဆေး ဆက်လက် ပက်ဖျန်းပေးမှာ ဖြစ်ပါတယ်။ ပိုးသတ်ဆေးဖျန်းဖို့ လှူဒါန်းသလို တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး ဝတ်စုံတွေလည်း လုံလုံလောက်လောက်ဖြစ်အောင် လှူဒါန်းပေးစေချင်တယ်။ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံက ပိုအရေးကြီးတယ်” ဟု မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးက ပြောသည်။

**သန်းသန်း (ရေဦး)**

# COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် လှိုင်းဘွဲ့တွင် အလှူငွေများ လှူဒါန်း

**လှိုင်းဘွဲ့ မတ် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသုံးပြုရန် တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် လှိုင်းဘွဲ့ မြို့နယ်အတွင်း COVID-19 ရောဂါဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လွယ်ကူစေရန်နှင့် ထိရောက်စေရန် လိုအပ်နေသော ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပေးရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လှိုင်းဘွဲ့မြို့ မြို့မဘုန်းတော်ကြီးကျောင်း ဆရာတော် ဒေါက်တာ ဣန္ဒာစာရနှင့် အလှူရှင်များက တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံနှင့် ထောက်ပံ့ပစ္စည်းများကို လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ပိုင်ကျုံမြို့၊ ရှမ်းရွာသစ်မြို့၊ မြိုင်ကြီးငူ၊ ရွှေဂွန်းကျေးရွာရှိ ကျန်းမာရေးဦးစီးဌာနများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




COVID-19 ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် အလှူငွေပေးအပ်စဉ်။

# တပ်ကုန်းမြို့မဈေး ယာယီပိတ်မည်ဆိုသော သတင်းမှာ ကောလာဟလသတင်းသာဖြစ်

**တပ်ကုန်း မတ် ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြို့မဈေးယာယီပိတ်မည်ဆိုသော သတင်းစကားမှာ ကောလာဟလ သတင်းသာဖြစ်ပြီး ယနေ့နံနက်ပိုင်းက ပျံ့ကျဆိုင်ခန်း ၃၅၀၊ ဈေးအတွင်းဆိုင် ၁၀၉၂ ခန်းတွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့် ရောင်းဝယ်လျက်ရှိသည်။

“ဒီမြို့မဈေးမှာ COVID – 19 ရောဂါကာကွယ်ရေးအတွက် လက်ဆေးစင်တာတွေ၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေတာတွေ၊ အပူချိန်တိုင်း ကိရိယာတွေနဲ့ ဝန်ထမ်းတွေက လက်လှမ်းမီသရွေ့ ဆောင်ရွက်နေပါတယ်။ ယနေ့အချိန်အထိ ဈေးယာယီ ပိတ်ထားဖို့ ဘာညွှန်ကြားချက်မှ မရှိခဲ့ပါဘူး။ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ အနေနဲ့လည်း သတင်းအမှားတွေကို မယုံကြည်ကြဖို့ တိုက်တွန်းလိုက်ပါတယ်” ဟု မြို့မဈေးရုံးမှ တာဝန်ခံ ဦးစီးအရာရှိ ဦးဇော်ဝင်းက ပြောသည်။

**တင်စိုးလွင်**

*စာမျက်နှာ ၂၂ မှ*

ခရိုင် (၇၆) ခု၊ မြို့နယ် (၃၃၀)၊ မြို့ (၄၆၄)၊ ရပ်ကွက်(၃၄၃၁)၊ ကျေးရွာအုပ်စု(၁၃၅၉၇)၊ ကျေးရွာ(၆၃၂၆၄)ရွာတို့အတွက် အုပ်ချုပ်မှုဆိုင်ရာနယ်နိမိတ်မြေပုံများပြုစုထားရှိပြီး One Map Myanmar တွင် ထည့်သွင်းဖော်ပြထားသင့်ပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခု၊ ခရိုင် ၇၆ ခု၊ မြို့နယ် (၃၃၀) အတွက် ဒေသဆိုင်ရာအချက်အလက်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြုစုထားရှိပြီး ဖြစ်ပါသည်။ ဒေသဆိုင်ရာအချက်အလက်များတွင် ဒေသသမိုင်းအကျဉ်း၊ ပထဝီဝင်အနေအထား၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ လူမှုရေးဆိုင်ရာအချက်အလက်များ၊ ဘာသာရေးဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ အညွှန်းပြ မြေပုံများကို ဖော်ပြထားရှိပါသည်။ ၎င်းဒေသဆိုင်ရာ အချက်အလက် များကို လုံခြုံမှုအဆင့်အတန်းအရ စိစစ်ပြီး ထည့်သွင်း ဖော်ပြနိုင်မည့်အချက်အလက်များကို One Map Myanmar တွင်ထည့်သွင်း ဖော်ပြပေးပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဟု တင်ပြအပ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့် အချက်အလက်များကို One Map Myanmar တွင် ထည့်သွင်းဖော်ပြနိုင်ပါက ဌာနအလိုက်အရေးကြီးသော မြေအသုံးချမှုစီမံကိန်းများကိုစနစ်တကျ စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ One Map Myanmar စီမံကိန်းသည် မြန်မာနိုင်ငံ၏ မြေပုံစနစ်မှန်ကန်စေရေး၊ ကွင်းမြေပုံ မှန်ကန်စေရေးအတွက် များစွာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မိပါသည်။

## မြေပုံစနစ်မှန်ကန်ခြင်း

မြေပုံစနစ် မှန်ကန်ခြင်း၊ ကွင်းမြေပုံမှန်ကန်ခြင်း ရှိမှသာ မြေယာကို စနစ်တကျ စီမံခန့်ခွဲ နိုင်မည်ဖြစ်ပါ သည်။ မြေယာကိုစနစ်တကျစီမံခန့်ခွဲနိုင်မှသာ ဒေသတစ်ခု၏ မြေမျက်နှာသွင်ပြင် အခြေအနေ၊ ရေမြေ သဘာဝအခြေအနေ၊ ရာသီဥတု၊ မြို့မြေများ၊ မြေယာပိုင်ဆိုင်မှုများ၊ လူဦးရေ၊ လူမျိုးစုများအကြောင်း၊ ကိုးကွယ်သည့်ဘာသာအကြောင်း၊ အလုပ်အကိုင်များအကြောင်း၊ ဆည်မြောင်း၊ တာတမံ၊ အင်းများအကြောင်း၊ ရေသွင်းစိုက်ပျိုးမှုအကြောင်း၊ လယ်ယာလုပ်ငန်းမှအပ အခြားလုပ်ငန်းများအကြောင်း၊ ပြည်သူလူထု၏ ဝင်ငွေထွက်ငွေအကြောင်း၊ အခွန်အခများအကြောင်း၊ ကြွေးမြီများ အခြေအနေနှင့် လုံခြုံရေး ကိစ္စရပ်များကို မှန်မှန်ကန်ကန် သိရှိကာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်စေရေး စီမံခန့်ခွဲ လျက်ရှိသည့် ဆုံးဖြတ်ချက် ချမှတ်ပေးသူများအနေဖြင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချမှတ်ပေးကာ ကျွန်တော်တို့မျှော်မှန်းသည့် ဖက် ဒရယ်ဒီမိုကရေစီနိုင်ငံအဖြစ်သို့ မလွဲဧကန် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

# ပြည်ပမှပြန်လာသူများအား သီးသန့်ထား စောင့်ကြပ်ကြည့်ရှုရန် နေရာနှစ်ခုကို လှိုင်သာယာမြို့နယ်၌ ပြင်ဆင်ထားပြီးဖြစ်

**ရန်ကုန် မတ် ၂၉**

COVID-19 ကာကွယ်ထိန်းချုပ်ရေးကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးမှ လူဦးရေအများဆုံး နေထိုင်ရာ လှိုင်သာယာမြို့နယ်၌လည်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၀၀ ကျော်အား စာရင်းပြုစုထားကြောင်းနှင့် ရပ်ကွက်နေပြည်သူများ စိုးရိမ်စိတ်များ မဖြစ်ပေါ်စေရန်အတွက် ထပ်မံဝင်ရောက်လာမည့်သူများအား သီးသန့်ထားရှိကာ စောင့်ကြပ်ကြည့်ရှုသွားရန် အဆောက်အအုံနှစ်ခုကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

"မတ် ၂၈ ရက် နေ့လယ်မှာ အစည်းအဝေးထိုင်ကြပါတယ်။ ပြည်ပက ဝင်ရောက်လာသူတွေကို စာရင်းကောက်ယူပြီး သီးခြားထားစောင့်ကြည့်ဖို့ပါ။ အောင်မြေသာယာစေတီအနီးက သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်နဲ့ မြို့နယ်ခန်းမ နှစ်နေရာမှာ ပထမဆုံး စောင့်ကြပ်ကြည့်ရှုဖို့ ဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံဂိုဒေါင်တစ်ခုနဲ့ သုံးထပ်အဆောက်အအုံနှစ်ခုလည်း ရထားတာ ရှိပါတယ်။ လှိုင်သာယာမှာ ပြည်ပကဝင်လာတာ စာရင်းအရ ၂၀၀ ကျော်ရှိပြီး စောင့်ကြည့်တဲ့အခြေအနေပဲ ရှိပါတယ်၊ ရောက်လာနေတဲ့သူတွေကို သီးခြားစောင့်ကြပ်ထားရှိဖို့ ဒီနေ့စနေပါပြီ"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဦးဝင်းမောင်က ပြောသည်။

ပြည်ပနိုင်ငံများမှ ပြန်လာကြသူများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားဒေသများသို့မပြန်မီ လှိုင်သာယာမြို့နယ်တွင် ခေတ္တတည်းခိုနေထိုင်ကြခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်ပမှ ပြန်လာသူများထဲတွင် လှိုင်သာယာဒေသခံနှင့် ခေတ္တနားခိုနေသူများ ရောထွေးလျက်ရှိ၍ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများမှာ COVID-19 နှင့် ပတ်သက်၍ စိုးရိမ်လာကြခြင်းဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံက ပြန်ဝင်လာတဲ့ အလုပ်သမားနှစ်ယောက်ဟာ မကွေးနဲ့ မြန်အောင်ကို မပြန်ခင်မှာ အဆောင်မှာတည်းခိုနေတာ သတင်းကြားလို့ အဖွဲ့စုံနဲ့ စစ်ဆေးပြီး ဘယ်ကားနဲ့၊ ဘယ်နနာရီကားနဲ့ ထွက်ခွာမလဲဆိုတာ မှတ်တမ်းယူထားတာရှိတယ်။ ပြည်ပက ဝင်ရောက်လာသူတွေကို စစ်ဆေး စောင့်ကြပ်ကြည့်ရှုဖို့ ညွှန်ကြားထားပြီးသားဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ တစ်နိုင်ငံလုံးရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်နေပါလားဆိုတဲ့ အမျိုးသား ကျန်းမာရေးအသိ လူတိုင်းထားရှိဖို့ လိုပါတယ်" ဟု အမှတ် (၈) ရပ်ကွက်မှ အုပ်ချုပ် ရေးမှူးက ပြောသည်။

(၁၆၄)



ပြည်ပမှ ပြန်လာသူများအား သီးသန့်ထားရှိ စောင့်ကြပ်ကြည့်ရှုမည့် အောင်မြေသာယာ စေတီအနီးမှ သာသနာ့ဗိမာန်တော်ကြီး။
ဓာတ်ပုံ - အောင်သန်းဦး

## COVID-19 ပိုးတွေ့သူ ရောက်ရှိခဲ့သည့် ညောင်ဦးမြို့နယ်မှ နေရာအချို့၌ ဆေးဖျန်း

**ညောင်ဦး မတ် ၂၉**

ညောင်ဦးမြို့နယ် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ရောက်ရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ အသက် ၆၀ အရွယ် ဩစတြေးလျနိုင်ငံသား အမျိုးသမီးတွင် COVID-19 ရောဂါပိုး တွေ့ရှိခဲ့သဖြင့် ၎င်းနှင့် ထိတွေ့ခဲ့သူများအား သီးခြားခွဲထားခြင်းနှင့် ၎င်းရောက်ရှိခဲ့သည့် စားသောက်ဆိုင် လေးဆိုင်နှင့်အတူ စီးနင်းခဲ့သည့် မော်တော်ယာဉ်၊ စက်လှေနှင့် မြင်းလှည်းများကို မတ် ၂၈ ရက်က ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ ဩစတြေးလျနိုင်ငံသား အမျိုးသမီးမှာ မတ် ၁၇ ရက်က ညောင်ဦးမြို့နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်ထိတွေ့ခဲ့သည့် စက်လှေမောင်းသူ သုံးဦး၊ မြင်းလှည်းမောင်းသူ ခြောက်ဦး၊ ခရီးသွားလုပ်ငန်းမှ လေးဦး၊ ယာဉ်မောင်းနှင့် သူ၏ မိသားစုဝင် ငါးဦး၊ လူစီးမီးပုံးပျံကုမ္ပဏီမှ ၁၄ ဦး၊ စားသောက်ဆိုင် လေးဆိုင်မှ ၁၁ ဦးနှင့် တည်းခိုခဲ့သည့်ဟိုတယ်မှ ၁၅ ဦးတို့အား ရာဇဂြိုဟ်ဟိုတယ်၌ထားရှိ၍ အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်းကို ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်း ဩစတြေးလျနိုင်ငံသား အမျိုးသမီးနှင့်အဖွဲ့ အသုံးပြုခဲ့သည့် စက်လှေများ၊ မြင်းလှည်းများ၊ ကားများ၊ ရောက်ရှိခဲ့သည့် ယွန်းထည်ဆိုင်၊ စားသောက်ဆိုင်များနှင့် တည်းခိုခဲ့သည့် ဟိုတယ်တို့တွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးခရိုင် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

အဆိုပါ ဩစတြေးလျနိုင်ငံသား အမျိုးသမီးနှင့် ထိတွေ့ခဲ့သူများထဲမှ ပစ္စည်းသယ်ဆောင်သူ တစ်ဦးမှာ ဖျားခြင်း၊ လည်ချောင်းနာခြင်းများ ဖြစ်ပွားခဲ့သဖြင့် ညောင်ဦးပြည်သူ့ဆေးရုံ၌ ကုသပေးပြီး ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်းလည်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## နတ်တလင်း၌ ပြည်ပပြန်များအား နေရာ ၁၀ခုတွင် စောင့်ကြည့်နေ

**နတ်တလင်း မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများထဲမှ စောင့်ကြည့်ရန်လိုအပ်သူ အမျိုးသားနှင့် အမျိုးသမီး စုစုပေါင်း ၁၀၉ ဦးအား နေရာ ၁၀ ခုတွင် ခွဲခြားထားရှိ၍ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ မတ် ၂၈ ရက် ညနေ ၆ နာရီအထိ စာရင်းအရ နတ်တလင်းမြို့ အထကကျောင်းတွင် ၁၆ ဦး၊ ဒမငယ်ကျေးရွာ အထကတွင် ၁၇ ဦး၊ တာပွန်မြို့ အထကတွင် ၁၅ ဦး၊ အောင်ဇေယျာကျေးရွာ အထကတွင် ၁၂ ဦး၊ ချဉ်ယုတ်ကွင်းကျေးရွာ အထကတွင် ၂၅ ဦး၊ ပဲမခမ်းကျေးရွာ အလကတွင် ငါးဦး၊ ပွတ်စုကျေးရွာ အလကတွင် ၁၁ ဦး၊ ပေါက်တုန်းကျေးရွာ အလကတွင် နှစ်ဦးနှင့် ရေမွေးကျေးရွာ၌ နေအိမ်၌ သီးသန့်စောင့်ကြည့်သူ ခြောက်ဦးဖြစ်ကြောင်း၊ ထပ်မံ၍ ပြည်ပမှ ဝင်လာမည့်သူများကိုလည်း ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့် (နတ်တလင်း)**

## ညောင်တုန်းမြို့၌ ပြည်ပမှပြန်လာသူ ၇၁ ဦးအား နေရာ ခုနစ်ခုခွဲ၍ စောင့်ကြည့်နေ

**ညောင်တုန်း မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် COVID-19 ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား သီးခြားထားစောင့်ကြပ်ကြည့်ရှု စစ်ဆေးရန် နေရာ ခုနစ်ခုကို ပြင်ဆင်ထားကာ မတ် ၂၇ ရက်မှစ၍ အဆိုပါနေရာများတွင် ပြန်လာသူ ၇၁ ဦးကို ခွဲခြားထားရှိပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေး စောင့်ရှောက်မှုပေး၍ စောင့်ကြည့်လျက်ရှိသည်။

ပြည်ပမှ ပြန်ဝင်လာသူများအား ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုရန် သီးခြားထားရှိမည့် နေရာများအဖြစ် ညောင်တုန်းမြို့ပေါ် အထက(၁)ကျောင်းနှင့် ကျေးရွာများအနေဖြင့် သပြေချောင်းကျေးရွာ၊ ဆားမလောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ငှက်ပျောကျွန်းကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နတ်ပေးကျေးရွာတို့ရှိ စာသင်ကျောင်းများကို သတ်မှတ်ထားရာ မတ် ၂၇ ရက်က ပြည်ပမှ ပြန်လာသူများအား အဆိုပါနေရာများတွင် ထားရှိ၍ စတင်စောင့်ကြည့်နေပြီဖြစ်သည်။

ညောင်တုန်း အထက(၁)တွင် ၁၉ ဦး၊ အထက (ဆားမလောက်)တွင် ၁၄ ဦး၊ အထက(ခွဲ)(မဲဇလီ)တွင် ၁၁ ဦး၊ အထက သပြေချောင်းတွင် ခြောက်ဦး စုစုပေါင်း ၅၀ ကို မတ် ၂၇ ရက်က စတင်ထားရှိ၍ စောင့်ကြည့်ခဲ့ပြီး မတ် ၂၈ ရက်တွင် အထက(ချောင်းကြီး)၌ ခုနစ်ဦး၊ အထက(ဆားမလောက်)၌ ခုနစ်ဦး၊ အထက(ခွဲ)(မဲဇလီ)၌ ငါးဦး၊ အထက(ငှက်ပျောကျွန်း)တွင် တစ်ဦးနှင့် အထက(သပြေချောင်း)တွင် တစ်ဦး စုစုပေါင်း ၂၁ ဦး ထပ်မံရောက်ရှိလာ၍ နှစ်ရက်ပေါင်း လူဦးရေ ၇၁ ဦး ရှိပြီဖြစ်ကြောင်း၊ အဆိုပါ စောင့်ကြပ်ကြည့်ရှုရန် သီးခြားထားရှိသော နေရာခုနစ်ခုတွင် လိုအပ်သည်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝဋ္ဌာနိုင် (ညောင်တုန်း)**

## ဝက်လက်မြို့၌ စောင့်ကြည့်ခံမည့်သူများအား ထားရှိမည့် နေရာများကို ပိုးသတ်ဆေးဖျန်း

**ဝက်လက် မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ထိုင်းနိုင်ငံမှပြန်လာသူ ငါးဦးအား ပင်းဇင်းကျေးရွာရှိ အလယ်တန်းကျောင်း၌ ထားရှိစောင့်ကြည့်သွားမည်ဖြစ်ရာ အဆိုပါနေရာကို ဝက်လက်မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ထွန်းလေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၂၈ ရက်က ပိုးသတ်ဆေးများ ဖျန်းပေးခြင်းနှင့် ပြည်ပမှ ပြန်လာသူများအား လာရောက်ပို့ဆောင်ပေးသည့် လွတ်လပ်ပရဟိတ လူမှုရေးအသင်း၏ မော်တော်ယာဉ်ကိုလည်း ပိုးသတ်ဆေးများဖျန်းပေးခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။ **မိုးသောက်(ရွှေဘို)**

## ကျွန်းစုမြို့၌ ဆန်ဈေးမတက်စေရန် ၁၀ ပြည်ဝင် ဆန်အိတ် ၇၀၀ ကို ဖြန့်ဝေရောင်းချပေး

**ကျွန်းစု မတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် COVID-19 ဆိုင်ရာ အခြေအနေများကြောင့် ပြည်သူများကြား ဆန်ပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးနှင့် ဆန်ရောင်းချနေသူများအနေဖြင့် ဈေးမြှင့်တင်ရောင်းချမှုများ မရှိစေရေးအတွက် ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်ကာ ၁၀ ပြည်ဝင် ဆန်အိတ် ၇၀၀ ကို မတ် ၂၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ မြို့နေပြည်သူများထံသို့ ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အစီအစဉ်ဖြင့် ဆန်အရောင်းဆိုင်ကြီးများနှင့် ချိတ်ဆက်ကာ ပင်ရင်းဆန်ဆိုင်မှ အရင်းဈေးနှုန်းအပေါ် သယ်ယူစရိတ်နှင့် အလုပ်သမားခ အနည်းငယ်သာ ထပ်ပေါင်း၍ ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ၁၀ ပြည်ဝင်ဆန်အိတ် တစ်အိတ်လျှင် ကျပ် ၁၁၅၀၀ နှုန်းဖြင့် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ပြည်သူများထံသို့ ခွဲဝေရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ရောင်းချနေသော ဆန်အိတ်များ ကုန်သွားမည်ဆိုလျှင်လည်း ထပ်မံမှာယူ၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**



ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ဆန်အိတ်ဝယ်ယူလာသည့် ပြည်သူတစ်ဦး

## COVID-19 ကာကွယ်ရေး ဝမ်းတွင်းမြို့နယ်၌ ပညာပေး

**ဝမ်းတွင်း မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သပြေရိုးကျေးရွာနေ ပြည်သူများအား COVID-19 ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့်အတူ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ယဉ်ထွေးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၈ ရက်က ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သွန်းဝသန်**

## မြောက်ဥက္ကလာပမြို့နယ်၌ ပိုးသတ်ဆေးဖျန်းပေး

**ရန်ကုန် မတ် ၂၉**


ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အရန်မီးသတ်တပ်ဖွဲ့အနေဖြင့် COVID-19 ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မတ် ၂၉ ရက်က (၁)ရပ်ကွက်အတွင်းရှိ မိတ္တာလမ်းများနှင့် သဇင်လမ်း၊ ဘုန်းကြီးလမ်း တစ်လျှောက်၌ ဆောင်ရွက်ခဲ့သည်။ ပိုးသတ်ဆေးဖျန်းရာတွင် အလှူရှင်များက စီစဉ်လှူဒါန်းပေးသည့် Sodium hypochlorite ဆေးရည်များကို ဖျန်းခဲ့ခြင်းဖြစ်ပြီး ပိုးသတ်ဆေးဖျန်းနေမှုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **မြမြဝင်း(ပြန်/ဆက်)**

# COVID-19 အတွက် အထောက်အကူဖြစ်စေရန် ဝက်ဘ်ဆိုက်၊ ဖုန်းအက်ပလီကေးရှင်းနှင့် ဖေ့စ်ဘုတ် Chat bot ကို လူငယ်နည်းပညာရှင်များ ပြုလုပ်ထား

ရန်ကုန် မတ် ၂၉

ပြည်တွင်းမှ ပြည်သူများအနေဖြင့် COVID-19 နှင့်ပတ်သက်သော သတင်းမှန်များကို ပိုမိုရရှိရန်နှင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် CoronaHelp Myanmar ဝက်ဘ်ဆိုက်၊ အန်းဒရွိုက်အက်ပလီကေးရှင်းနှင့် ဖေ့စ်ဘုတ်မှ သတင်းအချက်အလက်များ အလိုလျောက် ပြန်ပြောပေးသည့် Chat bot တို့ကို CoronaHelp Myanmar အဖွဲ့က ပြုလုပ်ထားပြီဖြစ်သည်။

ဝက်ဘ်ဆိုက်လိပ်စာမှာ https://coronahelpmm.org/ ဖြစ်ပြီး မတ် ၂၆ ရက်တွင် စတင် အွန်လိုင်းတင်ဖြစ်ခဲ့၍ ဝင်ရောက်ကြည့်ရှုနိုင်ပြီး အန်းဒရွိုက်ဖုန်းများအတွက် အက်ပလီကေးရှင်းကိုလည်း CoronaHelp MM အမည်ဖြင့် ထိုနေ့မှာပင် ဖြန့်ဝေခဲ့ပြီးဖြစ်သည်။ အက်ပလီကေးရှင်းကို အထက်ပါဝက်ဘ်ဆိုက်သို့ဝင်၍ပင် ဒေါင်းလုပ်ဆွဲ ရယူနိုင်မည်ဖြစ်သည်။ ဝက်ဘ်ဆိုက်၏ ပင်မစာမျက်နှာတွင် ဒေါင်းလုပ်ဆွဲနိုင်မည့် Link နှင့်အတူ COVID-19 ဆိုင်ရာ Surveillance Dashboard ကိုလည်း ကြည့်ရှုနိုင်သည်။ နောက်ဆုံးရသတင်းများနှင့် ဝက်ဘ်ဆိုက်ကို တည်ထောင်သူ၊ ပူးပေါင်းကူညီသူများ၏ အချက်အလက်များကိုလည်း ပင်မစာမျက်နှာမှာပင် ဖော်ပြထားသည်။



CoronahelpMM ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် COVID-19 Surveillance Dashboard

"Coronahelpmm ကို ကျွန်တော်တို့ Confirm Case ပထမဆုံး စမတွေ့ခင်ကတည်းက စဉ်းစားနေခဲ့တာပါ။ ရင်းနှီးတဲ့ မိတ်ဆွေအချို့နဲ့ တိုင်ပင်ခဲ့တယ်။ ဖြစ်လာတဲ့အခါ ကျွန်တော်တို့ ဘယ်နေရာကနေ ကူညီနိုင်မလဲလို့ အခြေပြုပြီး စတင်ခဲ့တာပါ။ ဝက်ဘ်ဆိုက်ကတော့ ကျွန်တော်တို့ Plan တွေချပြီးနောက် အက်ပလီကေးရှင်း ထွက်လာဖို့ ပြင်ဆင်ပြီးတဲ့နောက် ၂၆ ရက်နေ့မှာ စတင်ပြီး အွန်လိုင်းမှာ တင်ခဲ့ပါတယ်။ အဓိကကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက COVID-19 နဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက်၊ စီမံချက်တွေ၊ ဆောင်ရန် ရှောင်ရန်၊ သိရှိအပ်တဲ့အရာတွေကို ဖော်ပြထားပါတယ်။ WHO က ထုတ်ပြန်ချက်တွေကို ဘာသာပြန်ပြီး တင်ပြတာတွေလည်း ရှိပါတယ်။ နောက်ထပ်ကတော့ ပြည်တွင်းသတင်းမီဒီယာတွေရဲ့ သတင်းတွေကိုလည်း စုစည်းပြီး ဝေမျှပေးတာမျိုးလည်း ရှိပါတယ်။ သတင်းအချက်အလက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ MOHS ဝက်ဘ်ဆိုက်ကနေ အဓိက ယူသလို MOHS Facebook page ကနေလည်း ယူတာရှိပါတယ်။ နောက်ထပ် လိုအပ်မယ့် feature တွေကိုလည်း ထပ်မံထည့်သွင်းဖို့ လုပ်နေပါတယ်"ဟု CoronaHelp Myanmar အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဝက်ဘ်ဆိုက်တွင် တင်ပေးနေသည့် သတင်းအချက်အလက်များကို Update ဖြစ်ရန် အတတ်နိုင်ဆုံး ကြိုးစားနေပြီး အချိန်အနည်းငယ်အတွင်း Update ဖြစ်အောင် လုပ်ပေးနေကြောင်း၊ ဝက်ဘ်ဆိုက်တွင် ယူနီကုဒ်ကို အဓိက သုံးထားသော်လည်း ဇော်ဂျီအသုံးပြုနေသူတွေများအတွက်လည်း ဖတ်၍ အဆင်ပြေအောင် လုပ်ပေးထားကြောင်း သိရသည်။

ဝက်ဘ်ဆိုက်နှင့် အက်ပလီကေးရှင်းကို COVID-19 နှင့်ပတ်သက်၍ လူငယ် နည်းပညာရှင်များ စုပေါင်းပါဝင်သော CoronaHelp MM အဖွဲ့သားများဖြင့် လည်ပတ်နေပြီး COVID-19 ကိစ္စများ မပြီးမချင်း လည်ပတ်နေဦးမည်ဖြစ်ကြောင်း၊ အသိပညာပေးခြင်းနှင့် သတင်းမှန်ဖြန့်ဝေခြင်းတို့မှာ ယခုလို ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေအနေတွင် အရေးကြီးသည့်နေရာမှ ပါဝင်ကြောင်း၊ ဝက်ဘ်ဆိုက်၊ အက်ပလီကေးရှင်းနှင့် Chat bot ပြုလုပ်သည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသားများအနေဖြင့် COVID-19 ကို ရင်ဆိုင်ရသည့်နေရာတွင် တတ်နိုင်သည့် ထောင့်တစ်ခုမှ ဝင်ရောက်ကူညီပေးချင်၍ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

မိုဘိုင်းအက်ပလီကေးရှင်းနှင့် ပတ်သက်၍လည်း "အက်ပလီကေးရှင်းက ကျွန်တော်တို့ဝက်ဘ်ဆိုက်က ဒေတာတွေကို ပြန်ချိတ်ပေးထားတာပါ။ လက်ရှိ အချို့ဖုန်းတွေမှာ အဆင်မပြေတာတွေ ရှိပါသေးတယ်။ ဇော်ဂျီနဲ့ဆိုဖတ်လို့ အဆင်မပြေတာမျိုး စသည်ဖြင့် ပြန်ပြီး feedback ပေးတာမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ရက်သုံးရက်အတွင်းမှာ အပြီး ရေးထားတာဖြစ်တဲ့အတွက် လိုအပ်ချက်တွေ ရှိပါတယ်။ မကြာခင်အချိန်တွင်းမှာ Bug တော်တော်များကို Fix လုပ်ပြီး Release ထပ်လုပ်ပေးဖို့ရှိပါတယ်။ အဆင်မပြေတဲ့ တချို့ error တွေလည်း အဆင်ပြေသွားစေမှာပါ"ဟု ၎င်းက ပြောသည်။

အက်ပလီကေးရှင်းကို စတင်ဖြန့်ဝေသည့် မတ် ၂၆ ရက်မှ ၂၉ ရက် နံနက်အထိ ဒေါင်းလုပ်အရေအတွက် ၂၀၀၀ နီးပါး ရှိပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အန်းဒရွိုက်ဖုန်းများအတွက် အက်ပလီကေးရှင်းကိုသာ ထုတ်ပေးထားနိုင်ပြီး iOS များအတွက် ထုတ်ပေးနိုင်ရန် မလွယ်ကူသေးကြောင်း၊ apple ၏ အက်ပလီကေးရှင်းစတိုးတွင် COVID-19 နှင့်ပတ်သက်သည့် အက်ပလီကေးရှင်းမျိုးကို တရားဝင် အဖွဲ့အစည်းများမှမဟုတ်လျှင် တင်၍မရသည့် ကန့်သတ်ချက်ရှိနေ၍ အဆင်မပြေသေးခြင်းဖြစ်ကြောင်း သိရသည်။

CoronaHelp Myanmar ဖေ့စ်ဘုတ်စာမျက်နှာကိုမူ ဆိုရှယ်မီဒီယာမှတစ်ဆင့် လူအများအား Awareness ပေးနိုင်ရန်နှင့် Chat Bot နှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ရန် ရည်ရွယ် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ Chat bot ကို အသုံးပြုရန်အတွက် https://www.messenger.com/t/CoronaHelpMM လင့်မှဖြစ်စေ၊ ဖေ့စ်ဘုတ်တွင် CoronaHelp Myanmar ဟုရှာဖွေ၍ အဆိုပါစာမျက်နှာသို့ ဝင်ရောက်ပြီး Send Message ကိုနှိပ်၍ဖြစ်စေ အသုံးပြုနိုင်မည်ဖြစ်သည်။

"Page နဲ့ပတ်သက်ပြီးတော့ မန္တလေး ကွန်ပျူတာတက္ကသိုလ် ကျောင်းသားများသမဂ္ဂ(UCSMSU)က အတူလာရောက်ပူးပေါင်းပြီး ကူညီထားပါတယ်။ Awareness အတွက် ပို့စ်တွေ၊ Video တွေ၊ Comic တွေကို UCSMSU က ကူညီပေးမှာဖြစ်ပါတယ်။ Chat Bot ကနေ ဆောင်ရန်ရှောင်ရန်တွေအပြင် အရေးပေါ် ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ၊ ပြည်တွင်းသတင်းမီဒီယာတွေက တင်ပေးတဲ့ COVID-19 နဲ့ပတ်သက်တဲ့ သတင်းတွေကို စုစည်းပေးတာမျိုးတွေ ပါဝင်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

CoronaHelp Myanmar အဖွဲ့သည် ပြည်သူများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ၊ WHO မှ ထုတ်ပြန်ချက်များနှင့် တရားဝင် သတင်းမီဒီယာများမှ သတင်းများကို ပြည်သူများ အလွယ်တကူ ဖတ်ရှုနိုင်အောင် စုဆောင်းထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ လူငယ်နည်းပညာရှင် အတတ်ပညာရှင် Volunteer များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့တစ်ခုဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# MPT သုံးစွဲသူများ ဆင်းကတ်မှတ်ပုံတင်ခြင်းဖြင့် 100 MB မိုဘိုင်းဒေတာနှင့် MPT Money ၁၀၀၀ ကျပ် ဆုလက်ဆောင်ရယူနိုင်မည်

ရန်ကုန် မတ် ၂၉

MPT ဆင်းကတ်များကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမတိုင်မီမှစ၍ အသုံးပြုနေခဲ့သော သုံးစွဲသူများအနေဖြင့် MPT4U အက်ပလီကေးရှင်းနှင့် care.mpt.com.mm ဝက်ဘ်ဆိုက်တို့မှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့် ဆင်းကတ်မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပါက မိုဘိုင်းဒေတာ 100 MB အပိုဆုပေးမည့် အစီအစဉ်ကို MPT က ပြုလုပ်ထားကြောင်း မတ် ၂၆ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

မတ်လ ၇ ရက်မှစ၍ ဆင်းကတ်များကို အချက်အလက်မှန်ကန်စွာဖြင့် ပြန်လည်ပြင်ဆင် ဖြည့်စွက်ထားသော MPT သုံးစွဲသူများသည် အဆိုပါ 100MB အပိုဆုလက်ဆောင်ကို ခံစားခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် မတ် ၁၉ ရက်မှ ၃၁ ရက်အတွင်း MPT4U Application မှတစ်ဆင့် မိမိ၏ အချက်အလက်များဖြင့် မှန်ကန်စွာ ပြန်လည်ပြင်ဆင်ဖြည့်စွက်၍ မှတ်ပုံတင်သည့် MPT သုံးစွဲသူများအား ၎င်းတို့၏ MPT Money အကောင့်ထဲသို့ ဆုလက်ဆောင် ငွေကျပ် ၁၀၀၀ စီကိုလည်း ဧပြီ ၂၄ ရက်တွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုငွေကို MPT Money လက်ခံသောဆိုင်များတွင် ဈေးဝယ်ခြင်း၊ ဖုန်းငွေဖြည့်သွင်းခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် ငွေထုတ်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ MPT Money အကောင့်မရှိသေးသူများအနေဖြင့် အက်ပလီကေးရှင်းကို Android ဖုန်းအတွက် bit.ly/MPTMoneyAndroid မှတစ်ဆင့်လည်းကောင်း၊ iOS အတွက် http://bit.ly/MPTMoney_iOS မှလည်းကောင်း ဒေါင်းလုပ်ဆွဲ၍ ဖုန်းတွင်ထည့်သွင်းကာ ဖုန်းနံပါတ်၊ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်များဖြင့် Account ဖွင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT အနေဖြင့် သုံးစွဲသူများအား ၎င်းတို့၏ ဆင်းကတ်များကို မှတ်ပုံတင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ဆင်းကတ်မှတ်ပုံတင်ပေးခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ သုံးစွဲသူများအနေဖြင့် အွန်လိုင်းမှသာမက မိမိတို့နှင့် အနီးဆုံးတွင်ရှိသည့် MPT Own Shop များနှင့် MPT အမှတ်တံဆိပ်စတိုးဆိုင်များတွင်လည်း ဆင်းကတ်မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သူရဖြိုး**

New Product

# ကြီးမားတဲ့ မျက်နှာပြင်နဲ့ ကင်မရာစွမ်းဆောင်ရည် ကောင်းမွန်တဲ့ OPPO A31

OPPO A31 ဟာ နိုင်ငံတကာမှာ ဖေဖော်ဝါရီလအတွင်းက စတင်ပြသခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ မတ်လကုန်ပိုင်းမှာမှ ဝင်ရောက်လာတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ ကိုယ်ထည်ဒီဇိုင်းပိုင်း လှပခြင်း၊ မျက်နှာပြင်အရွယ်အစားက သာမန်ထက်ပိုကြီးမားခြင်း၊ ကင်မရာပိုင်းစွမ်းဆောင်ရည် ကောင်းမွန်ခြင်းနဲ့ ဈေးနှုန်းပိုင်းကလည်း အသင့်အတင့်ရှိခြင်း စတဲ့ အားသာချက်တွေကြောင့် အရည်အသွေးပိုင်းမှာ အမြင့်ဆုံးမဟုတ်ပေမယ့် ဈေးကွက်ထဲမှာ စိတ်ဝင်စားမှုခံနေရတဲ့ ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားပြီး ဆယ်လ်ဖီကင်မရာအတွက် Waterdrop နေရာနဲ့ အောက်ဘက်ပေါင်နေရာက လွဲရင် မျက်နှာပြင်အပြည့်နီးပါးဖြစ်ပါတယ်။ Resolution ပိုင်းက 1600x720 (HD+) အရည်အသွေးရှိလို့ ရုပ်ထွက်ပိုင်းကောင်းမွန်ပြီး Eye Protection Mode လည်း ပါဝင်လို့ အချိန်ကြာကြာ ရုပ်ရှင်ကြည့်၊ အင်တာနက်သုံး၊ ဂိမ်းဆော့သူတွေအတွက် မျက်လုံးကိုအန္တရာယ်ဖြစ်စေမယ့် ထိခိုက်မှုတွေကနေ လျော့ကျစေနိုင်မှာ ဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 9.0(Pie)ကို OPPO ရဲ့ ColorOS 6.1 နဲ့တွဲပြီး ထုတ်လုပ်ထားပါတယ်။ Chipset က MediaTek ဖြစ်တာကြောင့် တန်ဖိုးမြင့်ဖုန်းတွေနဲ့ယှဉ်ရင် နိမ့်နေပေမယ့် ဈေးနှုန်းပိုင်းအရကြည့်ရင်တော့ ထိုက်တန်ပါတယ်။ CPU က 2.3GHz Octa-core Processor ကို ထည့်သွင်းထားလို့ ဂိမ်းအမျိုးမျိုးကို အထစ်အငေါ့မရှိ ကစားနိုင်မှာဖြစ်ပြီး ဘက်ထရီစားနှုန်းကိုလည်း သာမန်ထက် သက်သာစေနိုင်မှာဖြစ်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းမှာတော့ နိုင်ငံတကာ ဈေးကွက်မှာ 4GB/64GB နဲ့ 4GB/128GB လို့ နှစ်မျိုးခွဲပြီး ထုတ်လုပ်ထားပြီး ပြည်တွင်းဈေးကွက်မှာတော့ 4GB/128GB တစ်မျိုးတည်းကိုသာ မိတ်ဆက်ထားသေးတာ တွေ့ရပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးဖို့အတွက် သီးခြားအပေါက် ပါဝင်ပြီး ဆင်းကတ်က GSM ဆင်းကတ် နှစ်ကတ် ထည့်သုံးနိုင်ပါတယ်။

OPPO စမတ်ဖုန်းတွေဟာ ကင်မရာပိုင်းကောင်းမွန်တယ်လို့ လူသိများသလို ဒီဖုန်းမှာလည်း ကင်မရာပိုင်းကို ကောင်းမွန်အောင် ပြုလုပ်ထားပါတယ်။ ကျောဘက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနဲ့အတူ ၂ မဂ္ဂါပစ်ဇယ် (Depth Sensor)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ် (Macro)ကင်မရာတွေပါဝင်တဲ့ triple ကင်မရာဖြစ်ပါတယ်။ ဒါ့အပြင် ဆော့ဖ်ဝဲပိုင်း လုပ်ဆောင်ချက်တွေကြောင့် စိုပြည်တောက်ပတဲ့အရောင်တွေ ရရှိစေမယ့် Dazzle Color mode၊ အနီးကပ်အရာဝတ္ထုတွေကို အသေးစိတ် ကြည်လင်စွာ ဖော်ပြပေးနိုင်မယ့် Macro Lens နဲ့ Portrait mode, Bokeh စတဲ့ လုပ်ဆောင်ချက်တွေကိုလည်း သုံးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက်ဆယ်လ်ဖီကင်မရာကလည်း ၈ မဂ္ဂါပစ်ဇယ်ရှိပြီး AI Beautification လုပ်ဆောင်ချက် ပါဝင်လို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အကြိုက်တွေ့စေမှာဖြစ်ပါတယ်။



ဘက်ထရီပိုင်းမှာ 4230 mAh ပမာဏရှိတဲ့ Li-Po ဘက်ထရီပါလို့ ဘက်ထရီပိုင်းအနေနဲ့လည်း ကောင်းမွန်ပါတယ်။ Fingerprint Scanner ဟာ ဖုန်းကိုယ်ထည်ရဲ့ နောက်ဘက်မှာပဲ ပါဝင်ပြီး ထူးခြားချက်အနေနဲ့ Facial Unlock စနစ်ကိုလည်း အသုံးပြုနိုင်ပါတယ်။ Smart Assistant နဲ့ Smart Sidebar စတဲ့ လုပ်ဆောင်ချက်အသစ်တွေလည်း ပါဝင်ပါတယ်။ USB ကတော့ microUSB 2.0 ဖြစ်ပြီး On-The-Go စနစ်ကို ထောက်ပံ့ပေးထားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အဖြူနဲ့ အနက် အရောင်နှစ်မျိုးပဲ ရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၂၄၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# ပေါက်မြို့နယ် ကန်သာကုန်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်နေ



**မကွေး မတ် ၂၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ချိုင်ဇောက်ကျေးရွာအုပ်စု ကန်သာကုန်းကျေးရွာ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မတ်လ ဒုတိယပတ်မှစ၍ ပေါက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ စက်ရေတွင်း တူးဖော်ခြင်း ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

ပေါက်မြို့နယ် ချိုင်ဇောက်ကျေးရွာအုပ်စု ကန်သာကုန်းကျေးရွာသည် အိမ်ခြေ ၇၂ အိမ်၊ လူဦးရေ ၃၉၉ ဦး ရှိပြီး ယခင်က ကျေးရွာပိုင် စက်ရေတွင်းမရှိသောကြောင့် နွေရာသီကာလ ရောက်တိုင်း သောက်သုံးရေရှားပါးမှု အခက်အခဲများ နှစ်စဉ်ကြုံတွေ့ခဲ့ရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ကန်သာကုန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၇ သန်းဖြင့် လေးလက်မ အကျယ် အနက်ပေ ၁၀၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း ဆောင်ရွက်ပေးနေကြောင်း၊ လက်ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး တွင်းဆေးလေမှုတ်ခြင်း ဆောင်ရွက်ရာ ရေဂါလန် ၁၈၀၀ ထွက်ရှိကြောင်း၊ ကျန်ရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်တောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း မကြာမီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသန့်က ပြောသည်။

ပေါက်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကန်သာကုန်းကျေးရွာ အပါအဝင် ငွေ့ကြီးယို၊ လက်ပံလှ၊ ရွာသာအေး စသည့်ကျေးရွာလေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် သောက်သုံးရေရရှိရေး လုပ်ငန်းလေးခုကို ငွေကျပ် ၈၇ ဒသမ ၆၇ သန်းဖြင့်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ပွင့်ဖြူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ပွင့်ဖြူ မတ် ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ယောစုကျေးရွာနှင့် ရွာသစ်ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မတ် ၂၇ ရက်က ကျေးရွာနေပြည်သူများ စုပေါင်း၍ ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း စတင်ဖောက်လုပ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဖောက်လုပ်သည့် ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းမှာ လမ်းအရှည်ပေ ၅၀၀၀ ရှိပြီး ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် သိန်း ၅၀ ခွင့်ပြုချထားပေးခဲ့ကြောင်း သိရသည်။ ယင်းကျေးရွာချင်းဆက်လမ်းကို ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ဦးဆောင်ကာ ဒေသခံပြည်သူများ စုပေါင်း၍ လမ်းအကျယ် ၁၂ ပေ ၊ ထု ၆ လက်မ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးသွားပါက သရက်အုပ်ကျေးရွာအုပ်စုအတွင်းရှိ ယောစုကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ရွာသစ်ကျေးရွာတို့ အပါအဝင် ကျေးရွာပေါင်းခြောက်ရွာမှ ဒေသခံကျေးလက်နေပြည်သူများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အတွင်း တိုင်းဒေသကြီးလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၁ ခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ငဖဲမြို့နယ် ပဒါန်းနယ်မြေမီးသတ်စခန်းနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံရာနှုန်းပြည့် တည်ဆောက်ပြီးစီး




**ငဖဲ မတ် ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းနယ်မြေ မီးသတ်စခန်းအဆောက်အအုံနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်၍ မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ယမန်နေ့ က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆောက်အအုံသည် အလျား ၄၅ ပေ၊ အနံ ၃၉ ပေ၊ အမြင့် ၁၅ ပေရှိ အာစီတစ်ထပ်အမျိုးအစားဖြစ်သည်။ လေးခန်းတွဲဝန်ထမ်းအိမ်ရာသည် အလျားပေ ၄၀ ၊ အနံပေ ၃၀ ၊ အမြင့် ၁၁ ပေရှိပြီး တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံဖြင့် တင်ဒါအောင် ကုမ္ပဏီက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၇ ရက်က စတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် မတ် ၂၈ ရက်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

**မယု (ငဖဲ)**

# မြိုင်ကြီးငူအထူးဒေသရှိ နေရပ်စွန့်ခွာ မိသားစုဝင်များအား COVID-19 ရောဂါဆိုင်ရာအသိပညာပေး

**ဘားအံ မတ် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ နေရပ်စွန့်ခွာ မိသားစုဝင်များအား COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာ ပေးခြင်း၊ စနစ်တကျလက်ဆေးခြင်း အလေ့အထရှိစေရေးအတွက် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ယမန်နေ့က စတင်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် COVID-19 ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်ရမည့် နည်းလမ်းများကို လိုက်လံအသိပညာပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေး ဗီနိုင်းများ ပြသပေး၍ အကြောင်းအရာပါအချက်များအား ရှင်းလင်းပေးခြင်း၊ စနစ်တကျလက်ဆေးခြင်းများကို လက်တွေ့ပြသပေးပြီး သက်ကြီးရွယ်အိုများအား လက်ဆေးဆပ်ပြာများ ပေးဝေခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ် သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦး အတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ ခန္တီးမြို့၌ တွေ့ဆုံပွဲပြုလုပ်




**ခန္တီး မတ် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် COVID-19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး ရှမ်း တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်မွေးမွေးခင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲကို ယမန်နေ့က ခရိုင်အထွေထွေ အစည်းဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လာရောက်ခြင်းဖြစ်ကြောင်း၊ COVID-19 ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို တင်ပြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက ခရိုင်အတွင်း ကြိုတင်ကာကွယ်ရေးဆပ်ကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို တင်ပြကြသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်း ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို ခန္တီးခရိုင်ပြည်သူ့ဆေးရုံသမားတော်ဒေါက်တာကျော်သီဟထံ ပေးအပ်ခဲ့ပြီး COVID-19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအတွက် ကျောက်မျက် တူးဖော်ရေးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းဝေက ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**စနေမောင် (ခန္တီး)**

# ဂန့်ဂေါဒေသတွင် နွေနှမ်းသီးနှံစမ်းသပ်စိုက်ပျိုးလျက်ရှိ

**ဂန့်ဂေါ မတ် ၂၉**
ဂန့်ဂေါမြို့နယ်အတွင်း နွေနှမ်းသီးနှံကို စမ်းသပ်စိုက်ပျိုးလျက်ရှိရာ ရေသွင်းခြင်း၊ ထွန်ယက်ခြင်း၊ မြေပြင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး အချို့မှာ ယခုအခါ နှမ်းပင်ပေါက်များ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲလာမှုကြောင့် မြစ်ချောင်းနှင့် ဆည်များမှ ရေရရှိနိုင်မှုမရှိသဖြင့်နွေနှမ်းကို စိုက်ပျိုးနိုင်ခြင်း မရှိခဲ့သည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်ရာ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာအကူအညီ၊ မြို့နယ်ဦးစီးမှူး၏ မျိုးစေ့နှင့် ဓာတ်မြေဩဇာထောက်ပံ့မှုတို့ဖြင့် ချောင်းနက်ကျေးရွာတွင် နွေနှမ်း လေးဧကကို ရေစုပ်စက်ဖြင့် ရေတင်၍ စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသည့်မျိုးများမှာ ဆင်းရတနာ(၃) နှင့် ဆင်းရတနာ (၁၄) မျိုးများဖြစ်ကာ အဆိုပါမျိုးများ၏ ဖြစ်ထွန်းအောင်မြင်နိုင်မှုနှင့် ဒေသနှင့်ကိုက်ညီမှုရှိမရှိတို့ကိုပါ သိရှိနိုင်ရန် စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **၁၄၄**



ဂန့်ဂေါဒေသတွင် နွေနှမ်းသီးနှံစိုက်ပျိုးနေသည့် လုပ်ငန်းခွင်။

# YRTA ရုံး၌ City Taxi မှတ်ပုံတင်ခြင်းနှင့် ကုန်စည်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ရပ်နားထား

**ရန်ကုန် မတ် ၂၉**
COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် YRTA ရုံး၌ City Taxi မှတ်ပုံတင်ခြင်းနှင့် ကုန်စည်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ရပ်နားထားကြောင်း သိရသည်။ နေ့စဉ် YRTA ရုံးတွင် City Taxi အစီးရေ ၁၅၀ မှ ၂၅၀ အထိ မှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ဧပြီ ၃၀ ရက်နောက်ပိုင်းမှ ပြန်စနိုင်ရန် လူစုလူဝေးဝန်ဆောင်မှုလုပ်ငန်းများကို ရပ်နားထားကြောင်း သိရသည်။

"လူစုလူဝေးမှာ COVID-19 ရောဂါလျင်မြန်စွာ ကူးစက်နိုင်တဲ့အတွက် လူစုလူဝေးမဖြစ်အောင် YRTA ရုံးမှာ City Taxi မှတ်ပုံတင်ခြင်းနဲ့ ကုန်စည်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရပ်နားထားတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ကြေညာချက်အတိုင်း ဧပြီ ၃၀ ရက်နောက်ပိုင်း ပြန်စနိုင်ဖို့ပဲရှိပါတယ်။ ခရီးသွားလာမှုလျော့သွားပေမယ့် လုပ်ငန်းတွေ မရပ်ဆိုင်းတာကြောင့် ယာဉ်အစီးရေ ၄၃၀၀ ကျော် ပုံမှန်ပြေးဆွဲမှုနဲ့ ထိန်းပေးနေပါတယ်"ဟု YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

YBS ယာဉ်လိုင်းများပေါ်တွင် ခရီးသည် အကန့်အသတ်ဖြင့် ပို့ဆောင်နိုင်ရန် အခက်အခဲရှိနေပြီး ရုံးတက်၊ ရုံးဆင်းချိန်တို့၌ လူဦးရေ ၅၀ ကန့်သတ်မှုသည် ခရီးသွားတို့အဆင်မပြေမှုများကြုံတွေ့နိုင်သောကြောင့် ယာဉ်လမ်းကြောင်းပေါင်း ၁၃၇ လမ်းကြောင်းမှ ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းဖြင့် ခရီးသည် ၁ ဒသမ ၈ သန်းကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ COVID-19 ရောဂါဖြစ်ပွားသောဇန်နဝါရီလမှစ၍ ခရီးသွားများအား ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးကို ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာနှင့် ပူးပေါင်း၍ YBS ယာဉ်လိုင်းများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့်နည်းတူ YRTA ရုံးတွင်လည်း လူစုလူဝေးမဖြစ်ပေါ်စေရန် နေ့စဉ်ဝန်ဆောင်မှုပေးနေသော City Taxi မှတ်ပုံတင်ခြင်းနှင့် ကုန်စည်မှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်း ရပ်နားထားကြောင်း သိရသည်။

**သန်းထိုက်**

# မန္တလေးတိုင်းဒေသကြီးတွင် ပြုလုပ်မည့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းအစီအစဉ် ခေတ္တရွှေ့ဆိုင်း

**မန္တလေး မတ် ၂၉**
မန္တလေးတိုင်းဒေသကြီးတွင်ပြုလုပ်မည့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးတိုက်ကျွေးခြင်း အစီအစဉ်ကို ခေတ္တရွှေ့ဆိုင်းလိုက်ကြောင်း မန္တလေးတိုင်းဒေသကြီး ရောဂါပိုးမွှားသယ်ဆောင်သည့် ပိုးကောင်များမှ တစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနရုံးမှ သိရသည်။

မြန်မာနိုင်ငံသို့ COVID-19 ရောဂါအခြေအနေကြောင့် ဆေးတိုက်ကျွေးမှုအစီအစဉ်ကိုရွှေ့ဆိုင်းရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မတ် ၂၃ ရက်က ညွှန်ကြားခဲ့သည့်အတွက် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း(ရပကန) တာဝန်ခံ ဒေါက်တာတင့်ဝေထံမှ သိရသည်။

အရေးပေါ်အခြေအနေကြောင့် ဆေးတိုက်ကျွေးမည့်အစီအစဉ်ကို ရက်ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း၊ ဆေးတိုက်ကျွေးမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း (၁၂)ကြိမ်မြောက် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ယခင်က မတ် ၂၈ ရက်မှ ဧပြီ ၆ ရက်အထိ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့တွင် အသက်နှစ်နှစ်အထက် လူငယ်၊ လူကြီး အသက်အရွယ်မရွေး တိုက်ကျွေးမည်ဖြစ်ပြီး DEC နှင့် Albendazole သန်ချဆေးပေါင်း နှစ်မျိုးတိုက်ကျွေးရန်စီစဉ်ထားကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧက ၅၀၀ သာ စိုက်ပျိုးနိုင်

**မိတ္ထီလာ မတ် ၂၉**
မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ ကန်ရေ သောက်စနစ်ဖြင့် နွေစပါးစိုက်ဧက ၅၀၀ သာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဒေသဝမ်းစာဖူလုံရေးအတွက် မြို့နယ်အတွင်းရှိ ဆည်ရေသောက်ရရှိသောနေရာများတွင် နွေစပါးများကို နှစ်စဉ်စိုက်ပျိုးကြသော်လည်း မြို့နယ်အတွင်းရှိ နွေစပါး စိုက်ပျိုးရန် ရေပေးဝေလျက်ရှိသည့် မိတ္ထီလာကန်၊ ချောင်းကောက်ဆည်၊ မုန်တိုင်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင်တမံ၊ လွန်ငင်ဆည်၊ ရှမ်းမငယ်ဆည်နှင့် မြင်တော်ကန်စသည့် ဆည်များ၊ ကန်များမှာ ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါး၍ မိုးရေဝင်ရောက်မှု နည်းပါးသည့်အတွက် ဆည်၊ ကန်များအားလုံး နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်ရေများဖြင့် နွေစပါးစိုက်ဧက ၅၀၀ သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလေးမောင်မောင်ထက်က ပြောသည်။

ထိုသို့ နွေစပါးများစိုက်ပျိုးရာတွင် မိတ္ထီလာကန်ရေဖြင့် လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ ထမုန်ကန်၊ စက်ပစ်တောင်နှင့် အနီး ပတ်ဝန်းကျင် ကျေးရွာများတွင် စိုက်ဧက ၃၀၀ စိုက်ပျိုးပြီး ချောင်းကောက်ဆည်ရေဖြင့် ဒဟတ္တန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် စိုက်ဧက ၁၀၀ နှင့် မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် စိုက်ဧက ၁၀၀ စိုက်ပျိုးနိုင်ခဲ့သည်။ ယင်းသို့စိုက်ပျိုးရာတွင် စပါးတစ်ဧက အထွက်နှုန်း တိုးတက်စေရေးတို့ အတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးစေပြီး ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတိုမျိုးများ စိုက်ပျိုးစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံ လယ်သမားများနှင့် ပူးပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## နှစ်(၃၀)မြောက် ပုလဲရတုအတွက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးထွန်းဇော်ချစ်(ညွှန်ကြားရေးမှူး ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)နှင့် မေမေ ဒေါ်ပြုံးပြုံးငွေးတို့၏ ၃၀-၃-၂၀၂၀ ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတုထိတိုင် သား၊ သမီးတို့နှင့်အတူ ပျော်ရွှင်သောမိသားစုဘဝခရီးလမ်းကို ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ချစ်သား-မောင်ကျော်စိုးဟန်
ချစ်သမီး-မရှင်းပြုံးသန့်

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Chip ပါသောSmart Card
(ခ) Colour Ribbon (YMCK-UV)
(ဂ) ART Retransfer Film
(ဃ) ယာဉ်ခါတ်ပုံပါယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(CVR)
(င) ယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံအထောက်အထား(VIS)
(စ) "သ" အမောင်းသင်(Hologram)
(ဆ) "က-၁၊ က၊ ဌ၊ ဟ၊ စ"လိုင်စင်များတွင်ကပ်သည့် ကဒ(Hologram)
(ဇ) မော်တော်ဆိုင်ကယ်(အဝိုင်း)တွင်ကပ်သည့်(Hologram)
(ဈ) မော်တော်ဆိုင်ကယ်(ကမ-၃)စာအုပ်တွင်ကပ်သည့်(Hologram)
(ည) မော်တော်ယာဉ်(အဝိုင်း)တွင် ကပ်သည့် (Hologram)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါတင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်း၊ တင်ဒါတင်သွင်းရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)နေပြည်တော်တွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၄-၂၀၂၀ရက်မှ ၃၀-၄-၂၀၂၀ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၄-၂၀၂၀ရက်မှ ၃၀-၄-၂၀၂၀ရက် ၁၄:၀၀နာရီအထိ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၄-၂၀၂၀ရက် မွန်းလွဲ ၁၄:၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၈၃၊ ၀၆၇-၄၀၅၀၉၉

နိုင်ငံတကာသတင်းဂျာနယ်
အမှတ်စဉ် - ၁၂၅၆
● COVID-19 ရောဂါထိန်းချုပ်နိုင်ရေးG20 ခေါင်းဆောင်များ ဘာလုပ်ကြမှာလဲ
● အစိုးရထံမှ ဒေါ်လာ ၁၁၆ သန်းကျော်တန်ကြေးရှိ အပေါ့စားစစ်သေနတ်များ အိန္ဒိယ ဝယ်ယူ
● ကိုရိုနာဗိုင်းရပ်စ်က ဂလိုဘယ်လိုက်ဇေးရှင်းကို အဆုံးသတ်စေမှာလား
● အာကာသနယ်ပယ်အတွင်း အဓိကထားချဲ့ထွင် ကြိုးပမ်းလာတဲ့ အိန္ဒိယ
● ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ တိုက်ခိုက်ရေးရိက္ခာပေးအပ်မှုအပေါ် လေ့လာကြည့်ခြင်း
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာပတ်ပရိုသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁ - ၃၉၇၃၃၀ ၊ ၀၁ - ၂၉၂၈၃၀
Gmail - internationaljournalmm@gmail.com

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/12178 Chang Chai ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၃/ဘအန(နိုင်)၁၅၇၁၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံ)



ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထိပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

မြန်မာ့ရိုးရာ ဗေဒင်ပညာ စစ်စစ်ကိုမှ ဖတ်ရှုလိုသူများအတွက် -
မြန်မာသက္ကရာဇ်-၁၃၈၂ ခုနှစ်
စံ-ကလီဘို
မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
မိမိတို့၏ နေ့အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။
အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။
ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
ထွက်ပြီ
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

## ကန့်ကွက်နိုင်ပါကြောင်း

ကံမမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၁၈၄/အုတ်ဖိုကွင်း) ဦးပိုင်အမှတ်(၈၂/၂)မြေကွက်အမှတ်(၇၈၅)၊ မြေချိန်ဧရိယာ ၁ဒသမ၀၀ကို ဦးကျော်မိုးလွင် ၉/မရတ(နိုင်)၀၅၃၄၉၈မှ နှစ်(၃၀)စက်မှုမြေငှားဂရန် ရရှိထားပါသည်။ အဆိုပါစက်မှုဂရန်မူရင်းသည် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် ဂရန်မိတ္တူမှန်ပြန်လည်လျှောက်ထားခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီလျှောက်ထားခြင်းကိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်မိုးလွင်
၉/မရတ(နိုင်)၀၅၃၄၉၈
ဖုန်း-၀၉-၅၃၄၁၅၃၁

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၇၁၄၆ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/8611 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## အမွေစားအမွေခံသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၂၀၂)ဒုတိယထပ်နေ ဒေါ်မာလာဝင်း၏ တူသားဖြစ်သူ ဦးချို့ထွန်းဦး(ဘ)ဦးထွန်းရီ ၁၄/ဇလန(နိုင်)၀၈၇၄၄၅ သည်မိဘဆွေမျိုးများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီးမိဘ၊အဒေါ်ဖြစ်သူများ၏ခွင့်မလွှတ်နိုင်သည့်အပြုအမူများကို ပြုမူကာနေအိမ်မှထွက်ခွာသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မာလာဝင်း ၁၃/တကန(နိုင်)၀၁၂၁၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်သိမ့်သန္တာအောင်(LL.B) | ဦးကြည်စိုး(LL.B) |
| (စဉ်-၄၈၂၂၉) | (စဉ်-၇၃၇၂) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၂၆၃၉၀၀၃၉၉

## အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တန်ဖိုးနည်းအိမ်ရာများ (Low Cost Housing)/တန်ဖိုးမျှတအိမ်ရာများ (Affordable Housing) (Mix-Used Development များကိုလည်း ဖော်ပြနိုင်သည်) တည်ဆောက်ရန်အတွက် ၂၈-၂-၂၀၂၀ ရက်နှင့် ၁-၃-၂၀၂၀ရက်ထုတ် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာပါ EOI အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကို ၃၁-၃-၂၀၂၀ရက်နေ့ နောက်ဆုံးထားတင်သွင်းခြင်းအစား ၃၀-၄-၂၀၂၀နေ့သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သစ်တောမှန်လျှင် အသုံးဝင်
## အစဉ်ထာဝရ ထိန်းသိမ်းကြ




MPT Money
အယုံကြည်ရဆုံး ဒစ်ဂျစ်တယ်ငွေလွှဲဝန်ဆောင်မှု
MPT Money
GET IT ON Google Play
Download on the App Store
www.mptmoney.com.mm
@MPTMoneyOfficial
CALL CENTER 990
MPT အသုံးမပြုသူများအတွက် - 012323990

FAME
ကိုယ်ခံစွမ်းအား ကောင်းစေဖို့ အတွက်
ရဲယိုဆေး




01-3681908
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 010181 (0222)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သာဌေး

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

အသက်(၈၇)နှစ်

ချစ်ခင်လေးစားရပါသော၊ ကျေးဇူးရှင် ဗိုလ်မှူးချုပ်သာဌေး(ငြိမ်း)သည် ၂၈-၃-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးအောင်နိုင်စိုး(ငြိမ်း) -

ဒေါ်မိမိမော် (လ/ထ ညွှန်မှူး-ငြိမ်း)

သမီး- လဝန်းနန္ဒာ(နောက်ဆုံးနှစ် အဝိုင်း(ခ)၊

ဆေးတက္ကသိုလ်၊ မန္တလေး)

Hotel Victory နှင့် ပန်းတိုင်စက်သုံးဆီမိသားစု

မန္တလေးမြို့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သာဌေး

အသက်(၈၇)နှစ်

ကိုရဲဌေး၏ဖခင် ဗိုလ်ချုပ်သာဌေး(ငြိမ်း)သည် ၂၈-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၉)မှ သူငယ်ချင်းများနှင့်
ညီငယ် မိသားစုဝင်များ

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမျိုးညွန့် အသက်(၅၂)နှစ်

အင်းစိန်(ဖော့ကန်)

BEST CADET OF IMT CD–20/CE–18

သူငယ်ချင်း တို့တတွေကို ရုတ်တရက် နှုတ်မဆက်ဘဲ ထွက်ခွာသွားတာမို့ အများကြီး စိတ်မကောင်းဖြစ်ရတယ်

*** ကြည်တစ်ပွင့်တော့ ကြွေရှာပြီ၊ နေရာနဲ့ အချိန်လွဲမှားတော့
သူ့ရဲ့အလင်း ပါဝါကို ကမ္ဘာမြေနွေးထွေးအောင် အသုံးမချနိုင်ခဲ့ဘူး၊
ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမလား၊ ခေတ်စနစ်ကိုပဲ အပြစ်တင်ရမလား ***
သူငယ်ချင်း ကောင်းရာသုဂတိ ရောက်ပါစေ

IMT CD–20/CE–18 မှ သူငယ်ချင်းများ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/1956, Mitsubishi Fuso Fighter FKCL Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်းထွန်း ၉/သစန(နိုင်)၁၂၀၃၄၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မှရိုးကုန်းကျေးရွာအုပ်စု၊ မှရိုးကုန်းကျေးရွာ နေ ဦးတင်လင်း-ဒေါ်ကြည်မြင့်တို့၏သမီး မသင်းနုစိန် ၈/စလန(နိုင်)၂၅၂၂၉၄သည် မိဘများခွင့်မလွှတ်နိုင်သည့် ပြစ်မှုကျူးလွန်သည့်အတွက် ဤကြော်ငြာသည့်ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့်နောင်တစ်ချိန်မသင်းနုစိန်နှင့် ပတ်သက်သောကိစ္စအဝဝကို မိဘများနှင့် မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးတင်လင်း-ဒေါ်ကြည်မြင့်

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ် ဦးအောင်သောင်း ၇/ပမန(နိုင်)၀၆၇၃၃၃(ဘ)ဦးချူရီးမှ ရွှေတောင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁-၁၁-၂၀၁၇)ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၇/၂၀၁၇)ဖြင့် ဦးမောင်ပု(ဘ)ဦးမောင်လေး ၈/နမန(ဧည့်) ၀၀၀၀၁၂သို့ ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဦးမောင်ပုသို့ တာဝန်ပေးအပ်ဆောင်ရွက်ခဲ့သော လုပ်ငန်းကိစ္စများပြီးပြတ်ပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား (၂၃-၃-၂၀၂၀)ရက်မှစ၍ ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်သောင်း ၇/ပမန(နိုင်) ၀၆၇၃၃၃

## ကန်ထရိုက်တာနှင့်မြေပိုင်ရှင်တို့ ဖျက်သိမ်းခြင်းအား ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်၊ အမှတ် (၈၄-B)၊ မြေတိုင်းရပ်ကွက် အမှတ်( ၃၅- D)၊ မြေကွက်အမှတ် (၃၈ H – 1B)၊ (အလျား ၁၀၉ပေx အနံ ၃၉ ½ ) ရှိ မြေပေါ်တွင် (၈ ½ )ထပ်၊ RC (၂)ခန်းတွဲ အပါအဝင် ကွန်ဒိုအဆောက်အအုံ အကျိုးတူဆောက်လုပ်ရန် ၈-၁၂-၂၀၁၃ ရက်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ ကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။ သို့သော်ကန်ထရိုက်တာမှ မြေရှင်ထံသို့ ဆက်လက်မဆောက်လိုကြောင်း ပြောဆိုလာသဖြင့် မြေရှင်မှ ၃၁-၃-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူ ဖျက်သိမ်းခြင်း ကတိစာချုပ်အား ချုပ်ဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ၃၀-၃-၂၀၁၉ရက် မှ စတင်ပြီး (ကန်ထရိုက်တာ)ဦးကိုကိုလေး ၁၄/ပသန(နိုင်)၀၀၀၈၇၉(ချမ်းမြေ့ရွှေစင်ဆောက်လုပ်ရေး)နှင့်ကျွန်ုပ်၏မိတ်ဆွေ(မြေရှင်)ဒေါ်ဖြူဖြူဝင်း(ခ)အောင်လိနိလိနိ ၁၂/လသန(နိုင်)၀၀၉၈၅၉တို့သည် နှစ်ဦးသဘောတူ ကွန်ဒိုအဆောက်အအုံ ဆောက်လုပ်ရန် ဖျက်သိမ်းခြင်း ကတိစာချုပ်အားချုပ်ဆိုပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ စာချုပ်ပါအချက်များအရ မြေရှင်နှင့် ကန်ထရိုက်တာတို့သည် လုံးဝပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမွန်သက်(LL.B, DBL, Dipl)
အထက်တန်းရှေ့နေ(စဉ်-၄၂၈၀၀)
၀၉-၄၄၆၄၄၆၉၆၅

ဗို စိုး မွှံ သံယံ San brotherhood

Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း




တပ်ဆင်ပြီးဈေးနှုန်း
(၃ နှစ်အာမခံ)

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန (သင်္ဃန်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854, 09-5084831
နိဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုခမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး(အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218
တောင်မြောက်လမ်းဆုံ(တ/ဒဂုံ) 09-5187139, 09-451238329

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်-စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ကိုကိုးကျွန်းမြို့နယ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး Solar Hybrid System ဖြင့် ဓာတ်အားပေးနိုင်ရန် (Co Co Solar Power Plant (CCSPP)) စီမံကိန်း (0.4) MW တည်ဆောက်ခြင်း လုပ်ငန်းအတွက် (ပစ္စည်း + လုပ်အားခ) ပုတ်ပြတ် (Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - (၃၀.၃.၂၀၂၀) မှ (၁၃.၅.၂၀၂၀)ထိ |
| တင်ဒါပိတ်မည့်ရက် | - (၁၄.၅.၂၀၂၀) |
| တင်ဒါပိတ်မည့်အချိန် | - (၁၄ : ၀၀) နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊
ရန်ကုန်မြို့ ၊ ဖုန်း။ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ နယ်မြေ(၃)၊ ရွှေတောင်ကြားအိမ်ရာ၊ တိုက်အမှတ်(A)နေ (ဘ)ဦးမောင်ဆွေ၏သား ကိုဝင်းဇော်အောင် ၁၃/ကလန(နိုင်)၀၀၀၄၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကိုဝင်းဇော်အောင်ထံမှ ၎င်း၏မိတ်ဆွေက ငွေကြေးများ ရယူခဲ့ပြီး အာမခံအထောက်အထားအဖြစ် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးခဲ့သော ဒေါ်စိန်သန်းအမည်ဖြင့် (၁၀)နှစ်ဂရန်ထွက်ရှိသော ဂရန်မူရင်းနှင့် ဆက်စပ်စာရွက်စာတမ်းမူရင်းများကို ပေးအပ်ထားခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကိုဝင်းဇော်အောင်၏လက်ဝယ်၌ရှိနေသော ဒေါ်စိန်သန်းအမည်ပါဂရန်စာရွက်စာတမ်းနှင့် ဆက်စပ်စာရွက်စာတမ်းများသည် မူရင်းအစစ်အမှန်များဖြစ်ကြောင်း သက်ဆိုင်သူများ၏ပြောကြားချက်အရသိရှိရပြီး ပြင်ပ၌ ဒေါ်စိန်သန်းအမည်ပါ ဂရန်စာရွက်စာတမ်းများထွက်ရှိနေကြောင်း ကြားသိရသောကြောင့် ကျွန်ုပ်၏အမှုသည်ကိုဝင်းဇော်အောင် လက်ဝယ်၌ရှိနေသည့် ဒေါ်စိန်သန်းအမည်ပါဂရန်စာရွက်စာတမ်းနှင့် ဆက်စပ်စာရွက်စာတမ်းများသည် မူရင်းများသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ကိုဝင်းဇော်အောင် | ဦးတင့်လွင်(LL.B) |
| (ဘ)ဦးမောင်ဆွေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၉၁/၁၂) |
| ၁၃/ကလန(နိုင်)၀၀၀၄၈၃ | တောင်ပိုင်း၊ ကျွန်းကုန်း၊ တောင်ငူမြို့နယ်၊ |
| ဖုန်း-၀၉-၂၆၀၁၆၆၈၃၇ | ပဲခူးတိုင်းဒေသကြီး |

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးတင်မောင်ဦးရွှေ

(၃၀-၃-၂၀၁၄)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၆)နှစ်ပြည့်မြောက်ခဲ့သော်လည်း ဖခင်ကြီး၏ကြီးမားလှသော မေတ္တာတရားများနှင့် ကျေးဇူးတရားများကို အမြဲသတိရ လွမ်းဆွတ်လျက်ပါ။ ဖခင်ကြီးအား ရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုလုပ်နေသော ကောင်းမှုကုသိုလ်များနှင့် ယနေ့(၆)နှစ်ပြည့်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့်ထာဝရဆေးပဒေသာပင်စိုက်ထူလှူဒါန်းမှုများကို ဖေဖေမြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဇနီး- ဒေါ်မြင့်မြင့်အေး
သမီး- မတင်ဇာလင်း
သား- မောင်အောင်ကိုကို၊ မောင်သန့်စင်အောင်(သန့်စင်မိသားစု)

ဒီဇယ်၊ ဓာတ်ဆီ
စက်ပြင်သင်တန်း
မိုး
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေလမ်းဆုံမီးပွိုင့်အနီး၊ရန်ကုန်မြို့။

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ချောင်ကြီးကျေးရွာ အထက နဝမတန်း(A)မှ မသဉ္ဇာဝင်းကျော် အား ယနေ့မှစ၍ မသဇင်မင်းထွဋ် ဟု ပြောင်းလဲခေါ်ပါရန်။

မသဇင်မင်းထွဋ်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5159, Daihatsu Hijet S200P Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၉/မနမ(နိုင်)၀၀၃၆၄၀က(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6078, Toyota Caldina AZT24I S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွေး ၅/မမတ(နိုင်)၀၀၉၇၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## အမွေပြတ်စွန့်လွှတ်ခြင်းမှပြန်လည်ရုပ်သိမ်းခြင်း

အမှတ်(၇)၊ မဟူရာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်လှမြိုင်၏သား ဦးထွန်းအောင်ကျော် ၁၂/ဗဟန(နိုင်)၀၆၇၂၇၅နှင့်သမီး ဒေါ်ခင်ချိုသက် ၁၂/ဗဟန(နိုင်)၀၆၇၇၉၀တို့အား အမွေပြတ်စွန့်ထားခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်- ဒေါ်လှမြိုင်

တောတောင်
ခြောက်ခန်း
လယ်ယာနှမ်း၏

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9660 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

သရက်တောတိုက်၊ သာသနာ့ဝံသကျောင်း၊
ပဓာနနာယက ဆရာတော်

# ဘဒ္ဒန္တဝိလာသဂ္ဂ

သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောတိုက် သာသနာ့ဝံသကျောင်း၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိလာသဂ္ဂ သည် ၂၈-၃-၂၀၂၀ရက် နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဇာနည်ဘွဲ့ရ

# ဗိုလ်မှူးချုပ်သာဌေး အသက်(၈၇)နှစ်

(ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး-ငြိမ်း)

မော်လမြိုင်မြို့နေ (ဦးချစ်လှိုင်-ဒေါ်သန်းညွန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဒေါ်ခင်သန်းနွဲ့(ခ)ဖြူဖြူ)၏ခင်ပွန်း၊ နေပြည်တော်နေ ဒေါက်တာရဲဌေး-ဒေါ်သူဇာမွန်၊ ရန်ကုန်မြို့နေ ဦးကျော်ထင်-ဒေါ်ခင်လင်းသူဇာဌေးတို့၏ဖခင်သည် ၂၈-၃-၂၀၂၀ ရက်(စနေနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၀ ရက် (သောကြာနေ့) နံနက်တွင် ကွယ်လွန်သူ၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

## ဦးသန်းမောင်

(B.Sc, Geology , 1974–1977, R.A.S.U)
အထက၊ အုန္နဲကျေးရွာ၊ ကဝမြို့နယ်၊ ငြိမ်း
အသက်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သံဒင်းကျေးရွာနေ (ဦးဘသိန်း-ဒေါ်သိန်းတင်)တို့၏သား၊ သံဒင်းကျေးရွာနေ ဦးဘရင်၏ ညီ၊ ဒေါ်ကမလာ၏မောင်၊ ပဲခူးမြို့နေ ဦးရာဂျန်၊ ဦးနိုင်ဝင်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၉၂၊ B-1 )နေ ဒေါ်တင်တင်အေး(သူနာပြု၊ ငြိမ်း)၊ ဒေါ်ယဉ်ယဉ်မြင့်(ခ)ဒေါ်မာလာ၊ ဒေါ်လှလှစိန်၊ ကလောမြို့နေ ဦးဘနီ(ဦးစီးအရာရှိ၊ နစ-မန္တလေး)တို့၏ အစ်ကိုသည် ၂၇-၃-၂၀၂၀ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၀ရက်မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဟိန္ဒူဓလေ့ထုံးစံနှင့်အညီ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး

အသက်(၆၇)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ ရွှေဘိုလမ်း၊ အမှတ်(ခ/၂၅၃)နေ (ဦးသိန်း-ဒေါ်သန်းမြင့်)တို့၏သမီး၊ ဦးခင်မောင်သန်း-ဒေါ်ခင် မေမေကျော်၊ ဒေါ်ဆင့်ဆင့်ဖြိုး(လမ်းဦးစီးဌာန၊ လားရှိုးမြို့)၊ ဦးအာကာထွန်း၊ ဒေါ်မေမြင့်မိုရ်မိုးတို့၏ မိခင်၊ (ဦးညွန့်မောင်)(လက်ထောက်အင်ဂျင်နီယာ၊လျှပ်စစ်-ငြိမ်း)၏ ဇနီးသည် ၂၈-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀:၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးမြတ်သူရ
အသက်(၅၄)နှစ်

ICICLE Group of Companies မှ ဝန်ထမ်းဖြစ်သူ ဦးမြတ်သူရ အသက်(၅၄)နှစ်သည် ၂၈-၃-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ICICLE Group of Companies မှ**
**ဝန်ထမ်းမိသားစုများ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်ရွှေ

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ အမှတ် ၂၅၄နေ (ဦးကျော်ဇံ-ဒေါ်မြရီ)တို့၏သမီး ကြီး၊ (ဦးလှသန်း)၏ဇနီး၊ ဦးဌေးအောင်-ဒေါ်ခင်မြသွယ်တို့၏အစ်မ၊ ဒေါ်တင်တင်ဦး(အထက်တန်းပြ၊ ငြိမ်း၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း၊ အထက-၂၊ မင်္ဂလာဒုံ)၊ ဒေါ်အေးမြင့်(အလယ်တန်းပြ၊ အထက-၁၊ ကမာရွတ်)၊ ဒေါ်စိန်စိန်၊ ဦးသန်းဝင်း-ဒေါ်စောစောမြင့်၊ ဦးကျော်မင်း(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်)တို့၏ မိခင်၊ မောင်ဇာဏီဝင်း၊ မောင်အောင်ခန့်ဝင်း တို့၏ အဘွားသည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**စောထီးနို(ခ)စောထွန်း** အသက်(၈၂)နှစ်
CDC–7469

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ အထက်ရေပူရွာနေ (စောပိုလျှာ-နော်ခေးစရာ)တို့၏သားလတ်၊ (စောထွန်းမောင်- နော်လူစီ)တို့၏သားသမက်၊ (စောအောင်ချစ်)-နော်မူရယ်၊ ဆရာမ နော်အောရိန်း-(စောရှားလို)တို့၏ညီ/မောင်၊ (စောဘလူးနို)-နော်ဒယူးမေတို့၏အစ်ကို၊ စောကူသေး-နော်နှင်းဖြူဖြူဖွေး၊ စောဝင်းထွန်း-မအိဖြူလှိုင်၊နော်အယ်ထီးဖော၊ စောနေဝင်းထွန်း-နော်မူမူအေးတို့၏ဖခင်၊ နော်မေရှာရွှန်နို(ဂျင်းနီ)၊ နော်နိုးရာတို့၏ အဘိုး၊ (နော်အားမူဖော)၏ချစ်ခင်ပွန်းသည် ၂၈-၃-၂၀၂၀ (စနေနေ့)ည ၁၀:၄၅ နာရီ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၃-၂၀၂၀ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၇၂-G ၊အောက်ကြည့်မြင်တိုင်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့၊ Parisian မုန့်တိုက်အနီး နေအိမ်မှကားများ နံနက် ၈၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာ ဒေါ်တင်မေညွန့်

(အတိုင်ပင်ခံ သမားတော်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၀၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဖိန့် စူး-ဒေါ်ကျင်ရှန်း)တို့၏ မြေးချွေးမ၊ ဦးအေးသိန်း၏ ဇနီး၊ [ဦးခဲဝါ(ခ) ဦးခင်ဇော်]- ဒေါက်တာ ဒေါ်ကြည်ကြည်ဝင်း၊ (ဒေါ်အေးအေးမြ)၊ (ဦးဟင်နရီ)တို့၏ညီမ၊ ဦးအောင်မြင့်ထူး-ဒေါ်ခင်မြထွေး၊ ဒေါ်မြမြသန်းတို့၏အစ်ဒေါ်၊ မသီရိဇော်၏ အဘွားသည် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၅၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၄-၄-၂၀၂၀ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်သူရ

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်အရှေ့ခြမ်း၊ ကျန်စစ်သားလမ်းနေ (ဦးမြင့်)-ဒေါ်ယဉ်ရွှေတို့၏ သား၊ ရွှေတောင်မြို့နေ (ဦးပု-ဒေါ်တင်မြ)တို့၏သားသမက်၊ နေပြည်တော်နေ ဦးနိုင်သူရ၊ မှော်ဘီမြို့နေ ဒေါ်မိုးသူဇာမြင့်၊ ဒေါ်မိုးချယ်ရီမြင့်၊ ဒေါ်မိုးရွှေရည်မြင့်၊ ကိုအောင်သူရတို့၏အစ်ကို၊ ရွှေတောင်မြို့နေ မောင်ရန်နိုင်၊ မမေသုတတို့၏ဖခင်၊ ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၃-၂၀၂၀ရက် (စနေနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမျိုးညွန့်

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၈/၅၆)နေ (ဦးထွန်းကြင်)-ဒေါ်သန်းမြင့်တို့၏သား၊ ဦးကျော်တင့်-ဒေါ်တင်သန်းတို့၏ သားသမက်၊ ဒေါ်မိမိကျော်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးဦးဇွန်၊ မောင်ထူးအာကာလင်းတို့၏ဖခင်သည် ၂၈-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈:၄၅နာရီတွင် ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးသိန်း(စစ်တွေ)

B.Ag
ရဟန်းဘွဲ့တော်-ဦးစန္ဒောဘာသ
MA–Pali and Buddhist Study(Thesis)
အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ ၁လမ်း(A)၊ တိုက်(၄)၊ အခန်း(၀၀၃)နေ (ဦးဦးကျော်ဖြူ-ဒေါ်အောင်ခိုင်)တို့၏သား၊ ဒေါ်ဦးစိန်ဖြူ-(ဦးမောင်စောလှ)၊ ဒေါ်စန်းမေ၊ ဒေါ်အေးမေတို့၏မောင်၊ ဒေါ်ခိုင်ခိုင်စိုး(ရောဂါရှာဖွေရေးဌာန၊ စံပြဆေးရုံ၊ သဃ်န်းကျွန်း)၊ ဒေါ်ယဉ်ယဉ်စိုး-ဦးစောလှမောင်တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၇-၃-၂၀၂၀ရက်(သောကြာနေ့) ညနေ ၆:၅၅နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နူန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ဗောဓိတထောင်ဆင်ထိန်းသိမ်းရေးစခန်း ခေတ္တပိတ်ထားစဉ်ကာလအတွင်း ဧည့်သည်နားနေအဆောင်များ ထပ်မံဆောက်လုပ်လျက်ရှိ




ဗောဓိတထောင်ဆင်ထိန်းသိမ်းရေးစခန်း။

မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာအနီး ဗောဓိတထောင် သာသနာ့နယ်မြေအတွင်း ဖွင့်လှစ်ထားသော ဗောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်း ခေတ္တပိတ်ထားစဉ် ကာလအတွင်း ဧည့်သည်နားနေအဆောင်များ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း ဆင်ထိန်းသိမ်းရေးစခန်း တာဝန်ခံ ဒေါ်မီမီကို၏ ပြောကြားချက်အရ သိရသည်။

"ဗောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်းကို လူအစုလိုက်ဝင်/ထွက်မှုတွေကို ခဏပိတ်ထားပါတယ်။ အဝင်အထွက်ကတော့ လုံးဝလုပ်လို့မရဘူး တချို့ ဆင်စာလာကျွေးတာတွေ ရှိတယ်။ သူတို့ကိုတော့ ခဏဝင်ခွင့်တော့ ပေးတယ်၊ ကျွေးပြီးတာနဲ့ ချက်ချင်းပြန်ထွက်ရမှာဖြစ်တယ်။ ဒါကလည်း တစ်ဦးတစ်ယောက်လောက်ပဲ ခွင့်ပြုတာဖြစ်တယ်၊ လူများရင်လည်း ခွင့်မပြုပါဘူး။ COVID–19 ရောဂါကို မြန်မာနိုင်ငံမှာ လုံးဝထိန်းချုပ်နိုင်ပြီ၊ အခြေအနေ အေးအေးဆေးဆေးဖြစ်သွားပြီဆိုတဲ့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ ထွက်လာတဲ့ အချိန်အထိကိုတော့ ခေတ္တပိတ်ထားမှာ ဖြစ်ပါတယ်။ ဗောဓိတထောင်နယ်မြေက အပူရှိန်မြင့်မားတဲ့ နေရာဖြစ်တဲ့အတွက် ဆင်ထိန်းသိမ်းရေးစခန်းပြန်ဖွင့်ရင် လာရောက်လည်ပတ်ကြတဲ့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ လည်ပတ်နားနေနိုင်ဖို့နဲ့ အပန်းဖြေနိုင်ဖို့အတွက် ဆင်စခန်းက ဝန်ထမ်းတွေ ပိတ်နေတဲ့အချိန်အတွင်း ဆင်ထိန်းသိမ်းရေးစခန်းမှာ သံဖရိန်တွေ၊ သစ်သားတွေနဲ့ နားနေတဲတွေထပ်ပြီး ဆောက်လုပ်နေတယ်။ သစ်ခွပန်းတွေနဲ့ ပြန်အလှဆင်တာတို့ အစီအစဉ်ဆွဲပြီး လုပ်ဆောင်နေတယ်။

စာမျက်နှာ ၆ ကော်လံ ၅ ❑

## COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပြည်သူများဘေးကင်းလုံခြုံရေး မကွေးမြို့နယ်အတွင်း တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်

မကွေး မတ် ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ် ကြေညာခဲ့သော COVID–19 ရောဂါကြောင့် ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောင်ရောဂါသည် ကမ္ဘာအနှံ့ဖြစ်ပွားနေပြီး မြန်မာနိုင်ငံတွင်လည်း ရောဂါပိုးတွေ့ရှိသူ လူနာစာရင်းများ အတည်ပြု ထုတ်ပြန်နေပြီဖြစ်ရာ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပြည်သူများ ဘေးကင်းလုံခြုံရေးတို့အတွက် မကွေးမြို့နယ်အတွင်း ဒေသန္တရအမိန့်များ ထုတ်ပြန်ကာ တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆

## ဩဂုတ်လအထိ ကျင်းပမည့် AFF ပြိုင်ပွဲအားလုံးကို အာဆီယံ ဘောလုံးအဖွဲ့ချုပ် ရွှေ့ဆိုင်း



နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ–၁၆ အသင်းအား တွေ့ရစဉ်။ ဓာတ်ပုံ–ဖိုးသော်ဇင်

ရန်ကုန် မတ် ၂၉

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ဩဂုတ်လအထိ ကျင်းပမည့် အာဆီယံအဆင့် (AFF) ပြိုင်ပွဲ အားလုံးကို ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲ ကိုးခု ကျင်းပရန် စီစဉ်ထားပြီး မေလမှ ဩဂုတ်လအထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပထမဆုံးအဖြစ် မေလတွင် ကျင်းပမည့် အာဆီယံ အမျိုးသမီးပြိုင်ပွဲအပါအဝင်

စာမျက်နှာ ၁၀ ကော်လံ ၅ ✻

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာ ၁၅
(၂၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

သေဆုံးတဲ့နှုန်းများတဲ့အုပ်စုကို ပြန်ကြည့်တဲ့အခါမှာကျတော့ အသက် ၇၀ ကျော်တယ် အမျိုးသားနဲ့ အမျိုးသမီးဆို အမျိုးသားက ပိုပြီးတော့များတယ် စာ ၁၆

COVID-19 နှင့် ပတ်သက်၍ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များ၏ အသိပညာပေးနှီးဆော်ရေးအစီအစဉ် စာ ၁၈

## မြန်မာဘီလိယက်နှင့် စနူကာကစားသမားများ ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲများ ရွှေ့ဆိုင်း

ရန်ကုန် မတ် ၂၉

မြန်မာဘီလိယက်နှင့် စနူကာအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် အာရှအဆင့် ပြိုင်ပွဲများမှာ COVID–19 ရောဂါကြောင့် ရွှေ့ဆိုင်းမှုများ ပြုလုပ်ခဲ့သည်။

မြန်မာစနူကာအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ အာရှ 6RED စနူကာပြိုင်ပွဲ၊ မြန်မာဘီလိယက်နှင့် စနူကာကစားသမားများ ယှဉ်ပြိုင်မည့် အာရှဘီလိယက်ပြိုင်ပွဲနှင့် အာရှ ယူ–၂၁ စနူကာပြိုင်ပွဲတို့ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ အာရှ 6RED စနူကာပြိုင်ပွဲကို ကာတာနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားပြီး အာရှဘီလိယက်ပြိုင်ပွဲနှင့် ယူ–၂၁ စနူကာပြိုင်ပွဲကိုမူ အိမ်ရှင်နိုင်ငံ ရွေးချယ်ရခြင်း မရှိသေးမှာပင် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ၂၀၂၀ အာရှ 6RED စနူကာပြိုင်ပွဲ ယှဉ်ပြိုင်ရန် မတ်လဆန်းက

စာမျက်နှာ ၁၀ ကော်လံ ၅ ❍

